# Voice of Burma

Published by Voice of Burma Information Group Issue No. 732 OCTOBER 18, 2009

1-507 Horifune Jutaku , Horifune 2-27-1, Kita-Ku, Tokyo 114-0004, JAPAN
Tel/Fax: 81 3-6323-5114, E-mail: sayarkway@yahoo.com , koko@gol.com

## အဲန်အဲယ်လ်ဒီ ဗဟိုကော်မတီဝင်များနဲ့ ဥရောပသံတမန်အဖွဲ့တွေဆုံဆွေးနွေး

**NEJ ၊ အောက်တိုဘာ ၁၇ ။ ။** အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် NLD ဗဟိုအလုပ်အမှုဆောင် ကော်မတီအဖွဲ့ဝင် ၆ ဦးနှင့် ဥရောပသမဂ္ဂ အီးယူမှ ကိုယ်စားလှယ် ၂၀ ခန့်ပါဝင်သည့် ဥရောပသံတမန်အဖွဲ့တို့ ယမန်နေ့နေ့လည်ပိုင်းတွင် ရန်ကုန်မြို့ NLD ရုံးချုပ်မှာတွေ့ဆုံခဲ့ကြပါတယ်။

အီးယူကိုယ်စားပြု ဥရောပသံတမန်အဖွဲ့တွင် ထိုင်းနိုင်ငံအခြေစိုက် ဆွီဒင်၊ နော်ဝေး၊ စပိန်စသည့် သံရုံးများနှင့် ပြည်တွင်းအခြေစိုက် ဂျာမဏီ၊ ဗြိတိန်၊ ပြင်သစ်၊ အီတလီ စသည့်သံရုံးများမှသံအမတ်များနှင့် သံအရာရှိတို့ပါဝင်ပြီး NLD မှ ဗဟိုအလုပ်အမှုဆောင်များဖြစ်သည့် ဦးသန်းထွန်း၊ ဦးစိုးမြင့်၊ ဦးညွန့်ဝေ၊ ဦးခင်မောင်ဆွေနှင့်ဦးဝင်းတင်တို့ပါဝင်ကာ တွေ့ဆုံဆွေးနွေးခဲ့ကြခြင်းဖြစ်ပါတယ်။

NLD ဗဟိုအလုပ်အမှုဆောင်ကော် မတီဝင်တဦးဖြစ်သည့် ဦးသန်းထွန်းက “အဓိက ကတော့ လက်ရှိဗမာပြည်ရဲ့ အခြေအနေရော၊ အထူးသဖြင့် ဒေါ်အောင်ဆန်းစုကြည်က ဆဲန်ရှင်နဲ့ပတ်သက်ပြီး သူ လေ့လာနေတာတွေနဲ့ပတ်သက်ပြီးတော့ ဘယ်လို လျှော့နိုင်မလဲ၊ ဘာလဲဆိုတာကို အဲန်ကယ်လ်တို့ ဘယ်လိုသိသလဲ လို့မေးတာပါ။” လို့ပြောပါတယ်။

ဥရောပသံတမန်အဖွဲ့အနေနဲ့ မြန်မာနိုင်ငံ ဒီမိုကရေစီရရေးအတွက် NLD နဲ့နအဖ စစ်အစိုးရ အဆင်ပြေစေရန် လိုလားတဲ့အကြောင်းပြောကြားခဲ့ပြီး NLD ဘက်မှ ဆဲန်ရှင်ကိစ္စ တွေ့ဆုံဆွေးနွေးမှုမှတဆင့် နိုင်ငံရေးတွေ့ဆုံ ဆွေးနွေးပွဲဖြစ်သွားစေရန် လိုလားကြောင်း တင်ပြခဲ့တယ်လို့ဦးသန်းထွန်းကပြောပါတယ်။

ဦးသန်းထွန်းက“ဆဲန်ရှင်နဲ့ပတ်သက်လို့က NLD က လုပ်ထားတဲ့ဆဲန်ရှင်မဟုတ်ဘူးလေ။ အခု အမေရိကန်ပေါ်လစီပြောင်းတာနဲ့ပတ်သက်လို့ အမေရိကန်ကလည်း ဆဲန်ရှင်က ဒီအတိုင်းထားမယ်၊ ဆက်ဆံရေးကိုပိုမိုတိုးချဲ့ပြီးတော့ ဆောင်ရွက်မယ် ဆိုတဲ့ အတိုင်းပေါ့လေ။ သူတို့ဆက်ဆံရေးကောင်းလို့တိုးတက်လာတာနဲ့အမျှ ဆဲန်ရှင်ကလည်း သူ့ဘာသာလျှော့သွားမယ်လို့ အဲန်ကယ်လ်တို့ အဲဒီလိုယူဆတယ်။” လို့ပြောပါတယ်။

၂၀၁၀ ရွေးကောက်ပွဲနဲ့ပတ်သက်ပြီး NLD အနေနဲ့ ရွှေဂုံတိုင်ကြေညာချက်မှာတောင်းဆိုထားတဲ့အတိုင်း ဆက်လက်ရပ်တည်သွားမယ်လို့ ပြောဆိုခဲ့ကြောင်း ဦးသန်းထွန်းကပြောပါတယ်၊ ရွှေဂုံတိုင်ကြေညာစာတမ်းတွင် နိုင်ငံရေးအကျဉ်းသားအားလုံး လွှတ်ပေးရေး၊ အခြေခံဥပဒေကိုပြန်လည်သုံးသပ်ပြင်ဆင်ရေးနဲ့နိုင်ငံတကာကွပ်ကဲမှုရှိတဲ့ လွတ်လပ်တရားမျှတတဲ့ ရွေးကောက်ပွဲကျင်းပပေးရေးတို့ကို တောင်းဆိုထားပြီး ယင်းအချက်များကိုလိုက်လျှောပါက NLD အနေနဲ့ ရွေးကောက်ပွဲဝင်ရန်စဉ်းစားမယ်လို့ တင်ပြထားပါတယ်။

ယခုကဲ့သို့ အီးယူသံတမန်များက တွေ့ဆုံမေးမြန်းလာမှုနဲ့ပတ်သက်ပြီး ဦးသန်းထွန်းက“ အီးယူအနေနဲ့ကတော့ အစိုးရကရော၊ NLD ဘက်ကရော လျှော့စေချင်တယ်ဆိုတဲ့သဘောမျိုးပါဘဲ။ နှစ်ဘက်ကြေလည်အောင်ဖြစ်စေချင်တယ်ဆိုတဲ့ သဘောမျိုးရှိပုံရတယ်။” လို့ပြောပါတယ်။ အီးယူသံတမန်များနဲ့ တွေ့ဆုံရာတွင် ပါဝင်သူ NLD ဗဟိုအလုပ်အမှုဆောင်ကော်မတီအဖွဲ့ဝင်တဦးဖြစ်တဲ့ ဦးဝင်းတင် ကလည်း ရွှေဂုံတိုင်ကြေညာချက်ပါ အချက် ၃ ချက်နဲ့ ပတ်သက်ပြီး “ကျနော် သုံးတဲ့စကားကတော့ ဒီ ၃ ချက်မရရင် ကျနော်တို့က ရွေးကောက်ပွဲမဝင်ဘူးလို့ ပြောတယ်ပေါ့ဗျာ။ ကျနော့အပြောပေါ့။” လို့ ပြန်လည်ရှင်းပြပါတယ်။

ဦးဝင်းတင် ဆက်ပြောတာက “နောက်တခုက အခုလိုတောင်းဆိုနေတဲ့ကိစ္စတွေပေါ့ဗျာ၊ အခြေခံဥပဒေပြင်ဘို့ဆိုတာဟာ power sharing လုပ်ဘို့လားဆိုတာတွေ သူတို့မေးတယ်။ ကျနော်တို့က ဘယ်လိုပြောသလဲဆိုတော့ ၁၉၉၀ ရွေးကောက်ပွဲရလဒ်ကို ထောက်ထားသောအားဖြင့်ဆိုရင် power sharing ဆိုတာ လုံးဝမရှိဘူး။

ဒါ့အပြင်အခုတောင်းဆိုနေတာက power sharing ကိစ္စမဟုတ်ဘူး။ ကျနော်တို့တောင်းဆိုနေတာ ဒီမိုကရေစီပြောင်းလဲရေးကိစ္စတွေကိုအထောက်အကူဖြစ်စေမယ့် သို့မဟုတ်လည်း ဒီမိုကရေစီနဲ့ဆန့်ကျင်နေတဲ့ အခြေခံဥပဒေအထဲမှာပါဝင် တဲ့အချက်တွေကို ပြင်ဆင်ပြောင်းလဲဘို့ကိုသာ တောင်းဆိုနေတာလို့ ကျနော်တို့ဖြေတာပေါ့ဗျာ။” လို့ ခေတ်ပြိုင်ကိုပြောပါတယ်။

ထို့အပြင် အမေရိကန်အစိုးရအနေနဲ့ မြန်မာနိုင်ငံအပေါ် ပေါ်လစီသစ်ပြောင်းလဲမှုတွင် ဆဲန်ရှင်ချမှတ်မှုနဲ့အတူ တိုက်ရိုက်စကားပြောဆိုဆွေးနွေးမှုများလုပ်သွားမည်ဆိုရာတွင် စစ်အစိုးရနှင့်ဆက်ဆံရေးလုပ်သကဲ့သို့ အတိုက်အခံအင်အားစုများနဲ့လည်း ဆက်ဆံပြောဆိုမှုများလုပ်ရန်လိုအပ်သကဲ့သို့ စစ်အစိုးရနဲ့အတိုက်အခံအင်အားစုများ အကြားဆက်ဆံမှုများလုပ်နိုင်ရန်အတွက်လည်း ဥရောပသံတမန်များအနေဖြင့် ဝိုင်းဝန်းတိုက်တွန်းဖိအားပေးကြရန် ပြောကြားခဲ့တယ်လို့လည်း ဦးဝင်းတင်ကပြောပါတယ်။ ☆☆☆☆☆


- ဒေါ်အောင်ဆန်းစုကြည်နဲ့ ရွှေ့တွေ တနာရီကျော်တွေ့ခွင့်ရ — စာမျက်နှာ ၂
- ရွေးကောက်ပွဲကိစ္စ အဖွဲ့ ချုပ် မှ ရွှေဂုံ တိုင် ကြေညာစာတမ်းအတိုင်း ဆက်ကိုင်ထား — စာမျက်နှာ ၄
- နအဖကို လက်နက်ရောင်း ချမှုများ ပိတ်ပင်ပါဟု အရှေ့တီမော သမ္မတ တောင်းဆို — စာမျက်နှာ ၇
- အဂတိ လိုက်စားမှုကြောင့် နအဖတရားသူကြီးများ အလုပ်ဖြုတ်ခံရ — စာမျက်နှာ ၁၃
- နအဖလုပ်ဆောင်သင့်တာမလုပ်ရင်ဆန့် ကျင်မှုတွေ ပေါ်လာနိုင်ဟု ဦးဝင်းတင်ပြောဆို — စာမျက်နှာ ၁၆

VOB အာဘော်

# မည်သည့်အရာသည် အရေးကြီးဆုံးဖြစ်သနည်း

မြန်မာစစ်အာဏာရှင်များနှင့် အမေရိကန်အစိုးရတို့အကြား ပြစ်ဒဏ်ခတ်မှုရုပ်သိမ်းရေးအတွက် ဆွေးနွေးမှုများကို နိုင်ငံတကာအသိုင်းအဝိုင်းက စိတ်ဝင်တစားဖြင့် စောင့်ကြည့်နေကြသလို မြန်မာပြည်သူပြည်သားများရော နိုင်ငံတကာရောက်မြန်မာ့အရေးလှုပ်ရှားသူများကပါ သတိထားစောင့်ကြည့်နေကြသည်။ တချိန်တည်းမှာပင် မတရားထိန်းသိမ်းခံနေရသောဒေါ်အောင်ဆန်းစုကြည်အား နိုင်ငံတကာပြစ်ဒဏ်ခတ်မှုရုပ်သိမ်းရေးအတွက် အထောက်အကူဖြစ်စေရန်အသုံးချနေသည်။ ထို့ကြောင့် နအဖဝန်ကြီး ဦးအောင်ကြည်၊ ပြစ်ဒဏ်ခတ်မှုလုပ်ထားသောနိုင်ငံများအဖွဲ့များ၏ရန်ကုန်ရှိ သံတမန်များနှင့်တွေ့ခွင့်ပေးသည်။ ဤသည်ကို ကြည့်ခြင်းအားဖြင့် မြန်မာ့နိုင်ငံရေးတွင်ဒေါ်စုသည် အရေးပါသောအခန်းမှပါဝင်သည်ကိုမည်သူမျှမငြင်းနိုင်ပေ၊ သို့သော်သူမအား လှုပ်ရှား၍မရစေရန်၊ သူမ၏ပါတီနှင့်လည်းကောင်း၊ ပြည်သူလူထုနှင့်လည်းကောင်း ထိတွေ့မရှိစေရန် သို့မဟုတ် နည်းနိုင်သမျှနည်းစေရန် နေအိမ်တွင်မတရားထိန်းသိမ်းထားသည်။

ထိန်းသိမ်းခံတယောက်သည် မည်မျှအတိုင်းအတာအထိ လွတ်လပ်စွာလှုပ်ရှားနိုင်ပါမည်နည်း။ ထိုအခြေအနေမျိုးကို စစ်အာဏာရှင်များက လက်ဦးမှုရယူကာ ၎င်းတို့လိုချင်သည်များကို ရယူနိုင်ရေးအတွက် အမိအရကြိုးပမ်းသွားမည်ဆိုသည်မှာမလွဲပေ။

ထိုအတောအတွင်း နအဖအကြီးအကဲက ၂၀၁၀ တွင်ရွေးကောက်ပွဲကျင်းပမည်ဟု အတိအလင်းထုတ်ဖော်ပြောဆိုခဲ့သည်။ ၂၀၁၀ ရွေးကောက်ပွဲအား မည်သို့မျှ အပျက်မခံနိုင်၊ ကျင်းပနိုင်ရေးကိုကြိုးပမ်းမည်ဟု ဆုံးဖြတ်ထားသည်မှာရှင်းနေပေသည်။ ထို့ကြောင့် ပြည်တွင်းပြည်ပရှိ ဒီမိုကရေစီအင်အားစုများအကြား ရွေးကောက်ပွဲကို ထိခိုက်စေမည့်လှုပ်ရှားမှုဟု ယူဆသည့်ကိစ္စမှန်သမျှကို နှိပ်ကွပ်သွားမည်မှာသေချာသည်။ လူထုအတွင်းလှုပ်လှုပ်ရှားရှားမဖြစ်စေရေးကို အလေးထားစောင့်ကြည့်သွားပြီးလက်ဦးမှုရယူကာနှိပ်ကွပ်မည်ဆိုသည်ကို မကြာသေးသည့်ရက်များအတွင်းက သံဃာများကို ဖမ်းဆီးမှုများက လှစ်ပြနေသည်။

ထိုကဲ့သို့သောရွေးကောက်ပွဲနှင့် ပြစ်ဒဏ်ခတ်အရေးယူမှုရုပ်သိမ်းရေးလုပ်ဆောင်ကြိုးပမ်းနေချိန်တွင် ဘင်္ဂလားဒေ့ရှ်နှင့် နယ်မြေပိုင်ဆိုင်မှုအငြင်းပွားသည့်ကိစ္စကို တဖန်ပြန်လည်ဖော်ထုတ်လာသည်။ အိမ်နီးချင်းနှစ်နိုင်ငံအကြား နယ်မြေပိုင်ဆိုင်မှုအငြင်းပွားကြပြီဆို နိုင်ငံသားအများစုသည် မိမိတို့သာမှန်သည်ဟူသော ရပ်တည်ချက်ရှိကြသည်။ ဤအချက်ကို နအဖစစ်အာဏာရှင်များက မြန်မာပြည်သူများအား ရွေးကောက်ပွဲနှင့် ပြစ်ဒဏ်ခတ်အရေးယူမှုရုပ်သိမ်းရေးကိစ္စအပေါ် အာရုံထားခြင်းထက် နယ်မြေပိုင်ဆိုင်မှုအငြင်းပွားခြင်းကိစ္စအပေါ် အာရုံထားစေလိုသည်။ ဤနေရာတွင် စစ်အာဏာရှင်စနစ်ကိုဆန့်ကျင်သော မြန်မာလူထုသည် မိမိတို့နှင့် တဘက်တည်းရပ်တည်လိမ့်မည်ဟု နအဖစစ်အာဏာရှင်များက တွက်ဆထားပုံရသည်။

ထို့ကြောင့် မြန်မာပြည်သူပြည်သားများနှင့်တကွ မြန်မာ့အရေးလှုပ်ရှားနေသူမှန်သမျှ ယခုလောလောဆယ်တွင် အဓိကနှင့်သာမညကို ခွဲခြားတတ်ရန်အထူးလိုအပ်နေသောအချိန်ဖြစ်သည်ကို မမေ့လျော့သင့်ပေ။ နယ်မြေပိုင်ဆိုင်မှုအငြင်းပွားသည့်ကိစ္စသည်အရေးကြီးသလော၊ ရွေးကောက်ပွဲသည်အရေးကြီးသလော၊ ပြစ်ဒဏ်ခတ်အရေးယူမှုရုပ်သိမ်းရေးသည်အရေးကြီးသလော၊ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေသည် အရေးကြီးသလောဆိုသည့်အကြောင်းအချက်များကို ပြတ်ပြတ်သားသားနားလည်သဘောပေါက်ရန်လိုအပ်လှပေသည်။ အထူးသဖြင့် ဒီမိုကရေစီနှင့် နိုင်ငံရေးလှုပ်ရှားနေသော၊ ဦးဆောင်နေသောပုဂ္ဂိုလ်များ အဖွဲ့အစည်းများသည် ပြည်သူအများအား အဓိကအရေးကြီးသောအကြောင်းကိစ္စများကို နားလည်သဘောပေါက်စေရန် ရှင်းပြနိုင်ရန် လိုအပ်နေပြီဖြစ်ကြောင်း ရေးသားလိုက်ရပေသည်။

---

# ဒေါ်အောင်ဆန်းစုကြည်နဲ့ ရှေ့နေများအဖွဲ့ တနာရီကျော် တွေ့ခွင့်ရ

**RFA | အောက်တိုဘာ ၁၆ ။ ။** မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်နဲ့ အကျိုးဆောင်ရှေ့နေတွေ တက္ကသိုလ်ရိပ်သာလမ်းကနေအိမ်မှာ ဒီကနေ့ ၁ နာရီကျော်ကြာတွေ့ဆုံခွင့်ရခဲ့ပါတယ်။

ဒေါ်အောင်ဆန်းစုကြည်ရဲ့အယူခံကိစ္စနဲ့ပတ်သက်ပြီး အဓိကဆွေးနွေးခဲ့ကြတယ်လို့ အကျိုးဆောင်ရှေ့နေဦးဉာဏ်ဝင်းက RFA ကိုပြောပါတယ်။ ရန်ကုန်တိုင်းတရားရုံးက ဒေါ်အောင်ဆန်းစုကြည်ရဲ့အယူခံကို ပယ်ချခဲ့တဲ့အကြောင်းပြအချက်အလက်တွေဟာ ရှင်းလင်းမှုမရှိပေမယ့် ၁၉၇၄ ဖွဲ့စည်းပုံအခြေခံဥပဒေက အတည်မဖြစ်တော့ဘူးဆိုတာကို ဆုံးဖြတ်ခဲ့တဲ့အတွက် ဥပဒေကြောင်းအရအလားအလာ တွေ့ပိုကောင်းလာတယ်လို့ ဦးဉာဏ်ဝင်းကဆိုပါတယ်။

"ဥပဒေအရ ကျနော်တို့နဂို ရှိတဲ့အခြေအနေကနေ ပိုတောင်ကောင်းလာသေးတယ်။ တိုင်းတရားရုံးက ၇၄ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေဟာ အတည်မဖြစ်တော့ဘူး။ သုံးလို့မရဘူး၊ သုံးခွင့်မရှိတော့ဘူးလို့ ဆုံးဖြတ်တာဟာ ပိုပြီးတော့ ဥပဒေကြောင်းအရ ဒေါ်အောင်ဆန်းစုကြည်တို့ဟာ အပြစ်မရှိကြောင်း ပိုမိုထင်ရှားစေတဲ့ ဥပဒေအချက်အလက်လို့ ကျနော်တို့မြင်ပါတယ်။ ဒါကိုလည်း ကျနော်တို့ ပြင်ဆင်မှုမှာ ဒီအချက်ကိုထည့်သွင်းထားပါတယ်။"

ဒီကနေ့တွေ့ဆုံရာမှာ အရေးယူပိတ်ဆို့တဲ့ကိစ္စနဲ့ပတ်သက်ပြီး ဆက်ဆံရေးဝန်ကြီး ဦးအောင်ကြည်အပါအဝင် ဥရောပသံတမန်တွေနဲ့တွေ့ဆုံဆွေးနွေးခဲ့တာကို ဒေါ်အောင်ဆန်းစုကြည်ကပြောပြခဲ့တယ်လို့ သိရပါတယ်။ ဒီတွေ့ဆုံမှုနဲ့ပတ်သက်ပြီး ဒေါ်အောင်ဆန်းစုကြည်က တိုးတက်မှုလက္ခဏာတရပ်လို့သုံးသပ်ပေမယ့် အသေးစိတ်သဘောထားကိုတော့ အခုအချိန်မှာ ပြောလို့မရသေးဘူးလို့ဦးဉာဏ်ဝင်းက ဆိုပါတယ်။

စစ်အစိုးရက ဒေါ်အောင်ဆန်းစုကြည်ကို စွဲချက်တင်ခဲ့တဲ့ ဥပဒေပုဒ်မဟာ တရားမဝင်တဲ့ ၁၉၇၄ ဖွဲ့စည်းပုံအရ ဖြစ်နေတာကြောင့် အမှုကနေ ကွင်းလုံးကျွတ်လွတ်ရမှာဖြစ်တယ်လို့ အကျိုးဆောင်ရှေ့နေတွေက အဓိကတင်ပြနေတာဖြစ်ပါတယ်။

အင်းစိန်ထောင်တွင်းတရားရုံးက ဆိုင်းငံ့ပြစ်ဒဏ် ၁ နှစ်ခွဲချမှတ်ထားတဲ့ စီရင်ချက်ကို ဒေါ်အောင်ဆန်းစုကြည်က အယူခံတင်ရာမှာ ရန်ကုန်တိုင်းတရားရုံးက ပြီးခဲ့တဲ့လက ပယ်ချခဲ့တဲ့အတွက် ဗဟိုတရားရုံးအထိဆက်လက်တင်သွင်းတာဖြစ်တယ်လို့ ဦးဉာဏ်ဝင်းကပြောပါတယ်။

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်ဟာ လက်ရှိနေအိမ်မှာ အကန့်အသတ်နဲ့နေရပြီး အာဏာပိုင်တွေက အကျိုးဆောင်ရှေ့နေတွေနဲ့ဘဲ တွေ့ဆုံခွင့်ပြုထားပါတယ်။ ဒါပေမယ့် ဒေါ်အောင်ဆန်းစုကြည်ဟာ ပါတီခေါင်းဆောင်ဖြစ်တဲ့အတွက် အဖွဲ့ဝင်တွေနဲ့တွေ့ဆုံညှိနှိုင်းမှုတွေလုပ်ဖို့လိုအပ်နေတယ်လို့ အကျိုးဆောင်ရှေ့နေဦးဉာဏ်ဝင်းကပြောပါတယ်။

# ၆ နှစ်ခွဲအတွင်း ၇ နာရီဝန်းကျင်သာ တွေ့ဆုံခွင့်ရဟု ဦးဝင်းတင်က ပြော

**DVB ၊ အောက်တိုဘာ ၁၂ ။** ။ အထိမ်းအသိမ်းခံ အတိုက်ခံခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်ကို စစ်အစိုးရ ဆက်ဆံရေးဝန်ကြီးနဲ့ သံတမန်တွေကို တွေ့ခွင့်ပေးပြီးနောက် သူရဲ့ပါတီထိပ်တန်းခေါင်းဆောင်တွေနဲ့ တွေ့ခွင့်ပေးတော့မယ်ဆိုပြီး ရန်ကုန်မှာ ထင်ကြေးပေး ပြောဆိုမှုတွေ တိုးပွားနေပါတယ်။

ပြီးခဲ့တဲ့ သတင်းတပတ် အတွင်း ဒီလိုမျိုး ထူးခြားတဲ့တွေ့ဆုံမှုတွေ ဆက်တိုက် ဖြစ်ပေါ်ခဲ့တာကြောင့် ဒေါ်အောင်ဆန်းစုကြည်ရဲ့ စာပါ အချက်တွေထဲက နောက်ဆုံးအချက်ဖြစ်တဲ့ အန်အယ်လ်ဒီ ခေါင်းဆောင်ပိုင်းနဲ့ တွေ့ခွင့်ပေးဖို့အရေး စစ်အစိုးရဘက်က လိုက်လျောဖွယ်ရှိတယ်လို့ အကောင်းမြင်သူတွေက မျှော်လင့်နေတာပါ။ ဒီဗွီဘီက ရထားတဲ့ မှတ်တမ်းတွေအရ ၂၀၀၃ ဒီပဲယင်း အရေးခင်းအပြီး ဒေါ်အောင်ဆန်းစုကြည်နဲ့ဦးတင်ဦးတို့ အကျယ်ချုပ် ဖမ်းခံရပြီးကတည်းက ဗဟို အလုပ်အမှုဆောင်အားလုံး တွေ့ခွင့်ရတာ ၂ ကြိမ်၊ အီးစီ ၃ ဦးနဲ့ တွေ့ခွင့်ရတာ ၂ ကြိမ် စုစုပေါင်း ၄ ကြိမ်ပဲရှိပါသေးတယ်။ ၆ နှစ်ခွဲ အကျယ်ချုပ်ကာလမှာ အီးစီနဲ့တွေ့ဆုံချိန် ၄ ကြိမ်ပေါင်းမှ ၇ နာရီဝန်းကျင်ပဲ ရှိတဲ့အတွက် ဒါဟာ ဘယ်လိုမှ လက်ခံနိုင်ဖွယ်မရှိတဲ့ နိုင်ငံရေး အခြေအနေဖြစ်တယ်။ အီးစီအားလုံးနဲ့ အမြန်ဆုံး တွေ့ခွင့်ပေးဖို့ အရေးတကြီးလိုအပ်နေတယ်ဆိုပြီး ၁၉၈၉ မှာကတည်းက ဖမ်းဆီးခံရပြီး ဒေါ်အောင်ဆန်းစုကြည်နဲ့ တွေ့ခွင့်မရတာ နှစ် ၂၀ နီးပါးကြာနေပြီဖြစ်တဲ့ အန်အယ်လ်ဒီပါတီ တည်ထောင်ရာမှာ ပါဝင်ခဲ့သူ သတင်းစာဆရာကြီး ဦးဝင်းတင်က ပြောပါတယ်။

“၁။ အချက်က ကျနော်တို့ရဲ့ခေါင်းဆောင် ပါတီစတင်ထူထောင်ကတည်းက ဦးဆောင်မှုပေးခဲ့သူဖြစ်တယ်။ ၂။ အချက်က ၂၀၀၃ ခုနှစ်က စပြီး ဒီနေ့အထိ ကျနော်တို့ အကြား ၇ နာရီလောက်ပဲ တွေ့ရသေးတယ်။ ဦးတင်ဦး ပါတာက တခါ၊ အမျိုးသားညီလာခံ သွားမလားဆိုတာတခါ၊ ဂန်ဘာရီနဲ့တွေ့တာ၊ နောက်ပိုင်း ဦးတင်ဦးမပါဘဲ စီအီးစီနဲ့ တွေ့တာ။ မတွေ့ရသလောက်ဖြစ်နေတဲ့အတွက် တွေ့ခွင့်ကောင်းပါတယ်။ နောက်တချက်က ဒီအချိန်အခါက နိုင်ငံရေး အလှည့်အပြောင်းတွေ အများကြီးပေါ်နေပြီ။ ဒေါ်စုကိုယ်တိုင်ကလည်း ဆန်ရှင်နဲ့ ပတ်သက်ပြီး စင်ပေါ်ဝင်တက်ပြီ။ အဲဒီအတွက် ကျနော်တို့က ဒေါ်အောင်ဆန်းစုကြည်နဲ့ တသားတည်း စည်းကိုက် ဝါးကိုက်လုပ်ချင်တယ်။ ဘယ်လို လုပ်သင့်လဲဆိုတာ ဒေါ်အောင်ဆန်းစုကြည်နဲ့တွေ့ခွင့်ရမှ ပြောနိုင်မှာပေါ့။ အိုင်ဒီယာတွေ၊ လမ်းညွှန်ချက်တွေ၊ ညှိနှိုင်းချက်တွေ ရမယ်လို့သဘောထားတယ်။ အဲဒီအတွက် အရေးကြီးတယ်လို့ပြောချင်ပါတယ်။”

ဦးဝင်းတင်ဟာ ပြီးခဲ့တဲ့နှစ် ဒီလိုအချိန်မျိုးမှာ အင်းစိန်ထောင်ကနေ ပြန်လွတ်လာသူဖြစ်ပြီး သူလိုဘဲ ဒေါ်အောင်ဆန်းစုကြည်နဲ့ တွေ့ခွင့်မရသေးတဲ့ ပါတီခေါင်းဆောင်တွေ၊ ပါတီဝင်တွေအများအပြား ရှိနေဆဲလို့ ပြောပါတယ်။ ဒေါ်အောင်ဆန်းစုကြည်နဲ့တွေ့ခွင့်ပေးတဲ့အခါမှာ ချွင်းချက်မထားဘဲ အီးစီအားလုံးနဲ့ပေးတွေ့ဖို့လိုကြောင်း၊ ကုလအတွင်းရေးမှူးချုပ်နဲ့ အမေရိကန်အမတ် လာတုန်းကလိုမျိုး အီးစီ ၃ ဦးကို အမည်နဲ့ရွေးဖိတ်တာမျိုး စစ်အစိုးရဘက်က ဆက်မလုပ်မိစေဖို့ အရေးကြီးတယ်လို့ ဦးဝင်းတင်ကပြောပါတယ်။

“ကျနော်တို့ ပုံမှန် နည်းမှန် တွေ့အောင် တော်တော်လုပ်ရလိမ့်မယ်။ စီအီးစီနဲ့ တွေ့ဖို့ဆိုတာ အပြည့်အဝ စီအီးစီ ပါရမယ်။ ကျနော်တို့ခေါင်းဆောင် ဒုဥက္ကဋ္ဌ ဦးတင်ဦးလည်းပါရမယ်၊ အနားကျမှ လိုက်ခဲ့ပါဆိုပြီး ခေါ်လို့တော့ မရဘူး။ ကြိုတင်ပြီး အသိပေးတာ ဖြစ်ဖို့ကောင်းတယ်။ ဒါမှ ဦးအောင်ရွှေကိုယ်တိုင် ပါဝင်ပြီး ဆွေးနွေးနိုင်မယ်။ ဦးအောင်ရွှေ ထဆိုပြီး လုပ်ရင်တော့ လွယ်မှာမဟုတ်ဘူး။ လူကြီးတွေကို လေးလေးစားစားနဲ့ စီစဉ်ပြီး အချိန်ပေးပြီးလုပ်ပါ။“

မစ္စတာ ဘန်ကီမွန်းနဲ့တွေ့တယ်။ မစ္စတာ ဂမ်ဘာရီနဲ့တွေ့တယ်။ မစ္စတာ ဂျမ်ဝက်ဘ်နဲ့တွေ့တယ်။ အဲဒီကိစ္စတွေမှာ ကျနော်၊ ဦးခင်မောင်ရွှေ မပါဘူး။ မပါတာ အရေးမကြီးပါဘူး။ သို့သော် စီအီးစီချင်းအတူတူ ကျနော်တို့ကို မထည့်ဘူးဆိုတာဘာဖြစ်လို့လဲ။ ဒါမှမဟုတ် သူတို့က ဒါ ကော်မရှင်မှာ မှတ်ပုံတင်ထားတာမဟုတ်ဘူး။ စီအီးစီ အချင်းချင်း ခန့်ထားတာဆိုရင်လည်း ကျနော်တို့ပါတီကိစ္စ ကျနော်တို့ဘာသာ ဆုံးဖြတ်ရမယ့် ကိစ္စလေ။ သူတို့နဲ့ ဘာမှမဆိုင်ဘူး။ ရဲသတင်းဌာနက ကျနော့်ကို ခေါ်စစ်တုန်းက ခင်ဗျားတို့ စီအီးစီကို လက်ဖြောက်တီးခေါ်တယ်လို့ ပြောလိုက်တယ်။ ကျနော့်စကားက နည်းနည်းတောင်မှ ကြမ်းသွားတယ်။ လူကြီးတွေ ခံရခက်သွားတာပေ့ါ။ တကယ်ကတော့ လက်ဖြောက်တီး ခေါ်တာပါပဲ။”

၆ နှစ်ခွဲ အကျယ်ချုပ်ကာလအတွင်း အန်အယ်လ်ဒီ ခေါင်းဆောင်တွေကြား ၄ နာရီခွဲကြာ အချင်းချင်းအစုံအညီတွေ့ခွင့်ရတဲ့ တခုတည်းသော အချိန်က ၂၀၀၄ ခုနှစ် အမျိုးသားညီလာခံပြန်မစခင် ဧပြီလမှာ ဖြစ်ပါတယ်။ အဲဒီတွေ့ဆုံမှုကနေ အမျိုးသားညီလာခံကို တက်ဖို့ အန်အယ်လ်ဒီဘက်က မူအားဖြင့်သဘောတူခဲ့ပေမယ့် နအဖဘက်က ဒေါ်အောင်ဆန်းစုကြည် လွှတ်ပေးရေး အပါအဝင်တောင်းဆိုမှုအချို့ကို ကတိပျက်ခဲ့တာကြောင့် နောက်ပိုင်း အဆင်မပြေတော့ဘူးလို့ မှတ်တမ်းတွေက ဖော်ပြပါတယ်။ နောက်ထပ် ဒုတိယအကြိမ်တွေ့ခွင့်ရတာက ၂၀၀၇ မှာ သံဃာတော်တွေရဲ့ ရွှေဝါရောင်တော်လှန်ရေးအပြီး မစ္စတာဂမ်ဘာရီရောက်လာချိန် နိုဝင်ဘာလမှာ ၂ နာရီခွဲကြာ တွေ့ဆုံမှုဖြစ်ပါတယ်။ ဒီတကြိမ်မှာ အီးစီအားလုံးနဲ့တွေ့ခွင့်ပေးတာမဟုတ်ဘဲ ဥက္ကဋ္ဌ၊ အတွင်းရေးမှူး၊ အဖွဲ့ဝင်တဦးနဲ့ ပြောခွင့်ရပုဂ္ဂိုလ် ၄ ဦးကိုသာ ခွင့်ပြုခဲ့တာဖြစ်ပါတယ်။ နောက်ဆုံးအကြိမ်က အခုနှစ် ဖေဖော်ဝါရီလမှာ အီးစီ ၃ ဦးနဲ့ ဒေါ်အောင်ဆန်းစုကြည်ကို မိနစ် ၂၀ ခန့် တွေ့ခွင့်ပေးခဲ့ခြင်းဖြစ်တယ်လို့ မှတ်တမ်းတွေမှာ ဖော်ပြထားပါတယ်။

---

# ဒေါ်အမာကျောက်စာတိုင် ပြင်ဦးလွင်မှာစိုက်ထူ

**NEJ ၊ အောက်တိုဘာ ၁၄ ။** ။ မန္တလေးမြို့မှထင်ရှားသောစာရေးဆရာမကြီး လူထုဒေါ်အမာအထိမ်းအမှတ် ပန်းပုကျောက်စာတိုင်ကို ပြင်ဦးလွင်မြို့ရှိ စိမ်းလန်းအေးခြံအတွင်း ယခုလ ၄ ရက်နေ့တွင် စိုက်ထူပြီးစီးသွားပြီဖြစ်ပါတယ်။

လူထုဒေါ်အမာရဲ့သား စာရေးဆရာညီပုလေးက “အမေ့ရဲ့မိတ်ဆွေတွေ ဦးစီးပြီးပြုလုပ်ပေးလိုက်ကြတာပါ။ စိမ်းလန်းအေးဆိုတာ အမေအနားယူလေ့ရှိတဲ့ မေမြို့ကခြံလေးပါ။ အမေနောက်ပိုင်းမှာအနေများခဲ့တဲ့ဒီခြံလေးထဲမှာ အထိမ်းအမှတ်လေးတခုရှိစေချင်တယ်ဆိုပြီး ဒေါက်တာကျော်ကျော်မင်းနဲ့ ကိုမင်းရာတို့က အဓိကဦးဆောင်လုပ်ခဲ့ကြတာပါ။” လို့ပြောပါတယ်။

လူထုဒေါ်အမာအထိမ်းအမှတ် တာရာဇိုပန်းပုကျောက်စာတိုင်သည် အမြင့် ၁၁ ပေ ၁ လက်မရှိကာ ဆရာမကြီးရေးသားထုတ်ဝေခဲ့ဘူးသော သတင်းစာ၊ ဂျာနယ်၊ စာအုပ်တို့ကို ကျောက်တိုင်အောက်ခြေပိုင်းမှအပေါ်သို့ ထပ်ဆင့်စီထားပြီး အပေါ်ပိုင်းတွင် အထက်သို့တိုးဝှေ့ပျံနေသည့် ဒေါင်းအမှတ်အသားများပါရှိသည်။

နေမင်းကိုကိုယ်စားပြုသည့် ဒိုးယိုပေါက်အစိုင်းတခုပါရှိပြီး ထိုအစိုင်းပေါက်အောက်ဘက်တွင် ဟံသာဝတီဦးဝင်းတင်က လူထုဒေါ်အမာအတွက် ရည်စူးရေးသားထားသည့် “ခြေတလှမ်း ကျမ်းတစောင် နှစ်တစ်ထောင်ခရီးပြင်း၊ ရွှေဒေါင်းတောင် စိန်ကလောင်နဲ့ တောင်ကိုဖြိုမည့် မြစ်တစ်စင်း” ကဗျာကို ဦးဝင်းတင်၏ လက်ရေးမူအတိုင်းဖော်ပြထားပြီး အခြားတဘက်တွင် အဆိုပါကဗျာစာသားကို ဆရာလူထုစိန်ဝင်းက ဘာသာပြန်ပေးထားသည့် အင်္ဂလိပ်ဘာသာပြန်ဆိုချက်ပါရှိသည်။

ထိုအထိမ်းအမှတ်ပန်းပုကျောက်တိုင်ကို ဦးအေးမြင့်–အမရပူရက ဒီဇိုင်းထုတ်ပေးခဲ့ပြီး ပန်းပုဆရာစူးမြင့်သိန်း–အလင်းတံခါး က မော်ဒန်အမြင်ဖြင့်ထုလုပ်ခဲ့ခြင်းဖြစ်ကြောင်း သိရပါတယ်။ ၂၉–၁၁–၁၉၁၅ ခုနှစ်တွင်မွေးဖွားခဲ့ပြီး ၇–၄–၂၀၀၈ ခုနှစ်တွင်ကွယ်လွန်ခဲ့သည့် စာရေးဆရာမကြီးလူထုဒေါ်အမာသည် လွတ်လပ်ရေး၊ ဒီမိုကရေစီရေး၊ ငြိမ်းချမ်းရေးနှင့် ရိုးရာဓလေ့ထိန်းသိမ်းရေးတို့အတွက် အစဉ်တစိုက်ဆော်ဩလှုပ်ရှား၍ စာပေရေးသားခဲ့သူဖြစ်သည်။

# ရွေးကောက်ပွဲကိစ္စ အဖွဲ့ချုပ်မှ ရွှေဂုံတိုင်ကြေညာစာတမ်းအတိုင်း ဆက်ကိုင်ထား

**DVB | အောက်တိုဘာ ၁၄ ။ ။** အီးယူ ဥရောပသမဂ္ဂမှ သံတမန် ၂၀ ခန့်ဒီနေ့မှာ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ရုံးကို သွားရောက်လည်ပတ်ပါတယ်။ အဲဒီလို အီးယူသမဂ္ဂ သံတမန်တွေ အဖွဲ့ချုပ်ကို သွားရောက်လည်ပတ်တာနဲ့ပတ်သက်ပြီး ပါတီ ပြန်ကြားရေးအဖွဲ့ ခေါင်းဆောင် ဦးခင်မောင်ဆွေနဲ့ ဆက်သွယ်မေးမြန်းချက်ကို တင်ပြလိုက်ပါတယ်။

"ဘန်ကောက်က ဆွီဒင်သံအမတ်ကြီးက ဒီမစ်ရှင်ကို ဦးဆောင်ပြီး လာပါတယ်။ စပိန် နယ်သာလန်၊ ဖင်လန် အစရှိတဲ့နိုင်ငံတွေပါ ပါတယ်။ မြန်မာနိုင်ငံက ဂျာမန်၊ ပြင်သစ်၊ အင်္ဂလိပ်နဲ့ အီတာလျံ သံအမတ်တွေပါတယ်။ ကျနော်ထင်တာ သံအမတ်ကြီး ၈ ယောက်၊ ၉ ယောက်လောက် ပါလိမ့်မယ်။ ကျန်တဲ့ သံတမန်တွေလည်းပါတယ်။ အားလုံး လူ ၂၀ ရှိပါတယ်။ အဓိက က မြန်မာနိုင်ငံရဲ့ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးကို သူတို့တွေအနေနဲ့ ဘယ်လိုကူညီနိုင်မလဲဆိုတဲ့ အခြေအနေနဲ့ ကျနော်တို့ရဲ့ရပ်တည်ချက်ကို လာပြီး လေ့လာတာပါ။"

စောစောပိုင်းက သံအမတ် ၃ ယောက်နဲ့ ဒေါ်အောင်ဆန်းစုကြည် တွေ့တဲ့ကိစ္စတွေနဲ့ ဆက်စပ်လား။ အဲဒီ နောက်ဆက်တွဲလို့ ပြောလို့ရလား...

"တိုက်ရိုက်တော့ မဆက်စပ်ပါဘူး။ သူတို့က ဆန်ရှင်နဲ့ပတ်သက်တဲ့ အချက်အလက်တွေ တောင်းလို့ သွားတွေ့လို့ ပေးရတဲ့ကိစ္စပါ။ အခုကိစ္စက တိုက်ရိုက်မဆက်စပ်ပါဘူး။ ညှိနှိုင်းမှုတော့ ရှိတာပေါ့။"

သူတို့ အဓိက ဘာတွေပြောသွားပါသလဲ...

"အဓိက က ၃ ချက်ပါပဲ။ ၂၀၁၀ ရွေးကောက်ပွဲကို အဖွဲ့ချုပ်က ဘယ်လိုဖြတ်သန်းဖို့ရည်ရွယ်သလဲ။ ဒုတိယမေးခွန်းက ဒေါ်အောင်ဆန်းစုကြည် အခုလုပ်နေတဲ့ စီးပွားရေးပိတ်ဆို့မှုကို ပြန်ဖွင့်လှစ်ဖို့ အချက်အလက်တွေ ရှာဖွေနေတဲ့ အဆင့်အပေါ်မှာ ဘယ်လိုသဘောထားသလဲ။ တတိယအချက်က အခြေခံဥပဒေကို ပြင်ဆင်ဖို့တောင်းနေတာဟာ အာဏာခွဲဝေရရှိရေးအတွက် ဟုတ်သလား၊ အဲဒါ မေးပါတယ်။"

အဲဒီအပေါ်မှာ အဖွဲ့ချုပ်ဘက်က ဘယ်လို တုံ့ပြန်ပါသလဲ...

"တစ် အချက်က ရွှေဂုံတိုင်ကြေညာစာတမ်းမှာ ပါတဲ့အတိုင်းပဲ။ ဝင်ရေး မဝင်ရေးကို ကျနော်တို့ဆုံးဖြတ်ထားခြင်း မရှိသေးပါဘူး။ တောင်းထားတဲ့အချက် ၃ ချက်သာရမယ်ဆိုရင် ရွေးကောက်ပွဲဝင်နိုင်ပါလိမ့်မယ်လို့ ပြောထားတဲ့အတိုင်း ရပ်တည်နေပါတယ်လို့ဖြေပါတယ်။ သို့သော် အချိန်တန်လို့ ဥပဒေတွေ ထွက်လာတဲ့အခါမှာ ရွေးကောက်ပွဲကိစ္စ စဉ်းစားမယ်ဆိုရင် ညီလာခံတရပ် ခေါ်ပြီး မြို့နယ်၊ တိုင်း အစရှိသဖြင့် ခေါင်းဆောင်တွေနဲ့ ဆွေးနွေးပြီးမှ၊ သဘောထားရယူပြီးမှ ဆုံးဖြတ်ပါမယ်လို့ အကြမ်းဖျဉ်းပြောလိုက်ပါတယ်။"

"စီးပွားရေးပိတ်ဆို့မှုနဲ့ပတ်သက်ပြီး ဒေါ်အောင်ဆန်းစုကြည် အခုဆောင်ရွက်နေတာကို အဖွဲ့ချုပ်က အပြည့်အဝထောက်ခံပါတယ်လို့ ပြောလိုက်တယ်။ တတိယအချက်က အခြေခံဥပဒေကို ပြင်ဆင်ဖို့ တောင်းဆိုနေတာဟာ နိုင်ငံရေးအာဏာကို ခွဲဝေပေးဖို့ဆိုတဲ့ ရည်ရွယ်ချက်နဲ့ တောင်းဆိုနေတာ မဟုတ်ဘူး၊ ရွေးကောက်ပွဲကတိအတိုင်း ပြည်သူတွေကို ဒီမိုကရေစီလူ့ဘောင်ကို ရောက်အောင် ခေါ်သွားနိုင်ဖို့အတွက် ဒီမိုကရေစီကျင့်စဉ်တွေပါတဲ့ အခြေခံဥပဒေတရပ် ဖြစ်အောင် တောင်းဆိုနေတာပါလို့ ပြောကြားလိုက်ပါတယ်။"

ရွေးကောက်ပွဲနဲ့ ပတ်သက်ပြီး အဖွဲ့ချုပ်က ရွှေဂုံတိုင်ကြေညာစာတမ်းအတိုင်း ဆက်ကိုင်ထားတယ်ပေါ့။ ဒီကြားထဲမှာ ဒေါ်အောင်ဆန်းစုကြည်နဲ့ တွေ့ခွင့်လည်း တောင်းထားတော့ ဒေါ်အောင်ဆန်းစုကြည်နဲ့ တွေ့ပြီးရင် တစုံတရာ သိရနိုင်ပါသလား...

"ကျနော်တို့က တချို့အချက်အလက်တွေကို မှန်းချက်နဲ့ပြောတာပါ။ ဒေါ်စုနဲ့ စီအီးစီအဖွဲ့စုံစုံညီညီ မတွေ့ရတဲ့အခါမှာ လမ်းကြောင်းတခု မချနိုင်သေးပါဘူး။ ဒေါ်အောင်ဆန်းစုကြည်နဲ့မကြာခင်မှာ တွေ့ပြီး ဒီကိစ္စအားလုံးကို ဆွေးနွေးပြီးတဲ့အခါ ရှင်းရှင်းလင်းလင်းပဲ ဖြေကြားနိုင်မှာပါလို့ ကျနော်တို့ပြန်ကြားလိုက်ပါတယ်။"

အန်အယ်လ် အခု အီးယူက သံအရာရှိ ၂၀ တောင် လာတယ်ဆိုတော့ အရင်က အဲလို လာဖူးတာမရှိဘူး၊ တော်တော်ထူးတယ်လို့ ပြောလို့ရပါသလား...

"ကျနော် ထောင်က လွတ်လာပြီးချိန်မှာ ဒီလောက် များများစားစား လာတာ မရှိသေးပါဘူး။ ဒါက အီးယူအနေနဲ့ မြန်မာနိုင်ငံရဲ့ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးအပေါ်မှာ စိတ်ဝင်စားမှုရှိတယ်ဆိုတာကို လာပြသတာဖြစ်ပါတယ်။ တကယ်လည်းပဲ နိုင်ငံရေးပြဿနာတွေကို ဖြေရှင်းတဲ့နေရာမှာ သူတို့ ဘယ်လိုကူညီနိုင်မလဲဆိုတာကိုလည်း သူတို့ ရှင်းပြသွားပါတယ်။"

ခုနက အန်ကယ်လ်ပြောတဲ့အထဲမှာ ဒေါ်အောင်ဆန်းစုကြည်နဲ့ တွေ့ခွင့်ရဖို့တချက်ပါတယ်။ နောက်တချက်က ပါတီညီလာခံခေါ်ပြီးမှ ဆုံးဖြတ်မယ်ဆိုတော့ အဲ့ဒီပါတီညီလာခံဆိုတဲ့ဟာကို မေးချင်လို့ပါ။ အခုတလော အောက်ခြေကနေ စုံညီအစည်းအဝေး၊ ညီလာခံသဘောတောင်းဆိုတဲ့ သတင်းတွေလည်း ကြားနေရတော့ ဘယ်လိုအခြေအနေရှိပါသလဲ...

"အနေအထားတွေက ပိတ်လှောင်မိသလို ဖြစ်နေတော့ အဖွဲ့ဝင်တွေထဲမှာလည်း နိုင်ငံရေးမွန်းကျပ်မှုတွေ ဖြစ်တာပေါ့။ ဒီလိုလုပ်ရင် သင့်တော်မလား၊ ဟိုလိုလုပ်ရင် သင့်တော်မလားဆိုတဲ့ နိုင်ငံရေးအတွေးတွေ ပေါ်လာတာပေါ့။ သို့သော် ဒီမိုကရေစီ စံနှုန်း၊ ဒီမိုကရေစီကျင့်စဉ်နဲ့ ချိန်ထိုးကြည့်မယ်ဆိုရင် ကြီးမားတဲ့ နိုင်ငံရေးအလှည့်အပြောင်းတွေကို ရင်ဆိုင်တွေ့ကြုံရတော့မယ်ဆိုတဲ့ အခါမျိုးမှာသာ ညီလာခံကြီးတခု ခေါ်ဆိုရတာဖြစ်ပါတယ်။ ဟောတခါ၊ ဟောတခါနဲ့ ခေါ်လို့မရပါဘူး။ ကျနော်တို့ ခေါ်ချင်ရင် တိုင်းအလိုက် ဗဟိုကိုတင်ပြပြီး လိုအပ်သလား၊ မလိုအပ်ဘူးလားဆိုတာ ဆွေးနွေးညှိနှိုင်းပြီး အများစုက ဒီသဘောထားကို ထင်ဟပ်တယ်ဆိုရင် ဗဟိုအနေနဲ့ ခေါ်ပေးရမှာ ဖြစ်ပါတယ်။ မြို့နယ်ပေါင်း ၄၀၀ ရှိတဲ့အထဲ မှာ ၂၀၀ ကျော်က တောင်းဆိုရင် များရာကိုအလေးထားတဲ့ ဒီမိုကရေစီကျင့်စဉ်အရ စဉ်းစားပေးရမှာဖြစ်ပါတယ်။"

ဆိုလိုတာက အခုတောင်းဆိုတာ အနည်းစုပဲ ဖြစ်နေသေးတဲ့ သဘောပါသလား...

"အခုတောင်းဆိုတာ အနည်းစုဖြစ်တဲ့အပြင် တောင်းပုံ တောင်းနည်းကလည်း မမှန်ကန်ဘူး၊ သက်ဆိုင်ရာ တိုင်းတွေကိုတင်ပြပြီး တိုင်းတွေရဲ့ သဘောထားနဲ့ ဗဟိုကို တက်လာရမှာဖြစ်ပါတယ်။ နိုင်ငံအရေး အနေအထားအရ တကယ်လိုအပ်ပြီလား၊ ဘာအတွက်ခေါ်ကြမှာလဲ၊ ရွှေဂုံတိုင်ကြေညာစာတမ်းကိုပဲ ပြန်ပြင်ချင်တာလား၊ ရွေးကောက်ပွဲက နီးပြီလား၊ ရွေးကောက်ပွဲဥပဒေတွေ၊ ပါတီဥပဒေတွေ ထွက်ပြီလား၊ အဲဒါကို အဖွဲ့ဝင်အားလုံးက စဉ်းစားဖို့ အချိန်ရောက်ပြီလား၊ ညီလာခံကိုခေါ်ချင်တိုင်း ခေါ်လို့မရတဲ့အနေအထားဟာ လက်တွေ့အားဖြင့်မရနိုင်ဘူးဆိုတာ ခင်ဗျားတို့လည်း ခန့်မှန်းမိမှာပါ။ ခေါ်ပေးပါဆိုတိုင်း ကျနော်တို့က ခေါ်ပေးဖို့ မလွယ်ဘူးဆိုတာ လက်တွေ့ပြတဲ့သဘောနဲ့ ဆန်းစစ်ကြည့်ရင် သိနိုင်မှာ ဖြစ်ပါတယ်။"

နှစ်ပေါင်း ၂၀၊ ၂၁ နှစ်အတွင်းမှာ အခုအချိန်အထိ ညီလာခံခေါ်ဖူးတာမျိုး မရှိသေးဘူးနော်...

"ညီလာခံသဘောဆောင်တာက ကျနော်မှတ်မိသလောက်တော့ ၁၉၈၉ ခုနှစ်မှာ အထူးအစည်းအဝေးကြီးဆိုတာ ညီလာခံတပိုင်း ပုံသဏ္ဌာန်မျိုးဖော်သွားပါတယ်။ နောက် ၉၀ ပြည့်နှစ် ရွေးကောက်ပွဲပြီးတဲ့အခါ သံလျင်ညီလာခံကြီးကို ခေါ်ခဲ့ပါတယ်၊ ၂၀၀၇ မှာ တကြိမ် ခေါ်ခဲ့တယ်လို့ကြားမိပါတယ်။ ကျနော်ထောင်ကပြန်လွတ်လာပြီးမှ အခု ၂၀၀၉ ဧပြီလ ၂၈ ရက်နေ့မှာ ကျနော်တို့ခေါ်တဲ့ တိုင်းနဲ့ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်အားလုံးပါတဲ့ပုံမို့လို့ ဒါညီလာခံပုံသဏ္ဌာန် နီးပါးလောက်ရှိတဲ့ အထူးအစည်းအဝေးကြီးပဲ ဖြစ်တယ်လို့ပြောရမှာပါ။"

# အဖွဲ့ချုပ်ပါတီညီလာခံခေါ်ရေး ဗဟိုအလုပ်အမှုဆောင်အဖွဲ့ အလေးထားစဉ်းစားနေ

**NEJ၊ အောက်တိုဘာ ၁၃ ။ ။** အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် မြို့နယ်အဖွဲ့များကတင်ပြထားတဲ့ ပါတီညီလာခံခေါ်ယူရေးကိစ္စရပ်ကို ဗဟိုအလုပ်အမှုဆောင်အဖွဲ့က လက်ခံရရှိထားပြီး အလေးအနက်စဉ်းစားနေပြီဖြစ်ကြောင်း ဗဟိုအလုပ်အမှုဆောင်အဖွဲ့အတွင်းရေးမှူး ဦးဝင်းတင်ကပြောပါတယ်။

“စီအီးစီအဖွဲ့အနေနဲ့ ဒီကိစ္စကိုအလေးအနက်ထားစဉ်းစားနေပါတယ်။ သို့သော်မြို့နယ်တချို့ကတောင်းဆိုထားသလို တလအတွင်းကျင်းပပေးဖို့ဆိုတာ ဖြစ်နိုင်မဖြစ်နိုင်ကတော့ ချင့်ချိန်နေပါတယ်။” လို့ ဦးဝင်းတင်ကပြောပါတယ်။ ပြီးခဲ့တဲ့လပိုင်းအတွင်းက မိတ္ထီလာမြို့နယ်၊ သာယာဝတီခရိုင်၊ တောင်ငူခရိုင်တို့မှပါတီဝင်များက ပါတီညီလာခံခေါ်ယူရေး၊ ပါတီဗဟိုကော်မတီပြန်လည်ဖွဲ့စည်းရေးတို့ကို ဗဟိုအလုပ်အမှုဆောင်ကော်မတီထံ တင်ပြထားကြပါတယ်။

ထိုကဲ့သို့တင်ပြတောင်းဆိုမှုများမှာ ဖြစ်သင့်ဖြစ်ထိုက်တယ်လို့ ပဲခူးမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမြတ်လှကပြောပါတယ်။

“ဒီတောင်းဆိုမှုကိုကျနော်တို့ထောက်ခံတယ်။ သဘောတူတယ်။ ပြီးခဲ့တဲ့ဧပြီလက တိုင်းနဲ့ပြည်နယ်အစည်းအဝေးတုန်းကလည်း ကျနော်တို့ကအဖွဲ့အတွင်းမှာ ဒီမိုကရေစီနည်းကျကျင့်သုံးပြီး ဦးဆောင်မှုပေးနိုင်သူတွေကို ထပ်တင်ဖို့တင်ပြထားတာဘဲလေ။ အခုတောင်းဆိုချက်ကို ဗဟိုအလုပ်အမှုဆောင်အဖွဲ့က လိုက်လျောမယ်ဆိုရင်ကောင်းပါတယ်။” လို့ ဦးမြတ်လှကပြောပါတယ်။

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် တိုင်းနဲ့ပြည်နယ်အစည်းအဝေးကို ၂၀၀၉ ခုနှစ်၊ ဧပြီလ ၂၈ ရက်တွင်ကျင်းပခဲ့စဉ်က ပါတီဝင် ၃၆ ဦးစုပေါင်းလက်မှတ်ရေးထိုးကာ ဦးအောင်ရွှေနှင့်ဦးလွင်တို့အနေဖြင့် ဗဟိုအလုပ်အမှုဆောင်အဖွဲ့မှနုတ်ထွက်ပေးရန် တောင်းဆိုခဲ့ဘူးပါတယ်။

“အခုအချိန်မှာ ဘယ်သူနုတ်ထွက်ပါ ဘာညာပြောနေတာမျိုးထက် ကျနော့်သဘောကတော့ ထပ်တိုးချဲ့ဖွဲ့စည်းဖို့ကိုဘဲစဉ်းစားစေချင်တယ်။ ကျနော်အပါအဝင် ဦးအောင်ရွှေ၊ ဦးလွင် စတဲ့ပုဂ္ဂိုလ်တွေဟာ အသက်အားဖြင့် ၈၀ ကျော် ၉၀ ကျော်တွေဖြစ်နေကြပြီဆိုတော့ လူငယ်လူလတ်ပိုင်းထဲက အများလက်ခံတဲ့ ဦးဆောင်မှုပေးနိုင်တဲ့လူတွေနဲ့ တိုးချဲ့ဖွဲ့စည်းဖို့လိုအပ်ပါတယ်။ မူဝါဒနဲ့ပတ်သက်လာရင်လည်း ပြောင်းခြင်း ပြင်ခြင်းကိုမလိုလားဘူး။ အားဖြည့်တာမျိုးကိုလိုလားတယ်။ အလားတူဘဲ လူနဲ့ပတ်သက်လာရင် တိုးဖြည့်တာကိုဘဲလိုလားတယ်။” လို့ ဦးဝင်းတင်ကပြောပါတယ်။

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အနေနဲ့ ပါတီသက်တမ်းအနှစ် ၂၀ ကျော်အတွင်း ၁၉၉၇ ခုနှစ်တွင် ဒေါ်အောင်ဆန်းစုကြည်နေအိမ်မှာ အောက်ခြေပါတီအဖွဲ့ဝင်များပါဝင်သော အစည်းအဝေးကြီးတခုနှင့် ယခုနှစ်ဧပြီလအတွင်းကျင်းပခဲ့သော တိုင်းနဲ့ပြည်နယ်စုံညီအစည်းအဝေးကြီးတခု စုစုပေါင်းအစည်းအဝေးကြီး ၂ ခုကို သာကျင်းပနိုင်ခဲ့ပါတယ်။

ယခုအခါ မြို့နယ်ပါတီခွဲများက ပါတီညီလာခံထပ်မံကျင်းပရေး တင်ပြလာတာဖြစ်ပါတယ်။ အစည်းအဝေးထပ်မံကျင်းပနိုင်ရေးနဲ့စပ်လျဉ်းပြီး ဦးဝင်းတင်က

“မကြာခင်မှာပါတီမှတ်ပုံတင်ရေးကိစ္စတွေလည်းလာတော့မယ်၊ ပါတီမှတ်ပုံတင်ဖို့ဆိုတာ ရွေးကောက်ပွဲဝင်တာ မဝင်တာနဲ့မဆိုင်ဘူး။ ဝင်သည်ဖြစ်စေ၊ မဝင်သည်ဖြစ်စေကြုံတွေ့ရမယ့်ကိစ္စ။ ဆိုတော့ အောက်ခြေပါတီဝင်တွေရဲ့အမြင်သဘောထား၊ သူတို့ရဲ့ဆန္ဒတွေကိုသိဖို့လိုလာပြီ။ ညီလာခံဆိုတာကတော့ အောက်ခြေမြို့နယ်အဆင့်ဆင့်မှာပါ ကျင်းပဖို့လိုတယ်ဆိုတော့ ဖြစ်နိုင် မဖြစ်နိုင်မသိနိုင်သေးဘူး။ သို့သော်ငြားလည်း အနည်းဆုံးအားဖြင့် အောက်ခြေအဆင့်ပါတီဝင်တွေနဲ့တွေ့ဆုံမယ့်အစည်းအဝေးတရပ်တော့ ခေါ်သင့်တယ်လို့မြင်တယ်။” လို့ ပြောပါတယ်။

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်တွင် ယခင်ကဗဟိုအလုပ်အမှုဆောင်အဖွဲ့ စီအီးစီ အပြင် ပါတီဗဟိုကော်မတီတရပ် စီစီ ရှိခဲ့သော်လည်း စီစီအဖွဲ့ဝင်များ ထောင်ကျခြင်း၊ ကွယ်လွန်ခြင်းများရှိခဲ့၍ နောက်ပိုင်းတွင် စီစီ အဖွဲ့ပြိုပျက်ခဲ့ရာ ပြန်လည်ဖွဲ့စည်းနိုင်ရေးကို မြို့နယ်အဖွဲ့ခွဲများကတောင်းဆိုထားကြပါတယ်။

“ဒီလိုတောင်းဆိုမှုတွေကို အဲန်တီတို့မကွေးအမျိုးသမီးအဖွဲ့အနေနဲ့ ထောက်ခံတယ်။ ဒီလိုမှမလုပ်ရင်လည်း ပါတီကဗဟိုဦးစီးစနစ်နဲ့သွားနေသလိုဖြစ်နေမယ်။ ပါတီအနေနဲ့နှစ်ပေါင်း ၂၀ အတွင်း အားနည်းတာတွေရှိခဲ့လို့ အစကပြန်ပြန်စနေရတယ်။ တချို့ပါတီသစ်တွေက ပါတီစည်းရုံးရေးတွေလုပ်ဆောင်နေကြပြီ။ ရွေးကောက်ပွဲဝင်တာ မဝင်တာနောက်ထား၊ တရားဝင်ပါတီဖြစ်တဲ့အဲန်တီတို့က အခုမှလူငယ်အဖွဲ့တွေ၊ စည်းရုံးရေးအဖွဲ့တွေပြန်ဖွဲ့နေရတယ်။ သူများတွေသိဒ္ဓတ္ထမင်းသားတောထွက်ခန်းရောက်နေမှ ကိုယ့်အဖွဲ့ကဖွားတော်မူခန်းကနေမတက်နိုင်ရင်တော့ မဖြစ်သေးဘူး။ ဒါကြောင့် ဗဟိုအလုပ်အမှုဆောင်အဖွဲ့အနေနဲ့ ဒီကိစ္စအပေါ် မြန်မြန်စဉ်းစားဆုံးဖြတ်ပေးစေချင်တယ်။” လို့ ရေနံချောင်းမြို့နယ် စည်းရုံးရေးအဖွဲ့ဝင် ဒေါ်ခင်စောဌေးကပြောပါတယ်။

---

# ဂျင်မ်ဝဘ်ကမြန်မာပြည်သူတွေအတွက်နည်းလမ်းရှာ

**RFA၊ အောက်တိုဘာ ၁၄ ။ ။** ပြီးခဲ့တဲ့တနင်္ဂနွေနေ့က CNN ရုပ်မြင်သံကြား အစီအစဉ်မှာ အမေရိကန်ပြည်ထောင်စုအထက်လွှတ်တော် အရှေ့အာရှ နဲ့ပစိဖိတ်ဒေသဆိုင်ရာ နိုင်ငံခြားဆက်ဆံရေးဆပ်ကော်မတီဥက္ကဋ္ဌ မစ္စတာဂျင်မ်ဝဘ်နဲ့ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်မစ္စတာဘန်ကီမွန်းရဲ့ မြန်မာပြည်ဆိုင်ရာအထူး ကိုယ်စားလှယ်မစ္စတာအီဘရာဟင်ဂမ်ဘာရီတို့ဟာ CNN ရဲ့နိုင်ငံခြားသတင်း ထောက်ချုပ်မစ္စကရစ္စတီရဲမ်အာမန်ဘိုးနဲ့အတူ မြန်မာနိုင်ငံရဲ့လက်ရှိနိုင်ငံရေးအခြေအနေ မစ္စတာဝဘ်ရဲ့ဆောင်ရွက်ချက် ကုလသမဂ္ဂရဲ့ကြားဝင်ဆောင်ရွက်မှုအနေအထားစတာတွေနဲ့ပတ်သက်ပြီးဆွေးနွေးကြကြောင်း သိရှိရပါတယ်။

အဲဒီဆွေးနွေးပွဲမှာ မစ္စတာဝဘ်ကို CNN သတင်းထောက်ချုပ်ကရစ္စတီရဲမ်အာမန်ဘိုးက မြန်မာနိုင်ငံကိုအမေရိကန်အနေနဲ့ ဒေါ်အောင်ဆန်းစုကြည်ကိုဖမ်းဆီးထားတဲ့ကြားထဲက ထိတွေ့ဆက်ဆံဖို့ဘာကြောင့်လိုအပ်ပါသလဲလို့မေးမြန်းရာမှာ မစ္စတာဝဘ်က မြန်မာနိုင်ငံရဲ့အခြေအနေဟာ တောင်မတင်ရေမကျအခြေအနေကို ရောက်ရှိနေပြီး မြန်မာနိုင်ငံကပြည်သူတွေကိုကူညီနိုင်ဖို့အတွက် လမ်းကြောင်းအသစ်တွေဖွင့်လာရန် အခုလိုထိတွေ့ဆက်ဆံဖို့ကြိုးစားရခြင်းဖြစ်ပါတယ်လို့ ဖြေကြားသွားပါတယ်။

မစ္စတာဂမ်ဘာရီကတော့ ကုလသမဂ္ဂရဲ့အခန်းကဏ္ဍနဲ့ပတ်သက်ပြီးပြောကြားရာမှာ မြန်မာစစ်အစိုးရမှာ လမ်းပြမြေပုံ ၇ ဆင့်ရှိပါတယ်၊ ပထမအဆင့်ကိုရောက်ဖို့ ၁၄ နှစ်ကြာပါတယ်။ ကျနော်သူတို့ကိုပြောပါတယ်၊ ဒီနှုန်းထားအတိုင်းသာသွားရင် သတ္တမအတင့်ကိုရောက်ရင် ကျနော်တို့အားလုံး သေကုန်ပြီးလောက်ပြီဖြစ်ပါတယ်လို့ ပြောဆိုခဲ့ပါတယ်။ ဒါကြောင့် သူတို့ဟာရှေ့ကိုတိုးခဲ့တဲ့အတွက် အခုဆိုရင် ပဉ္စမအဆင့်ကို ရောက်နေပါပြီလို့ ပြောဆိုသွားပါတယ်။

မစ္စတာဂျင်မ်ဝဘ်ကတော့ သူရဲ့လုပ်ဆောင်ချက်နဲ့ပတ်သက်ပြီး CNN သတင်းထောက်ချုပ်က မြန်မာပြည်သူတွေကိုကူညီဖို့ဆောင်ရွက်နေတယ်လို့ အမတ်မင်းကပြောနေတဲ့အချိန်မှာဘဲ စစ်အစိုးရကပြည်သူတွေ အတိုက်အခံတွေကို နှိပ်စက်မြဲနှိပ်စက် ညှင်းဆဲမြဲညှင်းဆဲ ဖိနှိပ်မြဲဖိနှိပ်နေတာနဲ့ပတ်သက်လို့ အမတ်မင်းအနေနဲ့ ဘာများပြောချင်ပါသလဲလို့မေးမြန်းချက်ကိုတုန့်ပြန်ရာမှာတော့

“ကျနော့်အနေနဲ့အချက်တွေကိုရှင်းရှင်းလင်းပြောပြချင်ပါတယ်။ ကျနော်တို့ရဲ့လုပ်ဆောင်ချက်နဲ့ပတ်သက်ပြီး ပြည်တွင်းကမြန်မာတွေရော ဒီမှာရှိတဲ့မြန်မာတွေကပါ တခဲနက်ထောက်ခံထားပါတယ်၊ နည်းလမ်းအသစ်တွေရှာဖွေဖို့ ကျနော်တို့ရဲ့ကြိုးစားမှုတွေပါ။ ကျနော်ဒီနေရာမှာနောက်တခုအလေးအနက်ပြောလိုပါတယ်၊ ကျနော်တို့ဟာကျန်တဲ့လူတွေအားလုံးလိုဘဲ မြန်မာနိုင်ငံကိုဒီမိုကရေစီနဲ့လွတ်လပ်တဲ့နိုင်ငံဖြစ်ဖို့လိုလားပါတယ်။ အဓိကကျတာက ဒီဖြစ်ဖို့ လက်တွေ့ကျကျ ဘယ်လိုလုပ်ဆောင်မလဲဆိုတာဖြစ်ပါတယ်။” လို့ မစ္စတာဂျင်မ်ဝဘ်ကရှင်းလင်းပြောကြားသွားပါတယ်။

# ပေါင်မုန့်နှင့် လွတ်လပ်မှု

## Bread and Freedom

Sidney Hook

(၁၉၀၂–၁၉၈၈)

ကျော်ကျော်စိုး ဘာသာပြန်သည်

Sidney Hook ဆစ်ဒနီဟွတ်ခ်သည် ၂၀ ရာစုတွင် အမေရိကန်၏ ထိပ်တန်းတွေးခေါ်ပညာရှင်များထဲတွင် တယောက်အပါအဝင်ဖြစ်သည်။ နယူးယောက်တွင်မွေးဖွားခဲ့သော ဟွတ်ခ်သည် လက်တွေ့ဝါဒီတဦးဖြစ်ပြီး ဒီမိုကရေစီအား ခိုင်မာစွာယုံကြည်သောသူလည်းဖြစ်သည်။ နယူးယောက် တက္ကသိုလ်တွင် နှစ်ပေါင်းများစွာစာသင်ခြင်းအလုပ်ကို လုပ်ကိုင်ခဲ့သော ဆစ်ဒနီဟွတ်ခ်သည် ၁၉၄၀ ခုနှစ်တွင် Bread and Freedom စာတမ်းကို ရေးသားခဲ့ရာ လွန်စွာမှကျော်ကြားခဲ့လေသည်။

ထိုစဉ်က ဥရောပသည် နာဇီဝါဒနှင့် ကွန်မြူနစ်ဝါဒတို့၏ခြိမ်းခြောက်ထိုးနှက်မှုကို ခံနေရပေသည်။ အဆိုပါအကြွင်းမဲ့အာဏာရှင်စနစ်နှစ်ရပ်၏ ရိုက်ခတ်မှုအရှိန်အဟုန်ကြောင့် အမေရိကန်ပညာရှင်လောကသည်လည်း လှုပ်လှုပ်ရှားရှားဖြစ်နေခဲ့သည်။ အကြောင်းမှာ လူသိများထင်ရှားလှသော အနည်းငယ်မျှသော သူတချို့က အဆိုပါအာဏာရှင်စနစ်နှစ်ရပ်ကို လက်ကမ်းကြိုဆိုနေခြင်းကြောင့်ဖြစ်သည်။ ထိုသူများက ယခုလတ်တလောတွင် လွတ်လပ်မှုအတွက် စိုးရိမ်ပူပန်စရာမရှိ စီးပွားရေးဖွံ့ဖြိုးတိုးတက်လာလျှင် အဆိုပါလွတ်လပ်ခွင့်များသည်လည်း တိုးတက်ရရှိလာမည်ဟူသော အယူအဆကို လက်ခံနေခြင်းကြောင့်ဖြစ်သည်။

ဆစ်ဒနီဟွတ်ခ်ကိုယ်တိုင်သည်လည်း ၁၉၂၀ ပြည့်လွန်နှစ်များက မာ့ခ်စ်ဝါဒီတဦးဖြစ်ခဲ့သည်။ သို့သော်လည်း ၁၉၃၀ ပြည့်လွန်နှစ်များတွင်မူ မာ့ခ်စ်ဝါဒအား အစောဦးဆုံးနှင့်အပွင့်လင်းဆုံးဝေဖန်ခဲ့သူအဖြစ်သို့ ရောက်ရှိလာခဲ့လေသည်။

ဟွတ်ခ်၏ခိုင်မာသောယုံကြည်မှုမှာ စီးပွားရေးအခြေအနေမည်သို့ပင်ဖြစ်နေစေကာမူ ယဉ်ကျေးမှုနှင့် အသိပညာဆိုင်ရာလွတ်လပ်မှုသည် မည်သည့်လူ့အဖွဲ့အစည်းအတွက်မဆို လိုအပ်သည်ဟူသော အချက်ဖြစ်သည်။ ထို့ကြောင့် ပေါင်မုန့်(စီးပွားရေးအခြေအနေကောင်းမွန်လာမည်)ရမည်ဟူသော မျှော်လင့်ချက်ဖြင့် ကိုယ့်လွတ်လပ်ခွင့်ကို လက်လွှတ်အဆုံးရှုံးခံလိုက်သောသူသည် နောက်ဆုံးတွင် ပေါင်မုန့်လည်းမရ လွတ်လပ်ခွင့်လည်း ဆုံးရှုံးရလိမ့်မည်ဟု မျှော်မှန်းတွက်ဆကာ ၄င်း၏ Bread and Freedom စာတမ်းတွင် ရေးသားခဲ့လေသည်။ အဆိုပါစာတမ်းမှ ကောက်နုတ်ကာ ဘာသာပြန်ဆိုဖော်ပြလိုက်ပါသည်။

လွတ်လပ်မှုဆိုသည်မှာ အခွင့်အရေးကဲ့သို့ပင် အကန့်အသတ်ရှိသကဲ့သို့ ၄င်းတို့သည် တခုနှင့်တခု အပြန်အလှန်အားပြုနေကြပေသည်။ လူ့အဖွဲ့အစည်းကမည်သို့သောအခြေအနေဆိုက်ရောက်နေစေကာမူ လွတ်လပ်မှု သို့မဟုတ် အခွင့်အရေးကို အလေးထားတန်ဖိုးထားရန်လိုအပ်သည်။ အချို့သောလူ့အဖွဲ့အစည်းများတွင် လွတ်လပ်မှုကို ဦးစားပေးအသိအမှတ်ပြုရမည်ဟု ဆိုထားသကဲ့သို့ အချို့သောလူ့အဖွဲ့အစည်းများကမူ ဦးစားပေးအရာများသည် ခိုင်မာမှုရှိရမည်ဟု ဆိုကြသည်။

လွတ်လပ်မှုနှင့်ပတ်သက်၍ အဓိပ္ပာယ်ဖွင့်ဆိုချက် ကျင့်သုံးမှုစသည် ဖြင့် ရှုပ်ထွေးလှသည်ဟုဆိုနေစေကာမူ လူတဦးချင်းစီ၏လွတ်လပ်မှုကို များနိုင်သမျှ များပြားစေရန်ဆောင်ရွက်ရမည်ဖြစ်သည်။ လွတ်လပ်မှုများပြားစေရမည်ဟုဆိုခြင်းမှာ လူတိုင်းလူတိုင်းသည် မိမိတို့၏ကိုယ်ရည်ကိုယ်သွေး တိုးတက်လာစေရန် ဆောင်ရွက်နိုင်မှုနှင့် ငြိမ်းချမ်းသောလူမှုအသိုင်းအဝိုင်းကို တည်ဆောက်နိုင်ရေးအတွက် အခွင့်အရေးရှိရမည်ကို ဆိုလိုခြင်းဖြစ်သည်။

ဒီမိုကရေစီဆိုသည်မှာ အကျိုးစီးပွားကိုရှေးရှု၍ပေါ်ပေါက်လာသော ပြဿနာများကို ဖြေရှင်းရာတွင် အမျှတဆုံးနှင့် အငြိမ်းချမ်းဆုံးသောနည်းလမ်းများကိုအသုံးပြုသောကြောင့် ဤသည်က လွတ်လပ်မှုနှင့်ပတ်သက်သော အငြင်းအခုန်ဖြစ်မှုများကို ကျင့်သုံးနိုင်သည်ဆိုသည်ကို ဖော်ပြနေသည်။ ဆိုလိုသည်မှာ ပြဿနာကို လွတ်လပ်စွာဆွေးနွေးဝေဖန်ပြောဆို အဖြေရှာနိုင်ခြင်းဖြစ်သည်။ ပြဿနာများကို ကြောင်းကျိုးဆီလျော်စွာဖြေရှင်းနိုင်ပေသည်။

အခွင့်ထူးခံလူတစု လူတဖွဲ့က မိမိတို့ချုပ်ကိုင်ထားသော မိမိတို့တွင်ရှိသောအခွင့်အာဏာကိုသုံးစွဲကာ အကြောင်းတခုခုပြ၍ လွတ်လပ်မှုများကို ကန့်သတ်မှုများပြုလာပါက အဆိုပါလူ့အဖွဲ့အစည်းသည် အန္တရာယ်စက်ကွင်းအတွင်း ချင်းနင်းဝင်ရောက်လာနေပြီဖြစ်သည်။ ထို့ကြောင့် အကျိုးစီးပွားကို ရှေးရှု၍ပေါ်ပေါက်လာသော ပြဿနာများကိုဖြေရှင်းရာတွင် ကြောင်းကျိုးဆီလျော်ရန်လိုအပ်သည်ဟု ဆိုရခြင်းဖြစ်သည်။

စီးပွားရေးလောကအတွင်း ပုံမှန်အားဖြင့်ပြောဆိုသုံးစွဲနေသော စကားရပ်တခုရှိသည်။ လွတ်လပ်မှုသည် လွတ်လပ်သောစီးပွားလုပ်ငန်းလုပ်ဆောင်မှုတွင် အမြစ်တွယ်သည်ဟူသောအယူအဆသည် စီးပွားရေးလုပ်ငန်းများကို ခြေထောက်အား ကြိုးဖြင့်တုပ်ထားသကဲ့သို့ဖြစ်သည် သို့မဟုတ် လွတ်လပ်မှုကို ပိုမိုအားကောင်းလာစေရန်လုပ်ဆောင်လာမှုများနှင့် ရင်ဆိုင်ကြုံတွေ့ရသောအခါ စီးပွားရေးလုပ်ငန်းတိုးတက်ရေးအတွက် မျှော်လင့်ချက်နည်းပါးသည်ဟုဆိုခြင်းဖြစ်သည်။

ဤအယူအဆက လွတ်လပ်မှု(ဒီမိုကရေစီ)သည် အမေရိကန်တွင် ကဲ့သို့လွတ်လပ်သောစီးပွားရေးအခြေခံမရှိပဲနှင့် မရှင်သန်နိုင်ဟူသော အချက်ကို လက်ခံသည်။ သို့သော် ထိုမှတဆင့်ပွား၍ ကွန်မြူနစ်မဟုတ်သော အာရှနိုင်ငံများတွင် အမေရိကန်ကဲ့သို့မဖြစ်နိုင်ဟူသော အယူအဆကို ဆင်တူယိုးမှား အဓိပ္ပါယ်ဖွင့်ဆိုလာကြသည်။ ဥပမာပေးဆိုရလျှင် တော်မွတ်နေသောသူတဦး အားယဉ်ကျေးမှုလွတ်လပ်ခွင့်အကြောင်း ပြောဆိုနေလျှင် ဘာများအသုံးဝင်မည်နည်း၊ ဆင်းရဲမွဲတေမှုများပြားနေသောလူ့အဖွဲ့အစည်းအတွင်း အသိပညာဆိုင်ရာနှင့် ယဉ်ကျေးမှုဆိုင်ရာလွတ်လပ်ခွင့်များခြိမ်းခြောက်ခံနေရသည့် အကြောင်းများကို ပြောဆိုဆွေးနွေးနေလျှင် ဘာများအသုံးကျမည်နည်း၊ ထိုသို့သောအခြေအနေမျိုးတွင် လူအများသည် လွတ်လပ်ခွင့်ဆိုသည်များကို ခံစားနိုင်ပါမည်လော ဆိုသည့်မေးခွန်းများပေါ်ထွက်လာပေသည်။

ထိုမေးခွန်းများသည် လွတ်လပ်မှုရရှိရေးအတွက် ကြိုးပမ်းမှုများနှင့်ဆက်နွယ်နေသည်၊ အာရှဒေသတခုတည်းနှင့် မသက်ဆိုင်ပေ၊ တကမ္ဘာလုံးတွင် စီးပွားရေးခက်ခဲကျပ်တည်းမှုများ၊ ဒုက္ခများနှင့်ကြုံတွေ့ရင်ဆိုင်နေရသည်ကိုလည်း မေ့ထား၍မဖြစ်ပေ။ ဤသို့သောအယူအဆများသည် အာဏာရှင်စနစ်နိုင်ငံများတွင် ဝါဒဖြန့်သည့်သဘောမျိုးဖြင့် ပေါ်ထွက်လာလေ့ရှိသည်။ အာဏာကို ဆက်လက်ချုပ်ကိုင်လိုမှုကြောင့် စီးပွားရေးအခြေအနေများက လွတ်လပ်မှုအတွက်အရေးပါသောဒီမိုကရေစီကို ပစ်ပယ်လာလေသည်။ လူအများအတွက် အရေးမကြီး၊ လတ်တလောအရေးတကြီးလိုအပ်သည်မှာ စီးပွားရေးပင်ဖြစ်သည်။

ဤအတွက် မေးခွန်းထုတ်ရန်လိုအပ်လာပေသည်။ လွတ်လပ်ခွင့် များကို လက်လွှတ်ဆုံးရှုံးခံလျှင် ပေါင်မုန့်ကို ပိုမိုထွက်အောင်လုပ်နိုင်မည်လော၊ ထိုကဲ့သို့ ပေါင်မုန့်များတိုးတက်ထုတ်လုပ်နိုင်ခဲ့ပြီးနောက် လွတ်လပ်ခွင့်များကို ပြန်လည်တိုးတက်ထွန်းကားနိုင်အောင်လုပ်ဆောင်နိုင်မည်လော ဆိုသည့်မေးခွန်းများဖြစ်သည်။ အာဏာရှင်စနစ်အောက်တွင် နိုင်ငံ၏အခြေအနေအရ လွတ်လပ်ခွင့်ကို ဘေးဖယ်ထား၊ စီးပွားရေးကို အဓိကတိုးတက်စေရန်လုပ်ဆောင်ပြီး စီးပွားရေးတိုးတက်လာပြီးနောက် ထိုလွတ်လပ်ခွင့်များအတွက် အာမခံချက်များရှိမည်လောဆိုသည်ဖြစ်သည်။ (ဆက်လက်ဖော်ပြပါမည်)

# နအဖကို လက်နက်ရောင်းချမှုများ ပိတ်ပင်ပါဟု အရှေ့တီမော သမ္မတ တောင်းဆို

**DVB | အောက်တိုဘာ ၁၃ ။ ။** နအဖစစ်အုပ်စုအား လက်နက်ရောင်းချရေးပိတ်ပင်မှုလုပ်ဖို့ အရှေ့တီမော သမ္မတက ကုလသမဂ္ဂလုံခြုံရေး ကောင်စီကိုတောင်းဆိုလိုက်ပါတယ်။

မနေ့က နေ့စွဲနဲ့ထုတ်ပြန်တဲ့ အရှေ့တီမောသမ္မတလဲဖြစ် ၁၉၉၆ နိုဘဲလ်ငြိမ်းချမ်းရေးဆုရှင်လည်းဖြစ်တဲ့ ဟိုဆေးရာမို့စ်ဟိုတာရဲ့ ကြေညာချက်အတွင်း တောင်းဆိုထားတာပါ။ ဒီလိုတောင်းဆိုနိုင်ဖို့အတွက် သူထောက်ပြတဲ့အချက်တွေက ပြီးခဲ့တဲ့လ အစောပိုင်းမှာ နိုဘဲလ်ငြိမ်းချမ်းရေးဆုရှင် ဒေါ်အောင်ဆန်းစုကြည်ရဲ့အယူခံကို စစ်အုပ်စုက ပယ်ချပြီး ထောင်ဒဏ် ၁၈ လ ထပ်တိုးခဲ့တာကို ပြင်းထန်စွာကန့်ကွက်ပြီး ချွင်းချက်မဲ့ ချက်ချင်းလွှတ်ပေးဖို့တောင်းဆိုကြောင်း ပထမအပိုဒ်မှာ ဖော်ပြထားပါတယ်။

ဒုတိယအပိုဒ်မှာ လွန်ခဲ့တဲ့ ၂ နှစ်အတွင်း မြန်မာနိုင်ငံရဲ့အခြေနေကို ပြန်ကြည့်ရင် ကမ္ဘာကြီးအတွက် တုန်လှုပ်ခြောက်ခြားဖွယ် ဖြစ်စေခဲ့တယ်လို့ဖော်ပြပါတယ်။ သံဃာတော်တွေရဲ့ ငြိမ်းချမ်းစွာ ဆန္ဒပြမှုကို ရက်စက်စွာ ပစ်ခတ်ဖြိုခွဲခဲ့တယ်၊ ကရင်ခေါင်းဆောင် ပဒိုမန်းရှာကို လုပ်ကြံသတ်ဖြတ်ခဲ့တယ်၊ ၂၀၀၈ နာဂစ်မုန်တိုင်းအတွင်း လူတွေ သိန်းနဲ့ချီ သေဆုံးနေချိန်မှာ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေကို အတည်ပြုပွဲလုပ်ခဲ့တယ်၊ မြန်မာနိုင်ငံ အရှေ့ပိုင်းဒေသက တိုင်းရင်းသားတွေအပေါ် အပြင်းအထန် ထိုးစစ်ဆင်ခဲ့တယ်၊ ချင်းပြည်နယ်နဲ့တရုတ်–မြန်မာနယ်စပ်က တိုင်းရင်းသားတွေအပေါ် ထိုးစစ်ဆင်ခဲ့တယ်။

ဒါတွေအားလုံးဟာ ဒီနေ့မြန်မာနိုင်ငံရဲ့ လူ့အခွင့်ရေးနဲ့ လူသားချင်းစာနာမှုအတွက် တကယ့် အကျပ်အတည်းဖြစ်တယ်လို့ သမ္မတဟိုတာက ပြောပါတယ်။ တတိယအပိုဒ်မှာတော့ ဒီလို နိုင်ငံရေးလူ့အခွင့်အရေး အခြေအနေဆိုးတွေဟာ နိုင်ငံတကာ အသိုင်းအဝိုင်းဘက်က တခုခုလုပ်ပေးဖို့လိုနေပြီဆိုတာကို ပြသနေတာ ဖြစ်တဲ့အတွက် ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် မြန်မာ့အရေးကြားဝင်မှု၊ အမေရိကန်အစိုးရရဲ့တွေ့ဆုံရေးကမ်းလှမ်းမှု၊ ဒေါ်အောင်ဆန်းစုကြည်ဘက်ကနေ စစ်အုပ်စုနဲ့ပူးပေါင်းဆောင်ရွက်ဖို့ ကမ်းလှမ်းမှုတွေ အားလုံးကို သူ အပြည့်အဝကြိုဆိုကြောင်း ပြောပါတယ်။ အဲဒီအဆင့်မြင့် တောင်းဆိုချက်အားလုံးကို အသေအချာ ပေါင်းစပ်ပြီး မြန်မာစစ်ဗိုလ်ချုပ်တွေ ဆွေးနွေးပွဲ စားပွဲဝိုင်းရောက်တဲ့အထိ အသေအချာဖိအားပေးဖို့လိုနေတယ်လို့ အရှေ့တီမော သမ္မတက ထောက်ပြထားပါတယ်။

ကြေညာချက်ရဲ့ နိဂုံးပိုင်းမှာ ဒီအခြေနေအရပ်ရပ်ကို ထောက်ရှုပြီး နိုင်ငံတကာ အသိုင်းအဝိုင်းက စနစ်တကျ ဖိအားတိုးမြင့်ဖို့လိုနေပါတယ်၊ အတိအကျပြောမယ်ဆိုရင် အခုချိန်ဟာ ကုလသမဂ္ဂ လုံခြုံရေးကောင်စီအနေနဲ့ နအဖစစ်အုပ်စုအား လက်နက်ရောင်းချမှု ပိတ်ပင်ရေး ဥပဒေကြမ်း အဆိုပြုဖို့ အချိန်ကောင်းဖြစ်ပါတယ်။ ခြိမ်းခြောက်မှုမရှိတဲ့ စစ်အုပ်စုတရပ်ဆီ လက်နက်ရောင်းချနေခြင်းဟာ ဘယ်လိုမှ တရားမျှတမှု မရှိတဲ့ လုပ်ရပ်ဖြစ်ပါတယ်။ ဘာကြောင့်လဲဆိုတော့ အဲဒီလက်နက်တွေနဲ့ ကိုယ့်ပြည်သူကိုယ်ဖိနှိပ်နေလို့ ဖြစ်ပါတယ်။ ဒါကြောင့် အရှေ့တီမော သမ္မတတဦးအနေနဲ့ ကုလသမဂ္ဂ လုံခြုံရေးကောင်စီကို သူတောင်းဆိုချင်တာက မြန်မာစစ်အုပ်စုအား လက်နက်ရောင်းချမှု ပိတ်ပင်ရေး ဥပဒေကို အခု အတည်ပြုလိုက်ပါ၊ ဒီကိစ္စအတွက် နိုင်ငံတကာ အသိုင်းအဝိုင်းတခုလုံးက ဟန်ချက်ညီညီ ပူးပေါင်းဆောင်ရွက်ပါဆိုတဲ့အချက် ဖြစ်ပါတယ်လို့ အရှေ့တီမောသမ္မတ ၁၉၉၆ နိုဘယ်လ်ငြိမ်းချမ်းရေးဆုရှင် ဟိုဆေးရာမို့စ်ဟိုတာရဲ့ ကြေညာချက်မှာ ဖော်ပြထားပါတယ်။

လန်ဒန်အခြေစိုက် နိုင်ငံတကာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့ရဲ့ စာရင်းဇယားတွေအရဆိုရင် မြန်မာနိုင်ငံကို လက်နက်ရောင်းချနေတဲ့ နိုင်ငံတွေထဲမှာ တရုတ်၊ ရုရှား၊ စင်ကာပူ၊ ယူကရိန်း၊ ဆာဘီးယားနဲ့ အစ္စရေးတို့အစဉ်လိုက်ပါဝင်နေတာတွေ့ရပါတယ်။ ဒါကြောင့် အရှေ့တီမောသမ္မတရဲ့ အဆိုပြုချက်ကို လုံခြုံရေးကောင်စီမှာ ဗီတိုမဲပိုင်တဲ့ တရုတ်နဲ့ ရုရှားတို့က လက်ခံပါ့မလားဆိုတာ စဉ်းစားစရာရှိနေဆဲဖြစ်တယ်လို့ အာရှဒေသ သုတေသနအရာရှိ ဘင်ဂျမင်က ပြောပါတယ်။ တကယ်က မြန်မာပြည်သူတွေကို လုံလောက်တဲ့ ဖိနှိပ်ညှဉ်းပမ်းမှု လုပ်နိုင်လောက်တဲ့ လက်နက်တွေ နအဖစစ်အုပ်စုမှာ ရှိပြီးသားပါ။ သူတို့ကိုင်နေတဲ့ လက်နက်ငယ်အများစုကို မြန်မာနိုင်ငံအတွင်းမှာ ထုတ်လုပ်နေတာဖြစ်ပြီး အဲဒီလက်နက်တွေနဲ့ ပြည်သူကိုဖိနှိပ်တာ အပြင် တရုတ်–မြန်မာနယ်စပ်၊ ဘင်္ဂလားဒေ့ရှ်–မြန်မာနယ်စပ်မှာ စစ်အင်အားတိုးချဲ့ ပြဿနာရှာနေတာဖြစ်ပါတယ်။ ဒါကြောင့် ပြည်တွင်းလက်နက်နဲ့ ဒီလောက် အင်အားကောင်းနေတဲ့ စစ်အုပ်စုကို ပြည်ပက လက်နက်သာ ရောင်းချလိုက်ရင် ဝမ်းနည်းဖွယ်ဖြစ်ရပ်တွေ မြင်နိုင်တယ်လို့ လွှတ်ငြိမ်းချမ်းသာအဖွဲ့မှ အရာရှိ ဘဂျမင်က ပြောခဲ့ပါတယ်။

# နိုင်ငံရေးအကျဉ်းသား ၁၁ ဦးကို ထောင်ဒဏ်တွေ ထပ်တိုး စီရင်

**RFA | အောက်တိုဘာ ၁၃ ။ ။** လက်ရှိထောင်ချခံထားရသူ နိုင်ငံရေးအ ကျဉ်းသား ၅ ဦးအပါအဝင် ဖမ်းဆီးထိန်းသိမ်းထားတဲ့ နိုင်ငံရေးအကျဉ်းသားစုစု ပေါင်း ၁၁ ဦးကို ဒီကနေ့စစ်အစိုးရက ထောင်ဒဏ်တွေစီရင်လိုက်ပါတယ်။

အဲဒီအပြင် ၂၀၀၇ ရွှေဝါရောင်တော်လှန်ရေးနောက်ပိုင်း ပြည်ပကိုတိမ်းရှောင်လာတဲ့ဆရာတော်ဦးပညာဇောတနဲ့အရှင်စန္ဒာမိကတို့နှစ်ဦးကိုလည်း သူတို့ ၁၁ ဦးနဲ့အမှုတွဲအဖြစ်စွပ်စွဲပြီး တရားခံပြေးအဖြစ်ကြေညာလိုက်တယ်လို့ သတင်းရရှိပါတယ်။ ဒီကနေ့ထောင်ချခံလိုက်ရတဲ့နိုင်ငံရေးအကျဉ်းသားတွေကတော့ မျိုးချစ်တပ်ဦးကကိုကျော်ဇင်မင်း ခေါ် ကိုဇော်မိုး၊ တရားမျှတရေးအဖွဲ့က ကိုဝဏ္ဏနွယ်၊ သံဃာ့တပ်ပေါင်းစုအဖွဲ့က ဦးစန္ဒိမာ၊ မြေသြဇာအဖွဲ့က ကိုဇင်မင်းရှိန်၊ ကိုထွန်းလင်းအောင်၊ ကိုနိုင်ဝင်း၊ ကိုထွန်းလင်းဦးနဲ့ကိုဇော်လတ်၊ GW မျိုးဆက်သစ်လူငယ်အစည်းအရုံးက ကိုစောမောင်၊ ကိုအောင်မိုးလွင်နဲ့ကိုမိုးထက်နေတို့ဖြစ်ပါတယ်။

ဒီကိစ္စနဲ့ပတ်သက်ပြီးအမှုကိုလိုက်ပါဆောင်ရွက်ခဲ့ ရှေ့နေဦးခင်မောင်မြင့်က RFA ကို အခုလိုပြောပါတယ်။

"၁၁ ယောက်ကဖောက်ခွဲရေးနဲ့စွဲတာ။ ဖောက်ခွဲရေးနဲ့စွဲပြီးတော့ ဒီနေ့သူတို့ ၅ နှစ်ပေါ့။ နောက်အဲဒီထဲက ၇ ယောက်က အသင်းအဖွဲ့ ၆ နဲ့ ၅ နှစ်ချတာ။ သူတို့အဖမ်းခံရတာ ၂၀၀၈၊ စက်တင်ဘာအတွင်းက အဖမ်းခံရတာ။ သက်သေခံပစ္စည်း ဒစ်တိုနေတာ ၂၄ ချောင်းလားမသိဘူး တင်ပြထားတာရှိတယ်။ အသင်းအဖွဲ့ ၆ မှာကတော့ ABDA ဆိုတာ All Burma Democratic Alliance ဆိုပြီးတော့ ဖွဲ့တဲ့အထဲမှာ သံဃာ့တပ်ပေါင်းစုပါတယ်။ Generation Wave ပါတယ်။ Justice ပါတယ်။ နောက် Best Manure ပေါ့။ အဲဒါတွေနဲ့ဖွဲ့တဲ့အထဲမှာ ဦးပညာဇောတတို့ဘာတို့က သံဃာ့တပ်ပေါင်းစုကနေ ထည့်ထားတာဖြစ်မှာပေါ့။"

ကိုကျော်ဇင်မင်း၊ ကိုဝဏ္ဏနွယ်၊ ဦးစန္ဒိမာ၊ ကိုဇင်မင်းရှိန်တို့ ၄ ဦးက အသင်းအဖွဲ့ပုဒ်မ ၆ အပြင် ဖောက်ခွဲရေးပုဒ်မပါအတပ်ခံရပြီး စုစုပေါင်း ၈ နှစ်ချမှတ်ခံရပါတယ်။ ဒါ့ကြောင့် အရင်ကထောင်ဒဏ် ၈ နှစ်စီချမှတ်ခံထားရတဲ့ ကိုဝဏ္ဏနွယ်နဲ့ဦးစန္ဒိမာတို့က စုစုပေါင်းထောင်ဒဏ် ၁၆ နှစ်စီဖြစ်သွားပါတယ်။ ကိုဇင်မင်းရှိန်က အရင်ကထောင်ဒဏ် ၁၃ နှစ်ချမှတ်ခံထားရတဲ့အတွက် အခု စုစုပေါင်း ၂၁ နှစ်ဖြစ်သွားပါတယ်။

ကိုစောမောင်၊ ကိုအောင်မိုးလွှသ်၊ ကိုမိုးထက်နေ၊ ကိုထွန်းလင်းအောင်၊ ကိုနိုင်ဝင်း၊ ကိုထွန်းလင်းဦးနဲ့ကိုဇော်လတ်တို့ကို အသင်းအဖွဲ့ပုဒ်မ ၆ နဲ့ ထောင်ဒဏ် ၅ နှစ်စီစီရင်လိုက်ပါတယ်။ ဒီထဲမှာလည်း ကိုစောမောင်ဟာအရင်ကထောင်ဒဏ် ၈ နှစ်ချမှတ်ခံပြီးသားဖြစ်တဲ့အတွက် အခုထောင်ဒဏ်စုစုပေါင်း ၁၃ နှစ်ဖြစ်သွားပြီး ကိုထွန်းလင်းအောင်ဟာ အရင်က ထောင်ဒဏ် ၁၃ နှစ်ချမှတ်ခံထားရတဲ့အတွက် ဒီနေ့ပြစ်ဒဏ်နဲ့ဆိုရင် စုစုပေါင်းထောင်ဒဏ် ၁၈ နှစ်ဖြစ်သွားပါတယ်။

သူတို့အမှုတွက်ရှေ့နေတွေအဖြစ် ဦးငွေအောင်၊ ဦးခင်မောင်မြင့်၊ ဦးမြင့်သောင်းနဲ့ဦးမောင်မောင်လတ်တို့က လိုက်ပါဆောင်ရွက်ပေးခဲ့ကြတယ်လို့ သိရှိရပါတယ်။

# VB သူ့အမြင်

ဒီကနေ့ခေတ်သစ်ကမ္ဘာမှာ နယ်ချဲ့စနစ်ဆိုတာ ခေတ်မစားတော့တဲ့အနေအထားမှာ တရုတ်အစိုးရဟာ ပြောင်ပြောင်တင်းတင်း မြန်မာနိုင်ငံကို နယ်ချဲ့ထားတဲ့အကြောင်း လေ့လာသူတွေက ထုတ်ဖော်ပြောဆိုနေပါတယ်။ မြန်မာနိုင်ငံထဲက တရုတ်ပြည်နယ်တခုလို့ဆိုရမလောက် ဝ ပြည်နယ်တခွင်ဟာ တရုတ်အစိုးရရဲ့ အထောက်အပံ့နဲ့ တရုတ်သူဌေးတွေက ကြီးစိုးထားတာပါ။ ဒီကိစ္စနဲ့ ပတ်သက်ပြီး ၂၀၀၉ စက်တင်ဘာ ၂၅ ရက်ထုတ် Washington Post သတင်းစာပါအထူးဆောင်းပါးကို ဒီတပတ်သူ့အမြင်ကဏ္ဍအဖြစ် ဖော်ပြလိုက်ပါတယ်။

မြေပုံအရဆိုရင် မုန်းလားမြို့ဟာ မြန်မာနိုင်ငံပိုင်နယ်မှာရှိနေတာပါ၊ လေ့လာသူတွေအဆိုအရတော့ ဒီမြို့ဟာ တရုတ်ပိုင်မြို့ဖြစ်နေပါတယ်။ ဘာကြောင့်လည်းဆိုတော့ တမြို့လုံးရှိ ဈေးဆိုင်တွေ စားသောက်ဆိုင်တွေရဲ့ နာမည်တွေဟာ တရုတ်စာတွေနဲ့ ရေးထားတာဖြစ်ပြီး တရုတ်ပိုင်တဲ့ဆိုင်တွေဖြစ်ပါတယ်။ အရောင်းအဝယ်အားလုံးကို တရုတ်စကားပြောကြပြီး တရုတ်ယွမ်ငွေကိုသာ အသုံးပြုကြပါတယ်။ မုန်းလားမြို့ရဲ့စံတော်ချိန်ဟာ မြန်မာစံတော်ချိန်လား၊ တရုတ်စံတော်ချိန်လားဆိုတာ မေးခွန်းထုတ်စရာဖြစ်နေပါတယ်။

မုန်းလားမြို့ဟာ ရှမ်းအထူးဒေသ ၄ ရဲ့ မြို့တော်ဖြစ်ပါတယ်။ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရှိနေတဲ့ ဒေသတွေအထဲက ဒေသတခုဖြစ်ပါတယ်။ တော တောင်ထူထပ်ပြီး တရုတ်နိုင်ငံနဲ့နယ်ချင်းထိစပ်နေတဲ့ အဲဒီဒေသတွေမှာရှိတဲ့ လက်နက်ကိုင်တိုင်းရင်းသားတွေဟာ လွန်ခဲ့တဲ့ နှစ် ၂၀ လောက် ကတည်းက နအဖစစ်ဗိုလ်ချုပ်တွေနဲ့ အပစ်ရပ်ရေးသဘောတူထားခဲ့တာဖြစ်ပါတယ်။

ဒဏ်ခတ်ပိတ်ဆို့မှုအပြင် မြန်မာနိုင်ငံတွင်း နအဖစစ်ဗိုလ်ချုပ်တွေရဲ့ စီမံခန့်ခွဲမှုညံ့ဖျင်းလွန်းလို့ စီးပွားရေးတွေ ကသောင်းကနင်းဖြစ်ပြီး လူထုဆင်းရဲတွင်းနက်နေချိန်မှာ တိုင်းရင်းသားလူမျိုးစုများ ဒီမိုကရေစီမဟာမိတ်တပ်ပေါင်းစုတွေ အုပ်ချုပ်နေတဲ့ မုန်းလားမြို့ကတော့ စီးပွားရေးတွေတိုးတက်ဖွံ့ဖြိုးပြီး ခေတ်မီမြို့တမြို့ဖြစ်နေတာပါ။ ရွှေတြိဂံနယ်မြေရယ်လို့ ကျော်ကြားခဲ့တဲ့ အဲဒီဒေသကို မှီခိုနေတဲ့ မုန်းလားမြို့ဟာ ကာလာအိုကေတွေ၊ မူးယစ်ဆေးဝါးကရတဲ့ငွေတွေနဲ့ လောင်းကစားဝိုင်းမျိုးစုံနဲ့တိုးတက်စည်ကားနေတာပါ။

သူ့ပုန်နယ်မြေအတွင်း မုန်းလားမြို့နဲ့ ၁၂ မိုင်ခန့်ဝေတဲ့ မုန်းမားမြို့ကို သွားရာလမ်းတလျှောက်မှာ ခမ်းနားကြီးမားကျယ်ဝန်တဲ့ အိမ်ကြီးတလုံးနဲ့ ခြံကျယ်ကြီးတခုကို တွေ့ရမှာဖြစ်ပါတယ်။ ဂေါက်ကွင်းအပါအဝင် အဲဒီခြံကျယ်ကြီးဟာ ဒီမိုကရေစီမဟာမိတ်တပ်ပေါင်းစု ကွပ်ကဲရေးခေါင်းဆောင်က သူကိုယ်တိုင် နေဖို့ဆောက်လုပ်ထားတာဖြစ်ပါတယ်။ ဒီမြို့ နှစ်မြို့ကို အသွားအပြန်ပြေးဆွဲနေတဲ့ တရုတ်သူဌေးပိုင် လှပအောင်စီမံထားတဲ့ လောင်းကစားဝိုင်းပါ လှေတစင်းပေါ်မှာ ပြင်သစ်ဘရမ်ဒီအပါအဝင် အရက်မျိုးစုံ၊ အစားသောက်မျိုးစုံနဲ့ ဇိမ်ခံနိုင်ပါတယ်။

တရုတ်စီးပွားရေးသမားတွေရဲ့လက်အောက်ခံ အရှိန်နဲ့တိုးတက်နေတဲ့ မုန်းလားမြို့လေးဟာ တလအတွင်းမှာပဲ ရုတ်ချီးရပ်ဆိုင်းသွားပါတော့တယ်။ မုန်းလားမြို့နဲ့သိပ်မဝေးတဲ့ ကိုးကန့်အုပ်ချုပ်နေတဲ့ အထူးဒေသ ၁ ကို နအဖစစ်တပ်က အင်အားသုံးပြီး အလုံးအရင်းနဲ့ ဒရကြမ်းဝင်ရောက်တိုက်ခိုက် သိမ်းပိုက်လိုက်ပါတယ်။ ဒီတိုက်ခိုက်မှုကြောင့် ကိုးကန့်စစ်တပ်အပါအဝင် အရပ်သားတရုတ်လူမျိုး ၄ သောင်းနီးပါးဟာ မိမိပိုင် အိုးအိမ်ပစ္စည်းများကို စွန့်လွှတ်ပြီး နယ်စပ်ဖြတ်ကျော်ကာ တရုတ်နိုင်ငံထဲ ထွက်ပြေးခိုလှုံခဲ့ကြရပါတယ်။ ဒီကနေ့အခြေအနေမှာ မုန်းလားမြို့ရဲ့ လုပ်ငန်းအားလုံးနီးပါးဟာ ရပ်ဆိုင်းထားရပြီး လုပ်ငန်းရှင်တွေဟာ တရုတ်နိုင်ငံထဲမှာ ဒုက္ခသည်များအဖြစ်ယာယီနေထိုင်နေကြပြီး မုန်းလားမြို့ရဲ့ အထူးဒေသ ၄ ကို နအဖစစ်တပ်က တိုးပြီး တိုက်ခိုက်လာမလားဆိုတာ ရင်တမမနဲ့ စောင့်စားနေကြပါတယ်။ အခုလို မဟာဗျူဟာကျကျ ပဟေဠိဆန်နေပြီး လှပတဲ့ မုန်းလားမြို့လေးဟာ တကယ်တော့ မြန်မာပိုင်တဲ့ မြန်မာနိုင်ငံရဲ့ နယ်စပ်မြို့တမြို့ပါ။

တိုင်းရင်းလူမျိုးစုတွေလိုလားတဲ့ နိုင်ငံရေးတည်ငြိမ်မှုမရှိဘဲနဲ့တော့ ဒီမိုကရေစီနဲ့ပြည်တွင်းငြိမ်းချမ်းရေးဆိုတာ လုံးဝမရှိနိုင်ဘူးလို့ သုံးသပ်သူတွေက ဝေဖန်ပြောဆိုထားပါတယ်။ နအဖစစ်အုပ်စု၊ အတိုက်အခံခေါင်းဆောင်တွေနဲ့တိုင်းရင်းသားခေါင်းဆောင်တွေပါဝင်တဲ့ သုံးပွင့်ဆိုင်ဆွေးနွေးပွဲဖြစ်ပေါ်ဖို့ ကုလသမဂ္ဂရဲ့ကြိုးပမ်းချက်တွေကလည်း အရာမရောက်ခဲ့ပါဘူး။ တိုင်းရင်းသားအဖွဲ့အစည်းအများစုဟာ မူးယစ်ဆေးဝါးကိစ္စမှာ ပါဝင်ပတ်သက်နေတာကြောင့်လည်း သုံးပွင့်ဆိုင်ဆွေးနွေးပွဲဖြစ်မြောက်ရေးအတွက် အနောက်နိုင်ငံတွေဟာ လိုလိုလားလားတွန်းအားပေးမှုမရှိခဲ့ပါဘူး။

လတ်တလောအခြေအနေမှာ နေအိမ်အကျယ်ချုပ်ကျခံနေရတဲ့ နိုဘဲလ်ဆုရှင် လူထုခေါင်းဆောင်ဒေါ်အောင်ဆန်းစုကြည်ရဲ့အခန်းကဏ္ဍကို ကမ္ဘာက အကဲခတ်လေ့လာနေပါတယ်။ သူမရဲ့လွတ်မြောက်ရေးဟာ နှစ်ပေါင်းများစွာရှေ့မတိုးနောက်မဆုတ်ဖြစ်နေတဲ့ နိုင်ငံရေးအကျပ်အတည်းကို ဖြေရှင်းနိုင်လိမ့်မယ်လို့မယူဆသူတွေလည်း ရှိပါတယ်။

မြန်မာနိုင်ငံလူဦးရေသန်း ဖ၀ ရဲ့ ၄၀ ရာခိုင်နှုန်းကျော်ရှိတဲ့ တိုင်းရင်းသားပေါင်းစုံလူမျိုးနွယ်တွေဟာ တောင်တန်းဒေသတွေနဲ့ မြစ်ဝကျွန်းပေါ်ဒေသတွေမှာ နေထိုင်နေကြတာဖြစ်ပါတယ်။ တိုင်းရင်းသားအများစုဟာ နအဖစစ်အုပ်စုကို ယုံကြည်မှုမရှိတာနှစ်အတန်ကြာနေပါပြီ။ တိုင်းရင်းသားတွေအဆိုအရ တိုင်းပြည်ကိုအုပ်ချုပ်နေတဲ့ လက်ရှိနအဖစစ်ဗိုလ်ချုပ်တွေဟာ လိမ်လည်လှည့်ဖျားနိုင်လွန်းသူတွေလို့ အရိုးစွဲနေကြတာပါ။

အာဏာရူးကြီးဗိုလ်သန်းရွှေဟာ အိပ်ကောင်းခြင်းနဲ့မအိပ်နိုင်ပါဘူး၊ တရေးနိုး လန့်နိုးတဲ့အခါ စဉ်းစားတွေးပူနေတာက ဒီမိုကရေစီရေး နိုင်ငံတကာရဲ့ဖိအားပေးမှုတွေကို မဟုတ်ပါဘူး။ သူစိုးရိမ်သောကရောက်နေတာကတော့ လက်နက်ကိုင်တိုင်းရင်းသားလူမျိုးစုတွေရဲ့အရေးပဲဖြစ်ပါတယ်လို့ နအဖစစ်ဗိုလ်ချုပ်တွေရဲ့ အရာရာကို လျှို့ဝှက်သိုသိပ်တတ်တဲ့အပေါ် အနောက်တိုင်းသံတမန်တွေက ခန့်မှန်းပြောဆိုနေကြတာပါ။ အများအပြားရင်းနှီးမြှုပ်နှံထားတဲ့ မိတ်ဆွေတရုတ်အစိုးရ စိတ်ဆိုးဒေါသထွက်မယ့်အလုပ်မျိုးကို နအဖဗိုလ်ချုပ်တွေလုပ်မယ့်သဘောမရှိပါဘူးလို့ယူဆရပါတယ်။

လွန်ခဲ့တဲ့ နှစ် ၂၀ က နယ်စပ်တလွှားမှာရှိတဲ့ လက်နက်ကိုင်တိုင်းရင်းသားအုပ်စု ၂၇ ခုနဲ့ နအဖဗိုလ်ချုပ်တွေဟာ အပစ်အခတ်ရပ်စဲရေးသဘောထူစာချုပ်လုပ်ထားခဲ့ပါတယ်။ ဒီလက်နက်ကိုင်အုပ်စုတွေကို နအဖစစ်ဗိုလ်တွေနဲ့စကားပြောဖို့နားချရာမှာ တရုတ်အစိုးရဟာ အဓိကအခန်းကဏ္ဍကပါနေတာပါ။ အများစုဟာ တရုတ်အစိုးရထောက်ပံ့အားပေးထားတဲ့ ဗမာပြည်ကွန်မြူနစ်ပါတီအပါအဝင် အခြားခွဲထွက်လက်နက်ကိုင်တွေအဖွဲ့တွေဖြစ်ပါတယ်။ ဗမာပြည်ကွန်မြူနစ်ပါတီဟာ ၁၉၈၀ ခုနှစ်ဝန်းကျင် ပါတီပြိုကွဲ မသွားမီအချိန်အထိ တရုတ် မြန်မာနယ်စပ်တလျှောက်ကို ထိန်းချုပ်ကွပ်ကဲနေခဲ့တာပါ။ အဲဒီအချိန်က တရုတ်အစိုးရဟာ သူ့ကိုယ်ကျိုးစီးပွားအတွက် ဒီလက်နက်ကိုင်အဖွဲ့တွေကို နယ်စပ်ကြားခံအဖြစ်ကူညီအားပေးခဲ့တာပါ။ ဒါကြောင့်လည်း နောက်ပိုင်းမှာ မူးယစ်ဆေးဝါးတိုးတက်ဖြစ်ထွန်းလာပြီး ဘိန်းဘုရင်တွေပေါ်လာတော့တာပါပဲ။ ဒီနယ်မြေကို ကိုယ်ပိုင်အုပ်ချုပ်နယ်မြေအဖြစ်ထိန်းချုပ်ထားပြီး မူးယစ်ဆေးဝါးနဲ့ လောင်းကစားဝိုင်းတွေကနေဝင်ငွေအမြောက်အများရရှိနေတာဖြစ်ပါတယ်။ HIV-AIDS ရောဂါတွေလည်း

**စာမျက်နှာ ၁၂ သို့**

| 2009 | | | | | | |
|---|---|---|---|---|---|---|
| | | | 1 | 2 | 3 | 4 |
| 5 | 6 | 7 | 8 | 9 | 10 | 11 |
| 12 | 13 | 14 | 15 | 16 | 17 | 18 |
| 19 | 20 | 21 | 22 | 23 | 24 | 25 |
| 26 | 27 | 28 | 29 | 30 | 31 | |

# သတင်းပြက္ခဒိန်

**အောက်တိုဘာ ၁၃၊ AFP ။ ။** ဒေါ်အောင်ဆန်းစုကြည်သည် အထိန်းသိမ်းခံနေရသော်လည်း မြန်မာပြည်နိုင်ငံရေးယန္တရားတွင် ပြန်လည်သက်ဝင်လှုပ်ရှားလာကြောင်း။

**အောက်တိုဘာ ၁၃၊ Narinjara ။ ။** ဘင်္ဂလားဒေ့ရှ် ဗိုလ်ချုပ် Sbdul Mubin သည် တင်းမာနေသော မြန်မာနယ်စပ် Alikadam ဒေသသို့ သွားရောက်စစ်ဆေးခဲ့ကြောင်း။

**အောက်တိုဘာ ၁၃၊ Irrawaddy ။ ။** ထိုင်းရဲနှင့်လူ့အခွင့်အရေးအဖွဲ့များပေါင်း၍ Samaesan တွင် လှေနှင့်ပွဲစားအိမ်များဝင်စီးရာ မြန်မာလူကုန်ကူးခံရသူ ၁၈ ဦးလွတ်ခဲ့၏။

**အောက်တိုဘာ ၁၃၊ GUWAHATI,India ။ ။** ဒေါ်စုမလွတ်လပ်ဘဲရွေးကောက်ပွဲကျင်းပလျှင် အမိပွါယ်မရှိဟု အိန္ဒိယနှင့် မြန်မာဒီမိုကရေစီလှုပ်ရှားသူများ မှဆို၏။

**အောက်တိုဘာ ၁၃၊ DVB ။ ။** မိတ္ထီလာအဲန်အဲလ်လ်ဒီမှတင်ပြသော်လည်း နိုင်ငံလုံးဆိုင်ရာညီလာခံခေါ်ရန် မလိုအပ်သေးဟု အဖွဲ့ချုပ်မှဆုံးဖြတ်ကြောင်း။

**အောက်တိုဘာ ၁၃၊ XNA ။ ။** ကမ္ဘောဒီးယားနှင့်မြန်မာတို့သည် စစ်တပ်ရေးရာပူးပေါင်းဆောင်ရွက်ရန် သဘောတူခဲ့၏။

**အောက်တိုဘာ ၁၃၊ DVB ။ ။** မြန်မာအပေါ် လက်နက်ပိတ်ပင်မှုပြုရန် အရှေ့တီမောသမတ Dr. Jose Ramos Horta မှ တောင်းဆိုချက်နောက်တွင် ကမ္ဘာ၏မြန်မာအပေါ်ဖိအား တဖန်ပိုမိုတင်းကျပ်လာကြောင်း။

**အောက်တိုဘာ ၁၄၊ DVB ။ ။** ဒီကေဘီအေသည် နအဖ ၏ နယ်စောင့်တပ်အသွင်ပြောင်းရန် ခြေလှမ်းပြင်နေကာ တပ်စာရင်းကို နအဖ တပ်သို့ တင်ပြရမည်ဖြစ်ကြောင်း။

**အောက်တိုဘာ ၁၄၊ AHRC ။ ။** လျှပ်စစ်မီးပျက်မှုကို တိုင်တမ်းငြီးညူသူ ဦးခင်မောင် ၄၅ အား ထောင်ချမှု စသည်တို့အတွက် အာရှလူ့အခွင့်အရေးအဖွဲ့မှ နအဖ အား ဥပဒေကိုလိုသလို အလွဲသုံးစားမှုပြုခြင်းများအတွက် ပြစ်တင်ဝေဖန်၏။

**အောက်တိုဘာ ၁၄၊ DVB ။ ။** ယနေ့အစောပိုင်းတွင် ဒေါ်အောင်ဆန်းစုကြည်နှင့်အနောက်တိုင်းသံတမန် ၃ ဦးတွေ့ဆုံပြီးနောက် အီးယူမှသံတမန် ၂၀ ခန့် ထိုင်းဆိုင်ရာဆွီဒင် သံအမတ်ကြီးမှဦးစီး၍ ယနေ့ အဲန်အဲလ်လ်ဒီအဖွဲ့သို့ သွားရောက်ခဲ့ကြောင်း။

**အောက်တိုဘာ ၁၄၊ DVB ။ ။** ကြို့ပင်ကောက် မြန်မာ့သစ်လုပ်ငန်း အမှတ် ၈၇ တွင် ဝန်ထမ်းများတရားဝင် ခွင့်ယူသည်ကို လစာဖြတ်တောက်ခံနေရကြောင်း။

**အောက်တိုဘာ ၁၄၊ DHAKA ။ ။** လတ်တလောမြန်မာတပ်များ၏ လှုပ်ရှားမှုကြောင့် ပြာမခတ်သင့်ကြောင်း၊ သတိတော့ထားရမည်ဟု ဘင်္ဂလားဒေ့ရှ်ပြည်ထဲရေးဝန်ကြီးမှဆို၏။

**အောက်တိုဘာ ၁၄၊ Mizzima ။ ။** အချုပ်စာစောင်တွင် ဖေဖော်ဝါရီ ၁၄ ဘဲလင်တိုင်းနေ့အမည်ဖြင့် ဗိုလ်ချုပ်သန်းရွှေအား အာဏာရူးဟု ကဗျာစပ်၍ နိုင်ငံရေးအကျဉ်းကျ ကလောင်ရှင် ကိုစောဝေအား Human Rights Watch မှ Hellman/Hammet ဆုချီးမြှင့်လိုက်၏။

**အောက်တိုဘာ ၁၄၊ Irrawaddy ။ ။** သံဃာတပါးအပါအဝင် ၁၁ ဦးအား အင်းစိန်ထောင်တရားရုံးမှ ထောင် ၅ နှစ်မှ ၁၀ နှစ်စီအထိချမှတ်စီရင်ခဲ့၏။

**အောက်တိုဘာ ၁၄၊ Irrawaddy ။ ။** တရုတ်ရှိတရားမဝင်မြန်မာလုပ်သားများအား တရုတ်အာဏာပိုင်များမှ တနေ့ ၁၀၀ ခန့် ဖမ်းဆီးရိုက်နှက်နေကြောင်း။

**အောက်တိုဘာ ၁၄၊ DVB ။ ။** ဘင်္ဂလားအော်တွင်တပ်စွဲထားသော မြန်မာရေတပ်သင်္ဘောများသည် ဘင်္ဂလားဒေ့ရှ်အတွက် ရေနံတူးကုမ္ပဏီများကို ခြိမ်းခြောက်နေကြောင်း ဘင်္ဂလားဒေ့ရှ်အတွက် ရှေ့နေမှဆို၏။

**အောက်တိုဘာ ၁၄၊ DVB ။ ။** တောင်ကြီးမှ ပြည်နယ်နှင့်ခရိုင်တရားသူကြီး ၃ ဦးအား မှုးယစ်ဆေးအမှုတွင် အဂတိလိုက်စားမှုဖြင့် အလုပ်ဖြုတ်ခဲ့ကြောင်း။

**အောက်တိုဘာ ၁၅၊ TKY-DVB ။ ။** ဒီမိုကရေစီလှုပ်ရှားမှုအတွက် ပိုမိုကူညီရန်တောင်းဆိုခဲ့ပြီး ဂျပန်သည်လည်း မြန်မာနိုင်ငံဆိုင်ရာမူဝါဒများ ပြန်လည်သုံးသပ်နေသည့် သဘောမျိုးတွေ့ရကြောင်း ယမန်နေ့က ဂျပန်ဒု နိုင်ငံခြားရေးဝန်ကြီးနှင့်ဆွေးနွေးခဲ့သူ အင်စီယူဘီအတွင်းရေးမှူးနှင့် အက်ဖ်တီယူဘီအတွင်းရေးမှူး ဦးမောင်မောင်မှဆို၏။

**အောက်တိုဘာ ၁၅၊ CNN ။ ။** အိုဘားမားအမေရိကန်အစိုးရသည် လူ့အခွင့်အရေးကို နိုင်ငံရေး၏နောက်ကွယ်တွင်ထားနေကြောင်း Human Rights Watch မှ ဒါရိုက်တာ Tom Malinowski မှဆို၏။

**အောက်တိုဘာ ၁၅၊ Irrawaddy ။ ။** ရွှေဝါရောင်တော်လှန်ရေး ၂ နှစ်ပြည့်ဝန်းကျင်တွင် သံဃာအပါး ၃၀ ခန့်အဖမ်းခံခဲ့ရကြောင်း AAPP စသည့်အဖွဲ့များနှင့်ဒေသခံများမှဆို၏။

**အောက်တိုဘာ ၁၅၊ Mizzima ။ ။** မြောက်ဥက္ကလာပရဲစခန်းသည် ရဲသားပန်းသီးနှင့်ရပ်ကွက်လူကြီးဦးဝင်းချိုတို့မှ လက်ထိပ်ခတ်ရိုက်နှက်၍ သေဆုံးသူ ဦးကျော်မောင် ၅၆ အမှုကို စုံစမ်းစစ်ဆေးနေ၏။

**အောက်တိုဘာ ၁၅၊ LDN ။ ။** ဗြိတိသျှ PEN Pinter စာပေဆုရ ကဗျာဆရာတိုနီဟယ်ရီဆင်မှတောင်းဆို၍ ထိုဆုအား ဇာဂနာသို့ ထောင်တွင်းကဗျာအတွက် ဂုဏ်ပြုလွှဲပေး အပ်ကြောင်း။

**အောက်တိုဘာ ၁၅၊ DVB ။ ။** မျိုးဆက်သစ်လူငယ်အဖွဲ့ Genartion Wave သည် ရွှေတောင်၊ ဝက်ပုတ်၊ အင်းမ၊ ပေါင်းတည်၊ နတ္တလင်း၊ ဇီးကုန်း စသည့် ရန်ကုန်–ပြည်ကား လမ်းတလျှောက် မြို့ဝင် လူမြင်ကွင်းများတွင် Free GW စာလုံးကြီးများ မှုတ်မှင်ဖြင့်ရေးသားတောင်းဆိုထားကြောင်း။

**အောက်တိုဘာ ၁၅၊ DVB ။ ။** လားရှိုးထောင်တွင် ကလေးစစ်သည် ၂ ဦး ခမရ ၃၂၂ မှ မောင်အောင်ကိုထွေးပါ ၂ ဦးအား ဒီကေဘီအေမိသားစုဝင် ကလေးတပ်သားတဦး ခိုက်ရန်ဖြစ်ပြီးသတ်မှုအတွက် စစ်အာဏာပိုင်များမှ သေဒဏ်ချထားကြောင်း မိသားစုဝင်များမှဆို၏။

**အောက်တိုဘာ ၁၅၊ Kachin News ။ ။** နအဖ ၏လယ်မြေသိမ်းမှုများကြောင့် မြေသြဇာကောင်းသောကချင်ပြည်နယ်တွင် လူများငတ်မွတ်ခေါင်းပါးခြင်းရင်ဆိုင်နေရ၏။

**အောက်တိုဘာ ၁၅၊ Kaladan Press ။ ။** ရခိုင်မှရိုဟင်ဂျာ ၈၀ ဦးအား ဘင်္ဂလားဒေ့ရှ်သည် မြန်မာသို့ ပြန်တွန်းပို့ခဲ့ကြောင်း။

**အောက်တိုဘာ ၁၅၊ DVB ။ ။** KNU နှင့် GDKBA ပြန်ပေါင်းရေး အပစ်အခတ်ရပ်ဆွေးနွေးရန် မြိုင်ကြီးငူဆရာတော် အရှင်သုဇနမှ စက်တင်ဘာ ၂၉ တွင် စာရေး တောင်းဆို၏။

**အောက်တိုဘာ ၁၆၊ DVB ။ ။** ဒေါ်အောင်ဆန်းစုကြည်အမှု ဗဟိုတရားရုံးသို့အယူခံရန် သူမ၏ရှေ့နေများနှင့် ယနေ့တွေ့ ဆုံမည်။

**အောက်တိုဘာ ၁၆၊ DHAKA ။ ။** မြန်မာတပ်သည် နယ်စပ်တိုက်ပွဲအဆင့်အထိ အသင့်ပြင်ထား၍ မိမိတို့တပ်လည်း တပ်ရင်းသုံးရင်းတိုးထားရကြောင်း ဘင်္ဂလားဒေ့ရှ်မှဆို၏။

**အောက်တိုဘာ ၁၆၊ DVB ။ ။** အိန္ဒိယသည် မြန်မာအပေါ်နိုင်ငံခြားရေးပေါ်လစီတွင် လူ့အခွင့်အရေးကို အထူးဂရုစိုက်သင့်ကြောင်း Human Rights Watch မှ ရှုံးဒေလီတွင်ဆို၏။

**စာမျက်နှာ ၁၃ သို့**

# နော်အုန်းလှနဲ့အဖွဲ့ ၄ ဦးဘယ်မှာ မိသားစုဝင်တွေနဲ့ တွေ့ခွင့်ရ

**DVB ၊ အောက်တိုဘာ ၁၂။** ။ ပြီးခဲ့တဲ့သီတင်းကျွတ်လပြည့်နေ့က သံဃာတော်တွေကို ဆွမ်းကပ်ပြီးအပြန်မှာ အဖမ်းခံလိုက်ရတဲ့ အင်္ဂါဘုရားဖူးခေါင်းဆောင်ဒေါ်နော်အုန်းလှနဲ့အဖွဲ့ ၄ ဦး ဒီနေ့ မိသားစုဝင်တွေနဲ့တွေ့ခွင့်ရပါတယ်။

ပြီးခဲ့တဲ့ သီတင်းကျွတ်လပြည့်နေ့က အဖမ်းခံရတဲ့ အင်္ဂါဘုရားဖူးအဖွဲ့ဝင် ဒေါ်နော်အုန်းလှ၊ ဒလမြို့နယ်က မစန်းစန်းမြင့်၊ သင်္ဃန်းကျွန်းမြို့နယ်မှ မချိုချိုလွင်၊ တောင်ဒဂုံမြို့နယ်က မချိုတို့ကို မိသားစုဝင်တွေက ဒီနေ့ အင်းစိန်ထောင်မှာသွားရောက်တွေ့ဆုံတာပါ။ သူတို့ကို ဖမ်းဆီးတုန်းက ပန်းဘဲတန်းမြို့နယ်က ခြောက်ထပ်ရုံးစစ်ကြောရေး စခန်းမှာ ၄ ရက် ထိန်းသိမ်းထားပြီး အောက်တိုဘာ ၆ ရက်နေ့ညမှာ အင်းစိန်ထောင်ကို ပို့လိုက်တာလို့ သွားရောက်တွေ့ဆုံခဲ့တဲ့ မိသားစုဝင် တယောက်က ပြောပါတယ်။ လောလောဆယ် သူတို့ကို အင်းစိန်ထောင်တွင်း အမျိုးသမီးအချုပ်ခန်းမှာထိန်းသိမ်းထားပြီး သွားတွေ့ချိန်မှာ ကျန်းကျန်းမာမာရှိကြတယ်လို့ မချိုချိုလွင့်ရဲ့ဖခင်က ပြောပါတယ်။

"သူတို့ ၄ ဦး စလုံး ကျန်းမာရေးကောင်းပါတယ်။ ထောင်တခုထဲမှာ မချိုချိုလွင်နဲ့ မချိုက တခန်း၊ နော်အုန်းလှနဲ့ မစန်းစန်းမြင့် က တခန်းနေရတယ်။ ဝန်ထမ်းတွေလည်း ဆက်ဆံရေးကောင်းပါတယ်တဲ့၊ ပထမဆုံးတွေ့ခဲ့တဲ့အခေါက်မှာ နည်းနည်းပါးပါး ပေးခဲ့တယ်။"

သူတို့ သားအဖအချင်းချင်း ပြောဆိုနေတာတွေကို ထောင်ဝန်ထမ်းတွေက စာအုပ်နဲ့ အသံဖမ်းစက်တွေနဲ့ ဘေးနားက အသံဖမ်း ရေးမှတ်နေလို့ စိတ်အနှောင့်အယှက်ဖြစ်ခဲ့ရတယ်လို့လည်း ပြောပါတယ်။ နော်အုန်းလှနဲ့အဖွဲ့ ၄ ဦးကို အရေးပေါ်စီမံမှု အက်ဥပဒေပုဒ် ၅–ည နဲ့ ဖမ်းဆီးထိန်း သိမ်းထားကာ ရမန်နှစ်ပတ်ယူထားပြီး လာမယ့်အောက်တိုဘာ ၁၉ ရက်နေ့မှာ ရမန် နှစ်ပတ်ပြည့်မယ်လို့ပြောပါတယ်။ သူတို့ ၄ ဦး ဟာ ဘုရားဖူးဆုတောင်းတာက လွဲလို့ ဥပဒေနဲ့မကင်းတာ မပြုလုပ်တဲ့အတွက် မကြာခင် ပြန်လွှတ်မယ်လို့မျှော်လင့်ကြောင်း မချိုချိုလွင့်ရဲ့ဖခင်က ပြောပါတယ်။ သမီးကို ဖမ်းဆီးထားတဲ့ တပတ်ကျော်အတွင်းမှာ အာဏာပိုင်တွေဆီက ဘာမှအကြောင်းကြားခြင်း မရှိတဲ့အတွက် စိတ်ပူခဲ့ရကြောင်းနဲ့ သမီးကိုသွားတွေ့ခွင့် ရတဲ့အတွက် နည်းနည်းစိတ်အေးသွားတယ်လို့ ပြောပါတယ်။

"စိတ်အေးသင့်သလောက် အေးသွားပေမယ့် ကိုယ့်အိမ် ပြန်ရောက်လာမှ စိတ်နှလုံး ဒုံးဒုံးချပြီး စိတ်အေးရတော့မယ်လေ။"

အင်္ဂါဘုရားဘူးအဖွဲ့ဝင် ၄ ဦး ကို မိသားစုဝင်တွေက တွေ့ခွင့်ရပေမယ့် ပြီးခဲ့တဲ့ ဇွန်လက အဖွဲ့ချုပ်ဝင် ကိုနိုင်ငံလင်းနဲ့အတူ အဖမ်းခံခဲ့ရတဲ့ ကိုဝေစိုးလင်း (ခေါ်) ကျော်ကျော်ကို အခုအထိ မိသားစုဝင်နဲ့တွေ့ခွင့်မသေးပါဘူး။ ကိုဝေစိုးလင်းကို ကျောက်မြောင်း အင်တာနက်ဆိုင်တဆိုင်မှာ ဖမ်းဆီးခဲ့တာဖြစ်ပြီး အောင်သပြေစစ်ကြောရေးစခန်းမှာ နှစ်လကျော်ထိန်းသိမ်းခဲ့ပါတယ်။ ပြီးခဲ့တဲ့ ဩဂုတ်လကက အင်းစိန်ထောင်ကို ရောက်တယ်လို့သိရပေမယ့် အခုထိတွေ့ခွင့်မရတဲ့အတွက် စိတ်ပူပန်မိတယ်လို့ ကိုဝေစိုးလင်းရဲ့အစ်မက ပြောပါတယ်။

"အင်းစိန်ကို ၈ လပိုင်း ၂၀၀၉ က ပို့လိုက်တာ။ လူတွေ့ခွင့်မရဘူး။ ပါဆယ်တော့ ပေးခွင့်ရတယ်။ ဒါပေမယ့် ရှိမရှိဆိုတာ သေချာမသိဘူး။ သူတို့ပြောသလောက်ပဲ သိရတာလေ။ ၂ လကျော်ပြီလေ။ စစ်ခွေးတိုက်မှာ ထားတယ်ဆိုတော့ အရမ်းစိတ်ပူတယ်။ သူအဖမ်းခံရတုန်းကလည်း ကျန်းမာရေးသိပ်မကောင်းဘူး။ အဆုတ်ကလည်း သိပ်မကောင်းဘူး။ ဆေးခန်းပြနေရတဲ့အချိန်လေ။ သေချာမသိရဘူးဖြစ်နေတယ်။ လူပျောက်နေတယ်။ ထောင်တာဝန်ခံအရာရှိကို မေးကြည့်တော့ သေသေချာချာ မပြောနိုင်ဘူး။ ရှိတယ်။ ပါဆယ်ပဲ ပို့ပါ။ အက်စ်ဘီက ပိတ်ထားလို့ပါ။ အဲ့ဒီလိုပြောတယ်။ တပတ်ကနေ ၂ ပတ် တဆင့် တဆင့်နဲ့ဆိုတော့ မိသားစုအနေနဲ့ အရမ်းကို ပူလောင်နေပြီ။"

သူနဲ့အတူ အဖမ်းခံခဲ့ရတဲ့ အဖွဲ့ချုပ်ဝင် ကိုနိုင်ငံလင်းကတော့ ပြီးခဲ့တဲ့ တလလောက် ကလွှတ်လာပြီဖြစ်ပေမယ့် ကိုဝေစိုးလင်း ခေါ် ကျော်ကျော်ကတော့ ထိန်းသိမ်းခံရဆဲ ဖြစ်ပါတယ်။

# ၈၈ မျိုးဆက် ကျောင်းသူ မသက်သက်အောင် နှလုံးခွဲစိပ်ကုသရန် လိုအပ်နေ

**DVB ၊ အောက်တိုဘာ ၁၂။** ။ မန္တလေးတိုင်း မြင်းခြံထောင်မှာ အကျဉ်းကျနေတဲ့ ၈၈ မျိုးဆက်ကျောင်းသူ မသက်သက်အောင်နဲ့ မိတ္ထီလာထောင်က သူ့ရဲ့အဒေါ် ဒေါ်စန်းစန်းတင် တို့ ကျန်းမာရေးမကောင်းကြဘူးလို့ ထောင်ဝင်စာ တွေ့ပြီး ပြန်လာတဲ့ မသက်သက်အောင်ရဲ့ မိခင်ဒေါ်စုစုကြည်က ပြောပါတယ်။

ထောင်ဒဏ် ၆၅ နှစ်ကျနေတဲ့ ၈၈ မျိုးဆက်ကျောင်းသူ မသက်သက်အောင်ကို ကျန်းမာရေးအခြေအနေရ နှလုံးခွဲစိပ်ဖို့လိုအပ်နေအကြောင်း ထောင်ဝင်စာ တွေ့ပြန်လာ တဲ့ သူ့ရဲ့မိခင် ဒေါ်စုစုကြည်က ပြောပါတယ်၊ ဒီလ ၈ ရက်နေ့က ထောင်ဝင်စာသွားတွေ့ခဲ့တာဖြစ်ပြီး ထောင်ဆရာဝန်က နှလုံးခွဲစိပ်ဖို့လိုကြောင်း ပြောပေမယ့် မသက်သက်အောင်က သူ ထောင်ကလွှတ်မှပဲ ခွဲစိပ်ဖို့လုပ်ချင်တယ်လို့ ဒေါ်စုစုကြည်က ပြောပါတယ်။

"သူ့ကို ဒီလိုပဲ လွှတ်ထားလိုက်လို့ တခုခုဖြစ်သွားမှာလည်း စိုးရိမ်တယ်။ ခွဲဖို့အတွက် ဆရာဝန်ကြီးတွေ၊ အစ်မတွေ အမျိုးတွေနဲ့ အပြင်မှာ တိုင်ပင်ပြီးမှ ဘယ်လိုလုပ်ရမလဲဆိုတာ စဉ်းစားပြီးလုပ်မယ်။ တကယ်လို့ ခွဲရမယ်ဆိုလည်း ရန်ကုန်မှာခွဲချင်တယ်။ မန္တလေးမှာဆို ဆွေမျိုးမရှိ၊ တည်းဖို့ အခက်အခဲတွေအများကြီးရှိတယ်။ ဆေးဖိုးတင် ၇ သိန်းကုန်ကျမယ်လို့ ဆရာဝန်က ပြောတယ်တဲ့။ အများကြီးကုန်မယ်ဆိုတော့ ရန်ကုန်မှာဆို ကိုယ့်အိမ်မှာကိုယ် ချက်ပြုတ်ပြီး သွားမယ်ဆိုရင် အများကြီး သက်သာမယ်လေ။ "

မသက်သက်အောင်ကို ထောင်ဝင်စာမတွေ့ခင် ၇ ရက်နေ့မှာ မိတ္ထီလာထောင်က မသက်သက်အောင်ရဲ့အဒေါ် ဒေါ်စန်းစန်းတင်ကို ထောင်ဝင်စာသွားတွေ့လိုက်သေးတယ်လို့ ဒေါ်စုစုကြည်က ပြောပါတယ်။ အသက် ၆၁ နှစ် ရှိပြီဖြစ်တဲ့ ဒေါ်စန်းစန်းတင်ဟာ နှလုံးရောဂါ၊ အစာအိမ်ရောဂါစတဲ့ ရောဂါအခံတွေရှိပြီး ထောင်တွင်းမှာ ကျန်းမာရေးမကောင်း ဖြစ်နေပေမယ့် ကျန်းမာရေးစောင့်ရှောက်မှု မရဘူးလို့ ဒေါ်စုစုကြည်က ပြောပြပါတယ်။

"ပြီးခဲ့တဲ့အပတ်က သူ တော်တော်လေး နေမကောင်းဘူး၊ ဒါပေမယ့် ဆရာဝန်တွေ မလာဘူးတဲ့။ ကျန်းမာရေးမှုးလည်း မရှိတော့ဘူးတဲ့။ အစက ထောင်ကျတယောက်ကို ကျန်းမာရေးမှူးလုပ်ထားတာတဲ့။ အခုသူက လွှတ်သွားတော့ သူ့ကို ဘယ်သူမှ လာမကြည့်ပေးဘူးတဲ့။ အရမ်းဖျားတယ်တဲ့၊ သူ့ ခွဲထားတဲ့ ဘယ်ဘက်မျက်စိက အရိပ်လေးပဲ မြင်ရတော့တယ်တဲ့။"

၂၀၀၇ ခုနှစ် အောက်တိုဘာလက ဒေါ်စန်းစန်းတင်ရဲ့ နေအိမ်မှာ မသက်သက်အောင်တို့ကို ဖမ်းမိတာဖြစ်ပြီး ဒေါ်စန်းစန်းတင်ကိုပါ အားပေးကူညီမှုနဲ့ တရားစွဲကာ ထောင် ၉ နှစ် ချခဲ့တာပါ။ အဲဒီနောက် အယူခံရလို့ ထောင်ဒဏ် ၄ နှစ်လျော့သွားခဲ့ပါတယ်။ မသက်သက်အောင်ရဲ့ ခင်ပွန်းဖြစ်တဲ့ ၈၈ မျိုးဆက်ကျောင်းသားကိုချစ်ကိုလင်း၊ ညီမဝမ်းကွဲ မနိုးနိုးနဲ့ ကိုကျော်စွာတို့ကိုလည်း ဖမ်းဆီးထောင်ချထားရပြီး မကွေးတိုင်း၊ ရောဝတီတိုင်းနဲ့ ကချင်ပြည်နယ်ရှိ ထောင်တွေမှာ အကျဉ်းချထားတာဖြစ်ပါတယ်။ နိုင်ငံရေးအကျဉ်းသားတွေကို လွှတ်ပေးနေပေမယ့် အဖမ်းအဆီးကလည်း ဆက်လုပ်နေတာပါ။



## လက်နက်ရောင်းချမှုပိတ်ပင်ပါ

အရှေ့တီမောသမတ ဟိုဆေးရားမို့စ်ဟော်တာက ကုလသမဂ္ဂအနေနဲ့ မြန်မာနိုင်ငံကို လက်နက်ရောင်းချတာမျိုးပိတ်ပင်တားဆီးရေးကိုလုပ်ဆောင်ပါလို့တိုက်တွန်းပြောဆိုလိုက်ပါတယ်။ မြန်မာနိုင်ငံတွင်းက နိုင်ငံရေးနဲ့ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာအခြေအနေတွေ ယိုယွင်းလာနေတာကို နိုင်ငံတကာအသိုင်းအဝိုင်းက မိမိတို့ရဲ့သဘောထားကို ရှင်းလင်းပြတ်သားစွာ ပြသဖို့လိုတယ်လို့ ဆိုပါတယ်။ **(DVB, 13.10.2009)**

## ပိတ်အင်မြန်မာအလိုမရှိ

ဩစတြေးလျားက ဖက်ရှင်ကုန်ပစ္စည်းထုတ်လုပ်ရောင်းချတဲ့ Millers, Katies နဲ့တခြားဖက်ရှင်ကုန်ပစ္စည်းလုပ်ငန်းလုပ်ကိုင်တဲ့ကုမ္ပဏီ ၄ ခုတို့ဟာ မြန်မာပြည်မှာပြုလုပ်တဲ့ကုန်ပစ္စည်းတွေကို မဝယ်ဖို့ဆုံးဖြတ်လိုက်ပြီလို့သိရပါတယ်။ အဲဒီလုပ်ငန်းတွေက မြန်မာပြည်ကကုန်တွေကို ဝယ်တာဟာ စစ်ဗိုလ်ချုပ်ကြီးတွေကို ငွေကြေးပံ့ပိုးပေးရာရောက်တဲ့အတွက်လို့ဆိုပြီး အဲဒီလို ဆုံးဖြတ်လိုက်တာပါ။ **(THE AGE, 12.10.2009)**

## ဒုက္ခသည်အခွင့်အရေးထောက်ပံ့ရေး

ကုလသမဂ္ဂဒုက္ခသည်မဟာမင်းကြီးရုံးနဲ့ အာရှပစိဖိတ်ဒေသဒုက္ခသည်အခွင့်အရေးကွန်ယက်တို့ပူးပေါင်းပြီး ဒုက္ခသည်တွေရဲ့အခွင့်အရေးနဲ့ပတ်သက်ပြီး ပံ့ပိုးမှုတွေလုပ်ပေးနိုင်ဖို့ ဘန်ကောက်မှာအစည်းအဝေးပြုလုပ်ခဲ့ကြပါတယ်။ ဒေသတွင်းက အစိုးရတွေက ဒုက္ခသည်အရေးကိစ္စအပေါ်ရပ်တည်ချက်ပြောင်းလဲလာစေဖို့နဲ့ ဒုက္ခသည်တွေကို ပိုမိုကာကွယ်စောင့်ရှောက်ပေးဖို့ လုပ်ဆောင်ကြိုးပမ်းချက်ဖြစ်တယ်လို့ သိရပါတယ်။ **(UNHCR, 12.10.2009)**

## ဆန်ဈေးတက်လာသည်

မြန်မာပြည်မှာ အနိမ့်စားနဲ့ အလယ်အလတ်တန်းစားအဆင့်ဆန် ဈေးတက်လာနေတယ်လို့ သိရပါတယ်။ ဧည့်စိန်၊ ဇီယာ၊ ပေါ်ကွဲစတဲ့ဆန်တွေဟာ ဩဂုတ်လဆန်းပိုင်းက ၁၀၈ ပေါင်လေးတဲ့ တအိတ်ကို ၁၄၅၀၀ ကျပ်ဖြစ်နေရာကနေ အခုအခါ ၁၇၅၀၀ ကနေ ၁၈၀၀၀ ကြားမှာရှိနေတယ်လို့ သိရပါတယ်။ ပြည်ပတင်ပို့မှုကျနေပေမယ်လည်း ပြည်တွင်းအဝယ်လိုက်လာလို့ဈေးတက်တာလို့ ကုန်သည်တွေကပြောပါတယ်။ အထက်တန်းစား ပေါ်ဆန်းမွှေး ဆန်အမျိုးအစားကတော့ ဈေးတည်ငြိမ်နေပြီး ဆန်ကွဲကတော့ ဈေးတက်လာနေတယ်လို့သိရပါတယ်။ **(MIZZIMA, 13.10.2009)**

## နယ်ခြားကုန်သွယ်ရေးစခန်းသစ်

ရှမ်းပြည်နယ် ကိုးကန့်ဒေသတွင် နအဖက နယ်ခြားကုန်သွယ်ရေးစခန်းသစ်တခုကို ထပ်မံဖွင့်လှစ်မယ်လို့ သိရပါတယ်။ ရန်လုံကြိုင်ဒေသတွင်ဖြစ်ပြီး လောက်ကိုင်ဒေသမှ ၁၃ ကီလိုမီတာခန့်ဝေးသောနေရာဖြစ်ပါတယ်။ အဲဒီ စခန်းပြီးသွားရင်လားရှိုး၊ ကွတ်ခိုင်၊ သိန္နီဒေသတွေကို ဆက်သွယ်နိုင်မယ်လို့ လည်းသိရပါတယ်။ **(XINHUA, 15.10.2009)**

## ဘုန်းကြီးများအဖမ်းခံရ

စက်တင်ဘာနဲ့ အောက်တိုဘာလထဲမှာ မြန်မာပြည်တွင်းမှာ သံဃာများကို ဖမ်းဆီးတာဟာ အနည်းဆုံး ၃၀ လောက်အထိရှိတယ်လို့သိရပါတယ်။ မိတ္ထီလာ၊ ကျောက်ပန်းတောင်းက သံဃာတွေအများဆုံးပါဝင်ပါတယ်။ ရွှေဝါရောင်တော်လှန်ရေးနှစ်ပတ်လည်လှုပ်ရှားမှုနဲ့ဆက်နွယ်ပြီး ကြိုတင်တား ဆီးနိုင်ဖို့နဲ့ လှုပ်ရှားနေသူများကို နှိပ်ကွပ်ဖို့အတွက်လုပ်ဆောင်တာဖြစ်ပါတယ်။

**(IRRAWADDY, 15.10.2009)**

## အာဏာရူးကြီးသန်းရွှေ ကဗျာရေးသူ

အာဏာရူးကြီးသန်းရွှေ ဟူသောစာလုံးပေါ်လွင်အောင် ကဗျာရေးစပ်ဖွဲ့ဆိုခဲ့လို့ ထောင်သွင်းအကျဉ်းချခံထားရတဲ့ ကဗျာဆရာစောဝေကို နယူးယောက်အခြေစိုက် Human Rights Watch အဖွဲ့က ၂၀၀၉ ခုနှစ်အတွက် Hellman/ Hammet ဆုကို ချီးမြှင့်လိုက်တယ်လို့သိရပါတယ်၊ သူနဲ့အတူ နိုင်ငံပေါင်း ၁၉ နိုင်ငံက စာရေးဆရာ ၃၇ ဦးလည်းပါဝင်ပါတယ်။ နိုင်ငံရေးအရ နှိပ်ကွပ်ခံရမယ်ဆိုတာကိုသိရဲ့သားနဲ့ လွတ်လပ်စွာ သဘောဆန္ဒထုတ်ဖော်ပြသခွင့်ကို သတ္တိရှိရှိနဲ့ လုပ်ဆောင်ခဲ့တာကို အသိအမှတ်ပြုလို့ချီးမြှင့်တာလို့ HRW က ဆိုပါတယ်။ **(MIZZIMA, 14.10.2009)**

## ပြောင်းရွှေ့လုပ်သားများ လူပုံအလယ်ရိုက်နှက်ခံရ

တရုတ်ရဲတပ်ဖွဲ့ဝင်တွေဟာ နယ်စပ်ဖြတ်ကျော်ကာ တရုတ်နိုင်ငံထဲ ဝင်ရောက် အလုပ်လုပ်နေတဲ့ မြန်မာပြည်က ပြောင်းရွှေ့လုပ်သားတွေကို လူပုံအလယ်မှာ ရိုက်နှိပ်မှုတွေလုပ်တယ်လို့သိရပါတယ်။ အခုတလောဆိုရင် နေ့စဉ်လိုလိုတရားမဝင်ပြောင်းရွှေ့လုပ်သား ၅၀ လောက် အဖမ်းခံနေရပါတယ်။ စက်တင်ဘာ ၂၅ ရက်နေ့မှစတင်ကာ ဖမ်းဆီးနှိပ်ကွပ်မှုများစတင်ခဲ့ပြီး ရိုက်နှက်များကိုဆိုးရွားစွာခံရတာမျိုးလည်းရှိပါတယ်။ တချို့တွေဆိုရင် ဒေါ်ငွေ ၄၄ ဒေါ်လာပေးဆောင်ပြီးမှ ပြန်လွှတ်ပေးတာမျိုးလည်းရှိပါတယ်။ **(IRAWADDY, 14.10.2009)**

## ဘင်္ဂလားနဲ့တင်းမာမှုအတွက်ပြင်ဆင်

နအဖစစ်အာဏာရှင်တွေဟာ နယ်မြေအငြင်းပွားနေတဲ့ ဘင်္ဂလားဒေ့ရှ်နဲ့ တင်းမာမှုကို ပိုမိုမြင့်တင်ချင်တဲ့သဘောမျိုးတွေလုပ်နေပါတယ်။ တင့်ကားတွေ၊ အမြောက်တွေ၊ စစ်ရေယာဉ်တွေကို နှစ်နိုင်ငံနယ်စပ်အနီးမှာ တိုးမြှင့်ချထားတာတွေလုပ်နေတယ်လို့ ဘင်္ဂလားဒေ့ရှ်သတင်းစာတွေမှာ ဖော်ပြနေပါတယ်။ ဘင်္ဂလားဒေ့ရှ်နိုင်ငံခြားရေးဝန်ကြီးက နအဖဘက်က ပြောဆိုချက်တွေကို ကိုးကားပြီး အခုလိုစစ်အင်အားတွေချထားတယ်ဆိုတာဟာ ပုံမှန်လေ့ကျင့်လှုပ်ရှားမှုတွေဖြစ်တယ် လို့ ပြောဆိုပါတယ်။ **(GULF TIMES, 13.10.2009)**

# ဒီကေဘီအေစစ်သားတယောက်ကို ပစ်ခတ်မှုနဲ့ ကလေးစစ်သားသေဒဏ်ပေး

**RFA ၊ အောက်တိုဘာ ၁၅ ။ ။** ရှမ်းပြည်မြောက်ပိုင်း၊ လောက်ကိုင်မြို့ ခမရ ၃၂၂ က အသက် ၁၆ နှစ်အရွယ် တပ်သား မောင်အောင်ကိုထွေးဟာ ဒီကေဘီအေစစ်သားတယောက်ကို ပစ်ခတ်မှုနဲ့ လားရှိုးထောင်မှာ သေဒဏ်စီရင်ချက်ချမှတ်ခံထားရတယ်လို့ သိရပါတယ်။

ပြီးခဲ့တဲ့ ၂၀၀၆ ခုနှစ်က ရန်ကုန်တိုင်း၊ တောင်ဒဂုံမြို့နယ်နေ ဦးလှဝင်း ဒေါ်သိန်းငွေးတို့ရဲ့သား၊ ၈ တန်းကျောင်းသားမောင်အောင်ကိုထွေးဟာ ကျောင်းသွားရင်းပျောက်ဆုံးသွားခဲ့ပါတယ်။ ပျောက်ဆုံးပြီးတလအကြာမှာ လောက်ကိုင်မြို့ ခမရ ၃၂၂ က မိသားစုကိုဆက်သွယ်လာခဲ့တာကြောင့် မောင်အောင်ကိုထွေးစစ်တပ်ထဲရောက်နေတာသိရတယ်လို့ အစ်မဖြစ်သူကပြောပါတယ်။

အဲဒီနောက် ၅ လအကြာမှာ မောင်အောင်ကိုထွေးက အစ်မဖြစ်သူတွေဆီဆက်သွယ်ပြီး သူစစ်တပ်မှာမပျော်တော့ကြောင်း၊ အိမ်ပြန်ချင်ကြောင်းပြောခဲ့ပါတယ်။ ဒါပေမယ့် အဲဒီနောက်ပိုင်းကတည်းက မောင်အောင်ကိုထွေးနဲ့အဆက်အသွယ်ပြတ်သွားခဲ့တယ်လို့ သိရပါတယ်။

ပြီးခဲ့တဲ့ ၆ လလောက်ကတော့ အစ်မဖြစ်သူကလောက်ကိုင်မြို့က ခမရ ၃၂၂ ကိုဆက်သွယ်ပြီး မောင်အောင်ကိုထွေးရဲ့အခြေအနေကိုမေးမြန်းကြည့်တဲ့အခါ မောင်အောင်ကိုထွေး သေဒဏ်ချမှတ်ခံထားရကြောင်း သိခဲ့ရတယ်လို့ RFA ကိုပြောပါတယ်။

“မကြီးကအိပ်မက်တွေမကောင်းလို့ဆက်ရော၊ ကျမမောင်လေးတယောက်ဘယ်လိုဖြစ်နေလဲ အိပ်မက်တွေမကောင်းလို့ပေါ့နော်။ အဲဒါ သူတပ်ရင်းကဖုန်းကိုင်ရော၊ ကိုင်တော့ မသိဘူးလားတဲ့ အောင်ကိုထွေးအကြောင်းတဲ့ အောင်ကိုထွေးကတဲ့ ဒီကေဘီအေကိုသတ်လို့တဲ့ ထောင်ကျနေတယ်။ သေဒဏ်ချထားတယ်သူ့ကိုတဲ့၊ အဲဒါ ညီမတို့စလိုက်တော့ သူ့ကိုသေဒဏ်ချနေပြီ သူ့ကို။”

အခုလို သေဒဏ်ချမှတ်ခံထားရတဲ့အကြောင်းကတော့ မောင်အောင်ကိုထွေးအပါအဝင် မြန်မာစစ်သား ၄ ယောက်နဲ့ ဗုဒ္ဓဘာသာကရင်တပ်မတော် ဒီကေဘီအေ တပ်သားတယောက် အချင်းများကြရာက ပစ်ခတ်မှုဖြစ်ပွားခဲ့ရာမှာ ဒီကေဘီအေ တပ်သားသေဆုံးသွားခဲ့ပါတယ်။ မြန်မာစစ်သားနှစ်ယောက်ထွက်ပြေးသွားခဲ့ပြီး မောင်အောင်ကိုထွေးနဲ့ ကျန်တယောက် အဖမ်းခံခဲ့ကြရပါတယ်။ အခု သူတို့အပေါ်သေဒဏ်ချမှတ်ခဲ့တာကို ဘယ်သူ့ကိုမှအသိမပေးဘဲ တပ်တွင်းအရာရှိတယောက်ကပြောဆိုခဲ့တဲ့အတွက် မိသားစုဝင်တွေအနေနဲ့ မပြောရဲဘဲနေခဲ့ကြရတယ်လို့ အစ်မဖြစ်သူကဆိုပါတယ်။

“သေဒဏ်ချထားတာ အဲဒီကအကုန်လုံးသိတယ်။ ညီမတို့ကမသိဘူးထင်လို့ပေါ့နော်၊ ပထမက သူ့ရဲ့အရာရှိကဖုန်းဆက်တာ။ ဒီအမိန့်ကအိတ်ပိတ်လာတာပါတဲ့။ ဘယ်သူမှမပြောပါနဲ့ပေါ့နော်။ သေဒဏ်တဲ့၊ အိတ်ပိတ်တဲ့။ ဒီအမှုကသေဒဏ်ချထားတာ ဘယ်သူ့ကိုမှမပေါက်ကြားစေပါနဲ့တဲ့၊ ညီမတို့ကိုနားလည်တဲ့လူတွေကပြောတယ်။ စစ်တပ်က သူ့သားကိုသူသေအောင်မသတ်ဘူးပေါ့နော်။ ညီမတို့ကလည်းအဲဒါနဲ့ဘာမှမပြောဘဲ ဘာမှဟိုဥစ္စာအကြောင်း ဘယ်သူ့ကိုမှမဖွင့်ပြောဘဲနဲ့ ဒီအတိုင်းနေနေတာ သူတို့ကမပေါက်ကြားစေနဲ့ဆိုလို့။”

ပြီးခဲ့တဲ့အင်္ဂါနေ့က အစ်မဖြစ်သူက မောင်အောင်ကိုထွေးအကျဉ်းကျနေရာ လားရှိုးထောင်ကိုသွားရောက်တွေ့ဆုံခဲ့ပါတယ်။ မောင်အောင်ကိုထွေးဟာ အသက် ၁၆ နှစ်ကျော်ကျော်သာရှိသေးတဲ့ ကလေးတဦးဖြစ်နေတာကြောင့် အခုလို သေဒဏ်အပြစ်ချမှတ်တာဟာ တရားနည်းလမ်းမကျကြောင်း၊ မောင်အောင်ကိုထွေးရဲ့ပြစ်ဒဏ်လျော့ပေါ့သက်သာစေဘို့အတွက် တတ်ကျွမ်းနားလည်သူတွေနဲ့ လုပ်ဆောင်သွားမှာဖြစ်တဲ့အကြောင်း အစ်မဖြစ်သူက RFA ကိုပြောခဲ့ပါတယ်။

---

**စာမျက်နှာ ၈ မှ**

ကူးစက်ပျံ့နှံ့မှုတွေလည်းများပြားလာပြီး၊ တရုတ်နိုင်ငံတောင်ပိုင်း နယ်စပ်တခွင့်အတွင်းသို့ ကူးစက်ရောဂါတွေ မူးယစ်ဆေးတွေနဲ့ ဒုစရိုက်မှုတွေ ရောက်ရှိလာပါတော့တယ်။

လူဦးရေထူထပ်ပြီး စီးပွားရေးသိပ်အဆင်မပြေလှတဲ့ တရုတ်နိုင်ငံ ယူနန်ပြည်နယ်ဟာ မြန်မာနိုင်ငံနဲ့နယ်ချင်းစပ်နေတဲ့အတွက် ထွက်ပေါက်မရှိတဲ့ ဒီပြည်နယ်အတွက် မြန်မာနိုင်ငံဟာ ဗဟာဗျူဟာကျတဲ့ ထွက်ပေါက်ဖြစ်ပါတယ်။ စီးပွားရေးဈေးကွက်ကြီးတဲ့ အိန္ဒိယနိုင်ငံနဲ့ကူးသန်းရောင်းဝယ်နိုင်ရေးအပါအဝင် မြန်မာနိုင်ငံကိုဖြတ်ပြီး ယူနန်ပြည်နယ်အတွက် မြန်မာသဘာဝဓာတ်ငွေ့ပိုက်လိုင်းကိစ္စတွေအဆင်ပြေချောမွေ့ဖို့အတွက် ပီကင်းအစိုးရဟာ နအဖစစ်အုပ်စုနဲ့ လူမျိုးစုလက်နက်ကိုင်တွေ အဆင်ပြေတာကို အထူးလိုလားနေတယ်လို့ လေ့လာသုံးသပ်သူတွေက ပြောပါတယ်။

တချိန်က တရုတ်နိုင်ငံရဲ့ ကြားခံအဖြစ်အသုံးချခဲ့တဲ့ ဒီတိုင်းရင်းသားလက်နက်ကိုင်အဖွဲ့တွေဟာ အခုတော့ တရုတ်ကုန်သွယ်ရေးအတွက် အဟန့်အတားသဖွယ်ပို ဖြစ်လာပါတယ်။ အင်အားသိပ်မကြီးတဲ့ ကိုးကန့်တပ်ဖွဲ့ကို နအဖစစ်အုပ်စုက တိုက်ထုတ်လိုက်ပြီးတဲ့နောက် ဒုက္ခသည်အမြောက်အများ နယ်စပ်ဖြတ်ကျော်ပြီး တရုတ်နိုင်ငံထဲဝင်လာတဲ့ကိစ္စအပေါ် ပီကင်းအစိုးရက နအဖကို ပြစ်တင်ကျိမ်းမောင်းပြောဆိုပါတယ်။ တရုတ် မြန်မာနယ်စပ်ဒေသတလျှား တည်ငြိမ်အေးချမ်းရေးကို စောင့်ထိန်းဖို့ နအဖစစ်အုပ်စုကို သတိပေးထားပါတယ်။

မုန်းလားမြို့အပါအဝင် အပစ်ရပ်ဒေသတွေ နအဖစစ်အုပ်စုအုပ်ချုပ်မှုအောက်ပြန်ရောက်သွားပါက တရုတ် မြန်မာဆက်ဆံရေးမှာ စိန်ခေါ်မှုတွေနဲ့ ရင်ဆိုင်လာရနိုင်ပါတယ်။ အပစ်ရပ်အဖွဲ့တွေကို လက်နက်စွန့်လွှတ်ပြီး ၂၀၁၀ မှာကျင်းပမယ့် ရွေးကောက်ပွဲဝင်ဖို့ နအဖစစ်အုပ်စု ဖိအားပေးနေတာဖြစ်ပါတယ်။ ဒါပေမယ့် အပစ်ရပ်အဖွဲ့တွေက လက်နက်စွန့်လွှတ်ဖို့ ရည်ရွယ်ချက်မရှိပါဘူး။ ရွေးကောက်ပွဲဝင်ဖို့ကိုလည်း အစကတည်းက မဆန့်ကျင်ဘူးလို့ အဲဒီအဖွဲ့တွေက ဆိုပါတယ်။ အပစ်ရပ်အဖွဲ့တွေကတော့ လက်နက်တွေကို ဆက်လက်ဆွဲကိုင်ထားလိုစိတ်ရှိကြပြီး နောင်တက်လာမယ့်အစိုးရသစ်နဲ့သဘောတူညီချက်တွေရယူပြီး လုပ်ဆောင်သွားမယ်လို့ဆိုပါတယ်။ အင်အားအကြီးဆုံးအပစ်ရပ်အဖွဲ့ဖြစ်တဲ့ UWSA ဝ သွေးစည်းညီညွတ်ရေးအဖွဲ့မှာ စစ်သည်အင်အား နှစ်သောင်းကျော်ရှိပါတယ်။

အခုလို ကိုးကန့်ကို နအဖစစ်တပ်က ဝင်ရောက်တိုက်ခိုက်မောင်းထုတ်လိုက်ခြင်းက နယ်စပ်ဒေသရှိ အဖွဲ့အစည်းတွေအပါအဝင် မုန်းလားရှိ လူထုကိုလည်း သတိပေးလိုက်သလိုဖြစ်ပါတယ်။ နအဖစစ်တပ်ဟာ မုန်းလားအပါအဝင် ဝ နယ်ကိုလည်း တိုက်ခိုက်ဖို့ အလုံးအရင်းနဲ့စစ်ပြင်ဆင်နေတာကြောင့်လည်း မုန်းလားမြို့ရှိ တရုတ်ကုန်သည်တွေအားလုံးဟာ တရုတ်နိုင်ငံတွင်း ထွက်ပြေးကြတာဖြစ်ပါတယ်။

သုံးသပ်သူတွေအဆိုအရ နအဖအတွက် စွန့်စားရတဲ့ အရင်းအနှီးကကြီးမားလွန်းပါတယ်။ တကယ်လို့ အပစ်အရပ်အဖွဲ့တွေကို အပြီးတိုင်မခြေမှုန်းနိုင်ခဲ့ရင် ဒီအပစ်အရပ်အဖွဲ့တွေဟာ နယ်စပ်တောင်တန်းဒေသတခွင်မှာ ဆက်လက်ရှင်သန်ကြီးထွားလှုပ်ရှားနေကြမှာဖြစ်ပြီး မူးယစ်ဆေးဝါးမှာရရှိတဲ့ ဝင်ငွေတွေနဲ့ သူတို့ရဲ့အင်အားကို တိုးချဲ့ပြီး ဒေသတွင်းငြိမ်းချမ်းရေးနဲ့တည်ငြိမ်မှုကို ဆက်လက်ခြိမ်းခြောက်နေဦးမှာဖြစ်ကြောင်း တင်ပြလိုက်ပါတယ်။

# အဂတိ လိုက်စားမှုကြောင့် နအဖ တရားသူကြီးများ အလုပ်ဖြုတ်ခံရ

**DVB ၊ အောက်တိုဘာ ၁၄ ။ ။** မူးယစ်ဆေးဝါးဖမ်းဆီးမှုနဲ့ ရုံးတင်စစ်ဆေးရာမှာ အဂတိလိုက်စားမှုတွေ ရှိနေတဲ့အတွက် ရှမ်းပြည်နယ် တောင်ကြီးမြို့က ပြည်နယ်နဲ့ခရိုင်အဆင့် တရားသူကြီး ၃ ဦးကို အလုပ်ဖြုတ်လိုက်တယ်လို့ တရားရုံးနဲ့နီးစပ်သူတွေက ပြောပါတယ်။

မူးယစ်ဆေးဝါးကိစ္စနဲ့ ဖမ်းမိတဲ့ တရားခံတွေကို ရုံးတင်စစ်ဆေးရာမှာ အဂတိလိုက်စားမှုတွေရှိခဲ့လို့ ပြည်နယ်တရားသူကြီး ဦးဝင်းမြင့်ဦး၊ ခရိုင်တရားသူကြီး ဦးသော်တာမင်းနဲ့ ခရိုင်ဥပဒေအရာရှိ ဦးဘိုမင်းဖြူ တို့ ၃ ဦးကို ပြီးခဲ့တဲ့ စက်တင်ဘာလကုန်က နေပြည်တော်ကို ခေါ်ပြီး အလုပ်ဖြုတ်လိုက်တာလို့ တရားရုံးနဲ့နီးစပ်သူတွေရဲ့ ပြောပြချက်အရ သိရပါတယ်။ ပြီးခဲ့တဲ့ ဇွန်လက ရန်ကုန်မှာ မူးယစ်ဆေးဝါးတွေ ဖမ်းဆီးရမိတဲ့ကိစ္စနဲ့ပတ်သက်လို့ ပအိုဝ်လူမျိုး ခွန်တလှာ အပါအဝင် ၄ ဦးကို တောင်ကြီးမြို့နယ် တရားရုံးမှာ ရုံးတင်စစ်ဆေးခဲ့ပါတယ်။ ရုံးတင်စစ်ဆေးရာမှာ ခွန်တလှာ အပါအဝင် ၃ ဦး လွတ်သွားပြီး တဦးက ထောင်နှစ် ၂၀ ကျသွားတယ်လို့ မြို့ခံ ရှေ့နေတဦးကပြောပါတယ်။ ဒီလူ ၃ ဦး လွတ်မြောက်သွားတဲ့ကိစ္စမှာ ‘ချစ်ကမ္ဘာ’ မွေ့ယာဆိုင်ပိုင်ရှင်ဒေါ်ခင်ဝင်းက တိုင်းမှူး၊ ဒုတိုင်းမှူးနဲ့ တရားသူကြီးတွေကို သိန်းတထောင်နီးပါး လာဘ်ထိုးခဲ့တာကြောင့်လို့တရားရေးဝန်ထမ်းတဦးက ပြောပါတယ်။

“တောင်ကြီးမှာ မူးယစ်ဆေးဝါးအမှုတွေ အရမ်းများပြီး ငွေနိုင်ရင် လူကြီးတွေ၊ အာဏာရှိတဲ့လူတွေနဲ့ ပေါင်းပြီး လုပ်နိုင်ရင် လွတ်ကြတယ်။ တလောကပဲ ရပခ ဂျီဝမ်းကတော်နဲ့ပေါင်းပြီး မူးယစ်ဆေးဝါး တရားခံ ၃ ယောက် လွှတ်ပေးလိုက်တယ်။ တရားသူကြီးနဲ့ ဆက်သွယ်တဲ့ ဒေါ်ခင်ဝင်းဆိုတဲ့ အမျိုးသမီးလည်း အမှုတင်ထားတယ်။ လာဘ်ပေး လာဘ်ယူကိစ္စကို စသုံးလုံးက ခေါ်စစ်ဆေးနေတယ်။ တောင်ကြီး မူးယစ်ဆေး အထူးတပ်ဖွဲ့က ရဲအုပ် လှထွဋ်နဲ့ ဒုရဲအုပ် ၂ ယောက်လည်း အလုပ်ပြုတ်ပြီး အချုပ်နဲ့ အစစ်ခံနေရတယ်။”

မူးယစ်အထူးတပ်ဖွဲ့က ရဲအုပ် ၂ ယောက်ကို အလုပ်ဖြုတ် စစ်ဆေးနေသလို၊ တရားရုံးက လွှတ်ပေးလိုက်တဲ့ ခွန်တလှာ အပါဝင် ၃ ဦးကိုလည်း ပြန်ဖမ်းထားပြီး၊ ဒေါ်ခင်ဝင်း နဲ့အတူ ရုံးတင်စစ်ဆေးနေပါတယ်၊ ပအိုဝ်လူမျိုး ခွန်တလှာဟာ အာဏာပိုင်တွေနဲ့အတော်ရင်းနှီးပြီး ကုန်ပစ္စည်းသယ်ယူပို့ဆောင်ရာမှာ အာဏာပိုင်တွေရဲ့ လက်မှတ်ကို အသုံးပြုသလို၊ ကုန်ပစ္စည်းတွေနဲ့အတူ မူးယစ်ဆေးသယ်ဆောင်သူတဦးဖြစ်တယ်လို့ မြို့ခံ စီးပွားရေးသမားတွေက ပြောပါတယ်။ ဒီအမှုနဲ့ပတ်သက်လို့ ဩဂုတ်လ ၅ ရက်နေ့က တောင်ကြီးအခြေစိုက် အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ် ရပခ ဒုဗိုလ်မှူးကြီးမောင်မောင်မြင့်ရဲ့ ဇနီး ဒေါ်လဲ့လဲ့ဦး ကိုယ့်ကိုယ်ကိုယ် သတ်သေမှု ဖြစ်ပွားခဲ့ပါသေးတယ်။

ခင်ပွန်းဖြစ်သူရဲ့ လက်မှတ်အတုပြုလုပ်ပြီး အလွဲသုံးစားလုပ်ထားတဲ့ကိစ္စတွေ အများအပြားရှိသလို ဒီအမှုမှာ တရားခံတွေကို လွှတ်ပေးဖို့ တရားသူကြီးတွေကို အမိန့်က ခိုင်းစေခဲ့သူလို့ မြို့ခံတွေက ပြောဆိုနေကြတာပါ။ ဒီကိစ္စနဲ့ ပတ်သက်လို့ အထူးစုံစမ်းစစ်ဆေးရေးအဖွဲ့ စ သုံးလုံးက ဒေါ်လဲ့လဲ့ဦးကို ခေါ်ယူ စစ်ဆေးပြီးတဲ့နောက် အခုလို သတ်သေမှုဖြစ်ပွားခဲ့တာပါ။ လက်ရှိ အမှုအခြေနေနဲ့ ပတ်သက်ပြီး တောင်ကြီးမြို့နယ် အမှတ် ၁ ရဲစခန်းက ဒီအမှုကို စ သုံးလုံးက ကိုင်တွယ်တာဖြစ်ပြီး သူတို့ ဘာမှမသိဘူးလို့ ပြောပါတယ်။ အထူးစုံစမ်းစစ်ဆေးရေးအဖွဲ့ စသုံးလုံးရုံးကိုတော့ ဆက်သွယ်လို့ မရပါဘူး။

# နအဖစစ်ဗိုလ်ချုပ်များလက်ထက် တရားဝင်ခွင့်ယူသည်ကို လစာဖြတ်တောက်ခံရ

**DVB ၊ အောက်တိုဘာ ၁၄ ။ ။** ပဲခူးတိုင်း အနောက်ခြမ်း ကြို့ပင်ကောက်မြို့နယ်က သစ်စက်တခုမှာ မန်နေဂျာက အလုပ်သမားတွေကို နားရက်မပေးတာကြောင့် အလုပ်သမားတွေ မကျေမနပ်ဖြစ်နေကြပါတယ်။

ကြို့ပင်ကောက်မြို့နယ်က မြန်မာ့သစ်လုပ်ငန်း (အမှတ် ၈၇) သစ်စက်ရုံမှာ ဝန်ထမ်းတွေ ခွင့်တင်တဲ့ရက်တွေကို မန်နေဂျာဦးအောင်ထွေးက ခွင့်မဲ့ပျက်ကွက်ဆိုပြီး လစာငွေထဲက ဖြတ်နေတယ်လို့ သစ်စက်ဝန်ထမ်းတွေက ပြောပါတယ်။ ဝန်ထမ်းတွေနဲ့ပတ်သက်ပြီး နိုင်ငံတော်က တရားဝင်ပေးထားတဲ့ခွင့်ရက်တွေ မကုန်သေး ဝန်ထမ်းတွေက ခွင့်ယူလို့ရပြီး ဝန်ထမ်းတွေက တရားဝင်ခွင့်တောင်းတာကိုမပေးဘဲ ခွင့်ယူတဲ့ရက်တွေကို ခွင့်မဲ့ပျက်ကွက်ဆိုပြီး အဲဒီ မန်နေဂျာက လုပ်တာလို့ ဝန်ထမ်းတဦးက ပြောပါတယ်။

“နိုင်ငံတော်က ပေးတဲ့ခွင့်ကို သူပေးမယ်ဆိုရင် ကျနော်တို့ လစာထဲက ဖြတ်တောက်ခြင်း လုံးဝမရှိပါဘူး။ သူက မပေးဘဲနဲ့ တမင်ညစ်ပတ်ပြီး ကျနော်တို့ လစာထဲက အနိုင်ကျင့်ယူတဲ့ သဘောမျိုးဖြစ်နေတယ်။”

အဲဒီမန်နေဂျာက သစ်စက်အလုပ်သမားတွေကို ခွဲခြားဆက်ဆံတဲ့အပြင် အလုပ်ခွင်အတွင်းမှာလည်း ဖိနှိပ်မှုတွေရှိနေတယ်လို့ လုပ်သားတဦးက ပြောပါတယ်။

“ကျနော်တို့ ဌာနဆိုရင် အပင်ပန်းဆုံးဌာနဖြစ်ပါတယ်၊ ကျန်တဲ့ ဌာနတွေထက် ဖိနှိပ်ချုပ်ချယ်မှုတွေများတယ်။ ၄ ယောက်လုပ်မှ ဖြစ်တဲ့နေရာမျိုးတွေမှာ ၃ ယောက်နဲ့မဖြစ်မနေ လုပ်ရမယ်ဆိုပြီး အဓမ္မခိုင်းစေပါတယ်။ အန္တရာယ်များကြောင်း တင်ပြလည်း သူက လက်မခံပါဘူး။ မင်းတို့ ၃ ယောက်နဲ့မှ မလုပ်နိုင်ရင် အလုပ်ကနေ အပြီးအပိုင် ထွက်ရမယ်တဲ့။”

ဝန်ထမ်းတွေဟာ မနိုင်ဝန်တွေ ထမ်းနေရတဲ့အတွက် ထိခိုက်ဒဏ်ရာရမှုတွေ အရင်ကထက်များပြားလာပြီး အခက်အခဲတွေ ရင်ဆိုင်နေရတယ်လို့ဆိုပါတယ်။ အဲဒီသစ်စက်မှာ အလုပ်သမားတရာကျော်ရှိပြီး လုပ်သားတဦးကို လစာငွေ ၁ သောင်း ၅ ထောင်ရရှိကာ ဒုလက်ထောက်ကြီးကြပ်ရေးမှူးက သုံးသောင်းကျော်ရရှိပါတယ်။ အရင်က ထမင်းဟင်းချက်စားဖို့ သစ်တိုသစ်စတွေ ကောက်ပြီး မီးစာလုပ်လို့ရပေမယ့် အခု သစ်တိုသစ်စတွေ ကောက်ခွင့်မပေးတော့လို့ အပြင်က မီးသွေးတွေ ဝယ်ယူသုံးစွဲနေတဲ့အတွက် မိသားစု စားဝတ်နေရေး ပိုကျပ်တည်းလာတယ် ဝန်ထမ်းတဦးက ပြောပါတယ်။

စက်ရုံမန်နေဂျာဟာ လုပ်သားတွေကို ဘာမှ ထောက်ပံ့တာ မရှိတဲ့အပြင် နိုင်ငံတော်က ချပေးတဲ့ စက်ရုံပိုင်ကားကိုလည်း ရန်ကုန်မှာ ကျောင်းတက်နေတဲ့ သူ့သားကို ပေးထားတဲ့အတွက် ဝန်ထန်းတွေ ပိုပြီး မကျေမနပ်ဖြစ်နေကြတယ်လို့ ပြောပါတယ်။ အရင် မန်နေဂျာ အဆက်ဆက်က ဝန်ထမ်းတွေကို ထောက်ပံ့မှုတွေ ပေးခဲ့ပေမယ့် အခုမန်နေဂျာက ဝန်ထမ်းတွေကို အလုပ်တွေပိုခိုင်းပြီး လစာဖြတ်တောက်တာတွေ လုပ်နေလို့ ဝန်ထမ်းအားလုံးနီးပါးက သူ့ကို မလိုလားကြဘူးလို့ ဝန်ထမ်းတွေက ပြောပါတယ်။

## ပြကွဒိန်မှ

**အောက်တိုဘာ ၁၆ ၊ DPA ။ ။** မိမိ၏အမှုကို တရားရုံးချုပ်သို့အယူခံဝင်ရန် မိမိ၏ရှေ့နေများနှင့် ဒေါ်အောင်ဆန်းစုကြည်တို့သဘောတူခွင့်ပြုလိုက်ကြောင်း။

**အောက်တိုဘာ ၁၆ ၊ IMNA ။ ။** ထိုင်းတောင်ပိုင်းတွင် မြန်မာမှလုပ်သားများအား ထိုင်းလူဆိုးဂိုဏ်းများမှ ဗိုလ်ကျ နှောင့်ယှက် လုယက်နေကြောင်း။

**အောက်တိုဘာ ၁၆ ၊ Irrawaddy ။ ။** ယခုတိုင် ပါတီအဖွဲ့ရှည်ရေးကို အမိကထားသော အဲန်အဲယ်လ်ဒီသည် ၂၀၁၀ ရွေးကောက်ပွဲတွင် ထိုမူကို ဆက်လက်ကျင့်သုံးမည်လော ပါတီတွင်း ဆွေးနွေးမည့်အခြေအနေရောက်နေကြောင်း။

**အောက်တိုဘာ ၁၇ ၊ AFP ။ ။** သံတမန်များနှင့်၎င်း၊ နအဖဝန်ကြီးနှင့်၎င်း ပိတ်ဆို့မှုဆိုင်ရာများဆွေးနွေးမှုများသည် အကောင်းဖက်သို့ဦးတည်ကြောင်း ဒေါ်အောင်ဆန်းစုကြည်မှဆို၏။

**အောက်တိုဘာ ၁၇ ၊ စစ်တကောင်း ။ ။** နယ်စပ်တင်းမာမှုကြောင့် ဘင်္ဂလားဒေ့ရှ်သည် မြန်မာနယ်စပ်တွင် တပ်သား ၃,၀၀၀ ထပ်တိုးပို့ကာ အင်အားဖြည့်ခဲ့ကြောင်း။

# ရခိုင်အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ် ၂၀ နှစ်ပြည့် အခမ်းအနား ကျင်းပ

**DVB । အောက်တိုဘာ ၁၃ ॥ ॥** ၁၉၉၀ ရွေးကောက်ပွဲမှာ အမတ် ၁၁ နေရာ ရခဲ့တဲ့ ရခိုင်အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က ပါတီ တည်ထောင်ခြင်း ၂၀ နှစ်ပြည့်အခမ်းအနားတခု မနေ့က ရန်ကုန်မှာ ကျင်းပပါတယ်။

ပါတီမွေးနေ့ အခမ်းအနားဆိုပေမယ့် ဒီပါတီကို တရားမဝင်တော့ဘူးလို့ စစ်အုပ်စုရဲ့ ရွေးကောက်ပွဲကော်မရှင်က သတ်မှတ်ထားတာကြောင့် ပါတီရုံးခန်းနဲ့ ပါတီဆိုင်းဘုတ်မရှိတော့ပေမယ့် ပါတီဝင်တွေရဲ့ စိတ်ဓာတ်က ခိုင်မာနေဆဲဖြစ်တဲ့အတွက် ရတဲ့နည်းနဲ့ နှစ်စဉ်ကျင်းပနေပြီး မနေ့က သူ့မွေးနေ့နဲ့တွဲပြီး သူ့အိမ်မှာ အကျဉ်းရုံးကျင်းပလိုက်ရတယ်လို့ ရခိုင်ပါတီအတွင်းရေးမှူးလည်းဖြစ် ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီရဲ့ အတွင်းရေးမှူးလည်းဖြစ်တဲ့ ဦးအေးသာအောင်က ပြောပါတယ်။

"အရင်တုန်းကတော့ ပါတီမွေးနေ့ကို သာသနာ့ဗိမ္မာန်ကျောင်းမှာ လူ ၃၊ ၄ ရာလောက် ဖိတ်ပြီးတော့လုပ်ခဲ့တယ်။ ဒါပေမယ့် သာသနာ့ဗိမ္မာန်ကျောင်းကို ချိတ်ပိတ်လိုက်တော့၊ ပါတီက တရားဝင်မဟုတ်တော့ ပါတီရုံးမရှိဘူး။ ပါတီဝင်တွေက စိတ်ဓာတ်အရတော့ရပ်တည်နေတယ်။ ကျနော့်အိမ်မှာပဲ အဓိက နိုင်ငံရေးပါတီက ပုဂ္ဂိုလ်တွေနဲ့ ပါတီကလူတွေကို ဖိတ်တယ်။ ဒီနေ့ဖြစ်ပေါ်နေတဲ့ နိုင်ငံရေးအခြေအနေတွေကို ပါတီတွင်းက လူတွေရော၊ အန်အယ်လ်ဒီက ပုဂ္ဂိုလ်တွေ၊ တိုင်းရင်းသားတွေနဲ့ ဆွေးနွေးဖြစ်ပါတယ်။"

ရခိုင်ပါတီရဲ့ဥက္ကဋ္ဌဖြစ်တဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌအဖြစ် ရွေးချယ်ခံထားရသူ ဦးစောမရအောင်က ဒီနှစ် ဇန်နဝါရီလပိုင်းက ကွယ်လွန်သွားခဲ့ပြီဖြစ်ပါတယ်။ ဖျက်သိမ်းခံပါတီတခုအနေနဲ့ ဥက္ကဋ္ဌပြန်လည်ရွေးချယ်တာ၊ ပါတီညီလာခံလုပ်တာတွေကို လောလောဆယ် မလုပ်နိုင်သေးပေမယ့် ပါတီလုပ်ငန်းတွေ အရှိန်မပျက်အောင် ဖြစ်တဲ့နည်းနဲ့ကြိုးစားနေတယ်လို့ ဦးအေးသာအောင်က ပြောပါတယ်။ မနေ့က အဲဒီ အခမ်းအနားကို သူတို့လို ဖျက်သိမ်းခံပါတီတွေဖြစ်ပေမယ့် စီအာပီပီမှာ ပါဝင်လှုပ်ရှားနေတဲ့ မွန်အဖွဲ့ချုပ်မှ နိုင်ငွေသိန်း၊ ဇိုမီးအမျိုးသားကွန်ဂရက်မှ ပူးကျင့်ရှင်းထန်၊ တသီးပုဂ္ဂလမှ ထောင်ကိုထန်းအပါအဝင် တိုင်းရင်းသားကိုယ်စားလှယ်တွေ၊ ပြီးခဲ့တဲ့ ရက်ပိုင်းအတွင်းကမှ ထောင်ကလွတ်လာတဲ့ ခိုင်ကောင်းစံ အပါဝင် ရခိုင်နိုင်ငံရေးသမားတွေ၊ ဦးဝင်းတင်အပါဝင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က ခေါင်းဆောင်တွေအတော်များများ တက်ရောက်ခဲ့တယ်လို့ သိရပါတယ်။ အဲဒီအခမ်းအနားကို တက်ရောက်ခဲ့တဲ့ ဦးဝင်းတင်က ဖျက်သိမ်းခံတိုင်းရင်းသားပါတီတွေရဲ့ ရပ်တည်မှုနဲ့ မနားမနေကြိုးပမ်းနေမှုအပေါ်မှာ ဦးဝင်းတင်က သူ့အမြင်ကို ပြောပါတယ်။

"ဦးအေးသာအောင်တို့ပါတီနဲ့ ပတ်သက်ပြီးတော့ ပြောစရာရှိတာကတော့ ဘာပဲပြောပြော ဦးအေးသာအောင်တို့ဟာ အနိုင်ရပါတီတွေဖြစ်တယ်။ အဲဒီကနေ လွှတ်တော်ကိုယ်စားပြုထဲမှာ ပါလာတဲ့အတွက် ရခိုင်ပါတီရဲ့အရေးပါမှု၊ ဦးဆောင်ပေးနိုင်မှုကို ဒီအချိန်မှာ အသိအမှတ်ပြုရမယ်။ ဒီလို ဦးဆောင်မှုရှိခြင်းကြောင့် ဒီနေ့အထိ ၁၉၉၀ ရွေးကောက်ပွဲကနေ ထွက်လာတဲ့ လွှတ်တော်တို့၊ ပြည်သူ့ကိုယ်စားလှယ်တို့၊ မဲန်ဒိတ်တို့ဆိုတာတွေက ဒီနေ့အထိအသက်ရှင်နေတာ။ ပါတီတရပ်ဟာ မှတ်ပုံတင်ထားမှ၊ မတင်ထားမှရယ် မဟုတ်ဘူး၊ နိုင်ငံရေးစိတ်၊ ဓာဆန္ဒရှိရင် ကိုယ့်ဘာသာကိုယ် ရပ်တည်နိုင်တယ်ဆိုတာကို ဒီအခမ်းအနားတက်ရောက်တဲ့အခါ ခံစားရတယ်"။

# ရှမ်းနာယက သေနတ်ဒဏ်ရာနဲ့သေဆုံး

**DVB । အောက်တိုဘာ ၁၂ ॥ ॥** နအဖနဲ့ အပစ်ခတ်ရပ်စဲရေးပြုလုပ်ထားတဲ့ ရှမ်းပြည်တပ်မတော် မြောက်ပိုင်းအဖွဲ့ရဲ့ နာယက ဗိုလ်ချုပ်စိုင်းနောင် ဒီနေ့ မနက်ပိုင်းက သေနတ်ဒဏ်ရာနဲ့ သေဆုံးသွားကြောင်း သိရပါတယ်။

ရှမ်းပြည်မြောက်ပိုင်း သီပေါမြို့နယ်ရှိ သူ့နေအိမ်မှာပဲ သေနတ်ဒဏ်ရာနဲ့ သေဆုံးသွားတာဖြစ်ပါတယ်။ အရင်က အက်စ်အက်စ်အေ ဥက္ကဋ္ဌတာဝန်ယူခဲ့ဖူးတဲ့ အသက် ၇၀ ကျော် ဗိုလ်ချုပ်စိုင်းနောင့်ဟာ သေနတ်ဒဏ်ရာနဲ့သေဆုံးခဲ့တာဖြစ်ပြီး၊ သူ့ကိုယ်သူ သေကြောင်းကြံတာလား၊ လုပ်ကြံခံရသလားဆိုတာ ရှင်းရှင်းလင်းလင်း မသိရသေးပေမယ့် အများစုက လုပ်ကြံမှုတခုအနေနဲ့ ထင်မြင်နေကြတယ်လို့ အက်စ်အက်စ်အေအဖွဲ့နဲ့ နီးစပ်သူတဦးက ပြောပါတယ်။

"သူက ဒီနေ့မနက် ခြောက်နာရီလောက်မှာ သူ့အိမ်က အမျိုးသမီးတယောက်က အိမ်အပေါ်ထပ်ကို တက်တယ်။ အဲဒီအချိန်မှာ သေနတ်ဒဏ်ရာနဲ့ သေဆုံးနေတယ်။ သူ့ရဲ့ဘေးမှာ သေနတ်တလက်ရှိတယ်။ သေနတ်သံကို ဘေးပတ်ဝန်းကျင်က မကြားရဘူး။ ရန်သူက သတင်းလွှင့်တာက သူ့ကိုယ်သူ ပစ်သတ်တယ်လို့ သတင်းလွှင့်တယ်။ အဲလို မထင်ကြဘူး။ ဘေးပတ်ဝန်းကျင်က အသံတိတ်သေနတ်နဲ့ လာလုပ်ကြံတယ်လို့ ထင်ကြတယ်။ နေတဲ့အိမ်မှာလည်း သူနဲ့ မိန်းမတယောက်ပဲ ရှိတာကိုး။ သူနေတဲ့အိမ်က သီပေါ၊ ဒုဌဝတီ တည်းခိုခန်းဘေးက နှစ်ထပ်တိုက်အိမ်မှာဖြစ်တာ။ အခု ရဲတွေ၊ တပ်တွေ ဝိုင်းထားတယ်။ အက်စ်အက်စ်အေက တာဝန်ရှိသူတွေရောက်နေတယ်။ နေ့လယ် ၁၂ နာရီခွဲအထိ ဘယ်သူမှ မကိုင်ခိုင်းဘူး၊ သွားလို့လည်းမရဘူး။ အလောင်းကို ရင်ခွဲရုံကိုပို့မယ်ပေါ့။"

သေဆုံးသူ ဗိုလ်ချုပ်စိုင်းနောင့်ဟာ စစ်ရေးဘက်မှာ တော်သူတဦးဖြစ်ပြီး လက်ရှိ အကျဉ်းထောင်တွင်းရှိနေတဲ့ ဗိုလ်ချုပ်ဆေထင် ၁၉၈၉ ခုနှစ် က နအဖစစ်အုပ်စုနဲ့ အပစ်ခတ်ရပ်စဲ လုပ်ခဲ့ပေမယ့် ဗိုလ်ချုပ်စိုင်းနောင့် က ၉၁ ခုနှစ် မှ ငြိမ်းချမ်းရေးလုပ်ခဲ့တာလို့ သူ့မိတ်ဆွေ တဦးက ပြောပြပါတယ်။ အပစ်ခတ်မရပ်ခင်မှာ အက်စ်အက်စ်အေမြောက်ပိုင်းတပ်မ ၂၂ တပ်ရင်းမှူးအဖြစ် ထမ်းဆောင်ခဲ့ပြီး၊ သူအုပ်ချုပ်ခဲ့ တပ်မ ၂၂ ဟာ တိုက်ခိုက်ရေး အကောင်းဆုံးလို့ပြောပါတယ်။ အပစ်ခတ်ရပ်ပြီးကာလမှာ အက်စ်အက်စ်အေမြောက်ပိုင်းတပ်ဖွဲ့ ဥက္ကဋ္ဌနေရာမှာ ဗိုလ်ချုပ်ဆေထင်အစား တာဝန်ယူရပြီး နောက်ပိုင်းမှာ နားမကြား၊ ကျန်းမာရေးလည်းမကောင်းတဲ့အတွက် နာယကအဖြစ် တာဝန်ယူခဲ့တာ ဖြစ်ပါတယ်၊ ရှမ်းပြည်မြောက်ပိုင်းရှိ အက်စ်အက်စ်အေနဲ့ အက်စ်အက်စ်အန်အေ ၂ ဖွဲ့ ပူးပေါင်းထားတဲ့ ရှမ်းပြည်တပ်မတော် ငြိမ်းချမ်းရေးကောင်စီ အက်စ်အက်စ်ပီစီမှာ ဒုဥက္ကဋ္ဌအဖြစ် တာဝန်ယူခဲ့ပါတယ်။

# မြန်မာလုပ်အထည်သွင်းမှုကို ရပ်ဆိုင်း

**DVB । အောက်တိုဘာ ၁၃ ॥ ॥** အရှေ့တီမောနိုင်ငံရဲ့ တဘက်ကမ်းမှာရှိတဲ့ ဩစတြေးလျားနိုင်ငံ ဖက်ရှင်ကုမ္ပဏီတခုက မြန်မာလုပ်အဝတ်ထည်တွေ တင်သွင်းမှုကို ရပ်ဆိုင်းတော့မယ်လို့ မနေ့က ကြေညာလိုက်ပါတယ်။

နအဖစစ်အုပ်စုက မြန်မာပြည်သူတွေအပေါ် ဖိနှိပ်နေမှုတွေ ဆက်လက်ကျူးလွန်နေဆဲဖြစ်တဲ့အတွက် မြန်မာနဲ့ စီးပွားဖက်စပ်လုပ်နေမှုကို ရုတ်သိမ်းပေးပါဆိုပြီး ဘီစီအေ မြန်မာကမ်းပိန်း ဩစတြေးလျားက တောင်းဆိုလာတဲ့အတွက် အခုလိုရုတ်သိမ်းလိုက်တာလို့ Speciality Fashion Group ရဲ့ ကြေညာချက်မှာ ဖော်ပြထားပါတယ်။ မြန်မာပြည်မှာဖြစ်နေတဲ့ အခွင့်ရေးချိုးဖောက်မှုတွေဟာ Speciality Fashion Group ရဲ့ လူသားနဲ့လူမှုအခွင့်အရေး စံချိန်းစံညွှန်းကို ချိုးဖောက်နေတဲ့အတွက် မြန်မာပြည်ရှိ ဘယ်ကုမ္ပဏီနဲ့မှ အလုပ်တွဲလုပ်လို့မရတာကြောင့် ရပ်ဆိုင်းလိုက်ပါပြီလို့ အဲဒီကြေညာချက်မှာ ဖော်ပြထားပါတယ်။ ဘီစီအေ မြန်မာ ကမ်းပိန်း ဩစတြေးလျား အဖွဲ့ရဲ့ စာရင်းအရ Speciality Fashion Group အောက်ရှိ ဖက်ရှင်ကုမ္ပဏီ ၄ ခုဟာ မြန်မာနိုင်ငံက အဝတ်အထည် တန်ဖိုးနှစ်စဉ် ဩစီ ဒေါ်လာ သန်း ၅၀၀ ခန့် ဝယ်ယူနေတယ်လို့ သိရပါတယ်။

ဩစတြေးလျား ကုမ္ပဏီတွေရဲ့ စီးပွားရေး အာသီသစောမှုဟာ ကမ္ဘာ့မှာ အဆိုးဝါးဆုံးဖိနှိပ်နေတဲ့ နအဖစစ်အုပ်စုကို ငွေတွေ ထောက်ပံ့သလိုဖြစ်စေခဲ့တာကြောင့် ဒီလိုရုပ်သိမ်းလိုက်တာဟာ ငွေကြေးအကျိုးအမြတ်ထက် ပြည်သူတွေရဲ့အကျိုးကို ကြည့်ရရောက်စေတယ်လို့ ဘီစီအေ အရာရှိတဦးက ပြောကြားခဲ့ပါတယ်။ ဩစတြေးလျားလေကြောင်းလိုင်း ဂျက်စတား ကုမ္ပဏီက မြန်မာနိုင်ငံကို တပတ် ၄ ခေါက်ပြေးဆွဲမယ်လို့ ပြီးခဲ့တဲ့ သတင်းပတ်က ကြေညာလိုက်တဲ့ ဒေါ်လာ ၃ ဘီလီယံနီးပါးတန် စီမံကိန်းကို ဘီစီအေအဖွဲ့က ရပ်တန့်အောင်မကြိုးစားနိုင်သေးပါဘူး။

# မြန်မာ့ရုပ်ရှင်နေ့ ၈၉ နှစ်ပြည့် “ မြဂနိုင် ”အသံတိတ်ကား ပြန်လည်ပြသမည်

**DVB | အောက်တိုဘာ ၁၂ ||** || မြန်မာ့ရုပ်ရှင်နေ့လို့ သတ်မှတ်ထားတဲ့ အောက်တိုဘာလ ၁၃ ရက်နေ့မှာ လွန်ခဲ့တဲ့ ၇၅ နှစ်က ရိုက်ကူးခဲ့တဲ့ အသံတိတ် ရုပ်ရှင်ကားတကားပြသမှာ ဖြစ်ပါတယ်။ ဘားမားဖလင် ကုမ္ပဏီက ရိုက်ကူးခဲ့တဲ့ ‘မေတ္တာနှင့်သူရာ’ ပထမဆုံး မြန်မာ့ရုပ်ရှင်ဇာတ်ကား ရုံတင်ပြသတဲ့နေ့ကို ဂုဏ်ပြုပြီး မြန်မာ့ရုပ်ရှင်နေ့အဖြစ် သတ်မှတ်ခဲ့တာပါ။

၈၉ နှစ်မြောက် မြန်မာ့ရုပ်ရှင်နေ့ အထိမ်းအမှတ်အဖြစ် ရှားပါးအသံတိတ် ရုပ်ရှင်ကားတကားဖြစ်တဲ့ ဒါရိုက်တာ အေဝမ်းမောင်တင်မောင် ရိုက်ကူးခဲ့တဲ့ ‘မြဂနိုင်’ ကို MRTV–၄ ကနေ ထုတ်လွှင့်ပြသမယ်လို့ ဒါရိုက်တာ ကြည်စိုးထွန်းက ပြောပါတယ်။

“မင်းသားက ချစ်ရွှေကြီး၊ မင်းသမီးက မြင့်မြင့်။ ဇာတ်လမ်းက မောင်ချစ်ရွှေက ကစားဝိုင်းမှာ အိပ်နေလို့ ကစားဝိုင်းကို ပုလိပ်တွေ ဝင်ဖမ်းတော့ သူ့ကိုပါ ဖမ်းတယ်။ အဲဒီမှာ မီးပုံးပျံနဲ့စထွက်ပြေးရင်း တောဂနိုင်ထဲရောက်သွားတယ်။ အဲ့ဒီတောထဲမှာ သစ်တွေလုပ်တဲ့ အဘိုးကြီးတယောက်ဆီမှာ မြေးမလေးရှိတယ်။ သူက မြေးမလေးကို ကူညီတာပေ့ါ။ ဟိုဘက်မှာလည်း မြိုင်ရာဇာ ဖိုးစောကြီးဆိုတာ ကလည်း သူတို့ကို မကျေနပ်လို့ ရန်ပြုနေတဲ့အချိန်ဖြစ်တဲ့အတွက် မောင်ချစ်ရွှေက အဘိုးကြီးဘက်က မြိုင်ရာဇာ ဖိုးစောကြီးကိုဖိုင်တင်တွေ ချတဲ့သဘောပေ့ါ။”

အဲဒီဇာတ်ကားဟာ တချိန်က ထိုင်းနိုင်ငံကို ရောင်းချခဲ့တဲ့ ဇာတ်ကားဖြစ်ပြီး စွန့်စွန့်စားစားဇာတ်ဝင်ခန်းတွေ၊ ကင်မရာပညာတွေနဲ့ အဲဒီခေတ်က မြန်မာ့ရုပ်ရှင်အနုပညာကို လက်စွမ်းပြထားတဲ့ ကားတကားဖြစ်လို့ အမှတ်တရ တင်ဆက်ပြသတာလို့ ဦးကြည်စိုးထွန်းက ပြောပါတယ်။ ၁၉၃၂ ကတည်းက အသံထွက် ဇာတ်ကားတွေ ရိုက်ကူးနိုင်နေပေမယ့် ရုပ်ရှင်ရုံတွေမှာ ၁၉၃၅ အထိ အသံမထွက်နိုင်သေးတာကြောင့် ၁၉၂၀ ကနေ ၁၉၃၅ လောက်အထိ အသံတိတ်ကားတွေကို ရိုက်နေခဲ့ရတယ်လို့ ဦးကြည်စိုးထွန်းက ပြောပါတယ်။ ပထမဆုံး အသံထွက် ရိုက်ကူးတဲ့ဇာတ်ကားက မင်းသားအေးကို၊ မင်းသမီး ခင်မေကြီး ခင်မေလေးတို့နဲ့ အိန္ဒိယနိုင်ငံမှာ သွားရောက်ရိုက်ကူးထားတဲ့ ‘ငွေပေးလို့မရ’ ဇာတ်ကားဖြစ်ပါတယ်။ ၈၉ နှစ်တာ မြန်မာ့ရုပ်ရှင်လောက တိုးတက်ပြောင်းလဲ မှုအခြေအနေကတော့ တခြားနိုင်ငံတွေထက်စာရင် နေးကွေးနေဆဲဖြစ်ပြီး ကောင်းဖို့ ကြိုးစားနေရတုန်းပါလို့ ဒါရိုက်တာ ကြည်စိုးထွန်း က ပြောပါတယ်။

“ရုပ်ရှင်ကားတွေ မြင့်မားလာဖို့ဆိုတာ ကိုရီးယားမှာဆိုရင် နိုင်ငံတော် အစိုးရလည်းအားပေးတယ်၊ ပရိသတ်ကလည်း အားပေးတယ်။ သူတို့ကိုယ်တိုင်ကလည်း ကြိုးစားတယ်။ အဲ့ဒီအပိုင်းလည်း လိုတာပေ့ါ။”

ရုပ်ရှင်ဇာတ်ကားတကား ကောင်းတယ် မကောင်းဘူးဆိုတာ ဆင်ဆာ ဖြတ်တောက်မှုနဲ့ မဆိုင်ကြောင်း၊ နိုင်ငံအသီးသီးမှာ ယဉ်ကျေးမှုဆိုတာရှိနေတဲ့ အတွက် ယဉ်ကျေးမှု ထိခိုက်လာတယ်ဆိုရင် ဖြတ်တောက်တာတွေ ရှိတယ်လို့ ဦးကြည်စိုးထွန်းက ပြောပါတယ်။

“အီရန် ရုပ်ရှင်ဇာတ်ကားမှာ မိန်းမတွေက ခေါင်းတောင် ဖွင့်လို့ မရဘူး။ အဲ့ဒီလောက် တင်းကျပ်တဲ့ နိုင်ငံက အင်မတန်ကောင်းတဲ့ ဇာတ်ကားလေးတွေ ထွက်တယ်။ ဆိုလိုတာက လွတ်လပ်မှ မဟုတ်ဘူး၊ တင်းကျပ်နေတဲ့ကြားက ကောင်းတဲ့ ဇာတ်ကားလေးတွေ ထွက်တာပါပဲ။ ဆင်ဆာမူဝါဒဆိုတာကို သိပ်ပြီး လက်ညှိုး မထိုးချင်ဘူး။”

မြန်မာ့ရုပ်ရှင်နေ့ အထိမ်းအမှတ် အမှတ်တရ အနေနဲ့ဒါရိုက်တာ ကြည်စိုးထွန်းက ရှေးက ဆရာကြီးတွေ ကြိုးစားခဲ့သလို ဆက်လက်ကြိုးစားရဦးမှာ ဖြစ်ပြီး ဒီဘက်ခေတ်မှာ နိုင်ငံတကာက ကွန်ပျူတာ နည်းပညာတွေနဲ့ ဇာတ်ကားတွေ ဖန်တီးလာတဲ့အတွက် ခံစားမှုရသတွေ နည်းလာတယ်လို့ ခံစားရတယ်လို့ပြောပါတယ်။

“ကျနော်တို့ဆီမှာ စက်မှုပိုင်းက သိပ်မတိုးတက်တော့ ခံစားမှုရသကို ပေါ်လွင်အောင် အတတ်နိုင်ဆုံးပြပြီး တိုးရင်တော့ မျှော်လင့်ချက်ရှိမယ်ထင်တယ်။ တိုးတက်အောင် အဖက်ဖက်က ပံ့ပိုးမှုတွေနဲ့ ကျနော်တို့ ကိုယ်တိုင်ကြိုးစားမှ မြန်မာ့ရုပ်ရှင်လောက ထူထူထောင်ထောင် ရှိမယ်လို့ မြင်တာပါပဲ။”

# ညီညီအောင် ရှေ့နေများနဲ့တွေ့ခွင့်ရ

**DVB | အောက်တိုဘာ ၁၂ ||** || ရန်ကုန်လေဆိပ်မှာ အဖမ်းခံရပြီး အင်းစိန်ထောင်မှာချုပ်ထားတဲ့ ကိုကျော်ဇောလွင် ခေါ် ကိုညီညီအောင်ကို သူ့ရဲ့ရှေ့နေတွေဖြစ်တဲ့ ဦးညဏ်ဝင်းနဲ့ ဦးကြည်ဝင်းတို့ ဒီနေ့တွေ့ခွင့် ရခဲ့ပါတယ်။

ကိုညီညီအောင်ကို လိမ်လည်မှု ပုဒ်မ ၄၂၀ နဲ့ စာရွက်စာတမ်းအတု အသုံးပြုမှု ပုဒ်မ ၄၆၈ တို့နဲ့ ရမန်ယူ ချုပ်ထားတာလို့ ရှေ့နေဦးညဏ်ဝင်းက ပြောပါတယ်။ သူ့ကို ဖောက်ခွဲရေးတွေလုပ်ဖို့ စီစဉ်မှု၊ ဆူပူအောင်လုပ်ဆောင်မှု၊ နိုင်ငံရေး လှုပ်ရှားသူတွေကို ငွေကြေးထောက်ပံ့မှု စတဲ့ပြစ်မှုတွေနဲ့ စွပ်စွဲထားတယ်ဆိုတာ သူတို့ ပြောပြမှ သိတယ်လို့ ဦးညဏ်ဝင်းက ပြောပါတယ်။ အမှုအခြေနေက ကိုညီညီအောင်ကိုယ်တိုင်က သူ့ကို ဘာပြစ်မှုနဲ့ တရားစွဲမယ် ဆိုတာ မသိရသေးတဲ့အတွက် အမှုလိုက်ရှေ့နေတွေ အနေနဲ့လည်း ဘာမှ မသိရသေးဘူးလို့ ဆိုပါတယ်။

ကိုညီညီအောင်ကို ဘာပြစ်မှုနဲ့တရားစွဲမလဲ နောက်ပြီး ဘယ်နေ့ရုံးထုတ်မလဲ စတာတွေသိရဖို့ ရမန်ချုပ်ရက်ကုန်တဲ့ ဒီလ ၁၄ ရက်နေ့မှာ အင်းစိန်ထောင်တွင်း တရားရုံးကို သွားရောက် စုံစမ်းမယ်လို့ ဦးညဏ်ဝင်းက ပြောပါတယ်။ အမေရိကန်နိုင်ငံသားအဖြစ် ခံယူထားတဲ့ ကိုညီညီအောင်ဟာ စက်တင်ဘာလ ၃ ရက်နေ့က တရားဝင်ဗီဇာနဲ့ မြန်မာနိုင်ငံကို ပြန်လာစဉ် ရန်ကုန်လေဆိပ်အရောက်မှာ အဖမ်းခံရတာ ဖြစ်ပါတယ်။

# ပင်စင်စားအတွက် အလှူငွေကောက်

**DVB | အောက်တိုဘာ ၁၂ ||** || ပြီးခဲ့တဲ့ ၆ ရက်နေ့က ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့ ပြည်နယ်ပယကရုံးမှာ ရွှေလုပ်ငန်းရှင်တွေကို အစည်းဝေးတရပ် ခေါ်ယူပြီး ကချင်ပြည်ဒီမိုကရေစီသစ် တပ်မတော် အန်တီအေကေတပ်ဖွဲ့မှ ပင်စင်ပေးခံရသူတွေအတွက် နေအိမ်ဆောက်ပေးဖို့ အလှူငွေကောက်ခံခဲ့ကြောင်း မြစ်ကြီးနားက လာတဲ့ သတင်းတွေအရ သိရပါတယ်။

ကချင်ပြည်နယ်အတွင်း ရွှေတွင်းတွေမှာ လုပ်ကိုင်နေကြတဲ့ ကုမ္ပဏီနဲ့ လုပ်ငန်းရှင် အယောက် ၄၀ ကျော်ကို ကချင် ပယက အတွင်းရေးမှူး ဗိုလ်မှူးကြီး အောင်မင်းက ခေါ်ယူပြီး ပင်စင်စား အန်ဒီအေကေ တပ်ဖွဲ့ဝင်တွေနေဖို့ အိမ်ရာ တွေအတွက် အလှူငွေ တောင်းခဲ့တာဖြစ်တယ်လို့ အစည်းအဝေးကို ရောက်ခဲ့သူ တဦးက ပြောပါတယ်။

“ပြီးခဲ့တဲ့ ၆ ရက်နေ့က ပယကမှာ ရွှေလုပ်ငန်းရှင် အားလုံးကို အစည်းဝေး ခေါ်တယ်။ တိုင်းမှူးမတက်ဘဲနဲ့ ဗိုလ်မှူးကြီး အောင်မင်းတက်တယ်။ အစည်းဝေးမှာ နယ်ခြားစောင့်တပ် လက်ခံတဲ့ အင်န်ဒီအေကေအတွက် မြစ်ကြီးနား နည်းပညာတက္ကသိုလ်ဘက်မှာ အိမ်အလုံး ၅၀၊ တန်ဖိုးနည်းအိမ်ယာ ၅၀၊ ဖားကန့်မှာ အလုံး ၅၀၊ ဆွန်ပူနဲ့ ခါယန်ကြားက အလုံး ၅၀၊ ဗန်းမော်မှာ အလုံး ၅၀၊ ရွှေကူမှာ အလုံး ၃၀။ အဲဒါ ကုမ္ပဏီထဲက ရန်ပုံငွေကောက်ဖို့ပြောတာ။ တချို့က သိန်းတရာ ထည့်တယ်၊ တချို့က ၁၀ သိန်း၊ ၅ သိန်း ထည့်ကြတယ်။ တချို့က အိမ်တလုံး။ အိမ်တလုံးက အနည်းဆုံး ၂၃ သိန်းနဲ့ ၂၅ သိန်းကြားရှိတယ်။ တန်ဖိုးနည်း အိမ်ယာပေ့ါ။ ၉ ပေပတ်လည် ၃ ခန်းနဲ့ ဝရံတာပါမယ်။”

အင်န်ဒီအေကေအဖွဲ့ဟာ နအဖကမ်းလှမ်းထားတဲ့ နယ်ခြားစောင့်တပ် ဖွဲ့စည်းဖို့ လက်ခံထားတာဖြစ်ပြီး အသက် ၁၈ နှစ်နဲ့ ၅၀ အကြား ရှိသူတွေနဲ့ ဖွဲ့စည်းကြမှာဖြစ်လို့ အသက် ၅၀ အထက် ရှိသူတွေဟာ နယ်ခြားစောင့်တပ်မှာ ဆက်လက်ပါဝင်ခွင့် မရတော့ဘဲ အနားပေးခံရမှာ ဖြစ်ပါတယ်။ အင်န်ဒီအေကေ အဖွဲ့မှ အနားပေးခံရမယ့် လူအရေအတွက်နဲ့ သူတို့ရဲ့ ပင်စင်လစာငွေ ခံစားခွင့် အခြေအနေကို အခုအချိန်အထိ ရှင်းရှင်းလင်းလင်း မသိရသေးပါဘူး။

# နအဖလုပ်ဆောင်သင့်တာမလုပ်ရင်ဆန့်ကျင်မှုတွေပေါ်လာနိုင်ဟုဦးဝင်းတင်ပြောဆို

**NEJ၊ အောက်တိုဘာ ၁၆။ ။** ရွေးကောက်ပွဲအကြိုကာလနှင့် ရွေးကောက်ပွဲလွန်ကာလများတွင် နအဖ အနေဖြင့် လုပ်ဆောင်ရမည့်ကိစ္စများကိုမလုပ်ဆောင်ပါက ရွေးကောက်ပွဲဆန့်ကျင်မှုများပေါ်ပေါက်လာနိုင်သည်ဟု ဥရောပသံတမန်အဖွဲ့ကို အန်အယ်လ်ဒီကပြောကြားခဲ့ကြောင်း သိရပါတယ်။

အန်အယ်လ်ဒီဗဟိုအလုပ်အမှုဆောင်ကော်မတီအဖွဲ့ဝင် ဖြ ဦးနှင့် ဥရောပသမဂ္ဂ–အီးယူ မှ ကိုယ်စားလှယ် ၂၀ ခန့်ပါဝင်သည့် ဥရောပသံတမန်အဖွဲ့တို့ အောက်တိုဘာ ၁၄ ရက်တွင် ရန်ကုန်မြို့ အန်အယ်လ်ဒီရုံးချုပ်မှာတွေ့ဆုံရာတွင် ပြောကြားခဲ့ကြောင်း အန်အယ်လ်ဒီဗဟိုအလုပ်အမှုဆောင်ကော်မတီအဖွဲ့ဝင်တဦးဖြစ်သူ ဦးဝင်းတင်က ခေတ်ပြိုင်သို့ပြောကြားပါတယ်။

ဥရောပသံတမန်အဖွဲ့က အန်အယ်လ်ဒီဗဟိုအလုပ်အမှုဆောင်ကော်မတီအဖွဲ့ဝင်များနှင့်တွေ့ဆုံကာ လက်ရှိမြန်မာနိုင်ငံအခြေအနေနှင့်ပတ်သက်၍ မေးမြန်းခဲ့ရာတွင် အန်အယ်လ်ဒီပါတီအနေဖြင့် လာမယ့် ၂၀၁၀ ရွေးကောက်ပွဲကာလအတွက် ရှေ့ဘာဆက်လုပ်မယ်ဆိုတာကိုလည်း ထည့်သွင်းမေးမြန်းခဲ့ကြောင်း ဦးဝင်းတင်ကပြောပါတယ်။

ဦးဝင်းတင်ကပင် “ကျနော်တို့ပြောဆိုဆွေးနွေးတဲ့အထဲမှာ တခုပါတယ်ဗျ။ ခင်ဗျားတို့ဘာလုပ်မှာလည်းဆိုတာ ပါတယ်ဗျ။ ရွေးကောက်ပွဲကာလပေ့ါဗျာ၊ မကြာခင်မှာမှတ်ပုံတင်ကိစ္စပေါ်လာတော့မယ်၊ ရွေးကောက်ပွဲဥပဒေဆိုတာပေါ်မယ်၊ နောက်တခုက ရှေ့မှာဘာရှိမလဲဆိုတော့ အခြေခံဥပဒေကို ပြောင်းပေး ပြင်ပေးဆိုတဲ့ လုပ်ငန်းတခုရှိမယ်ပေ့ါဗျာ။ နောက်တခါ အဲဒါပြီးရင်တော့ ရွေးကောက်ပွဲပေ့ါ။” လို့ပြောပါတယ်။

အထက်ဖော်ပြပါအဆင့်များတွင် ရွေးကောက်ပွဲမတိုင်မီအကြိုကာလတွင် all inclusive ဆိုတဲ့အနေအထားကြောင့် အန်အယ်လ်ဒီကို ဘေးဖယ်ထုတ်ခြင်းမျိုး လက်မခံနိုင်တဲ့ ပါတီမှတ်ပုံတင်ဥပဒေမျိုး ထုတ်လိမ့်မယ်လို့မယူဆကြောင်း တင်ပြခဲ့တယ်လို့ ဦးဝင်းတင်ကပြောပါတယ်။

“နောက်တခုက ဒေါ်စုကိုလည်း ရွေးကောက်ပွဲဖယ်မထုတ်ကြပါနဲ့၊ all inclusive ဆိုတာဟာ တကမ္ဘာလုံးကအော်နေတဲ့ တောင်းဆိုချက်ဖြစ်နေတဲ့အတွက် ဒေါ်စုကိုလည်း ရွေးကောက်ပွဲမဝင်နိုင်အောင် အဲလိုစည်းကမ်းဥပဒေမျိုး ပါကောင်းမှပါလိမ့်မယ်လို့ ယူဆတယ်ပေ့ါဗျာ။ ဒါဆို နောက်တခုက အခြေခံဥပဒေပြင်ဆင်ရေးကိစ္စရောက်မယ်။

သူတို့ကလည်း ကျနော်တို့တောင်းသလိုပြင်ပေးပါ၊ ဖျက်ပေးပါ၊ ပြောင်းပေးပါတို့ဆိုတာတွေကို သူတို့မလုပ်ဘူးဗျ။ အဲလိုဆို လုပ်စရာလမ်းက ဘာတလမ်းဘဲရှိသလဲဆိုရင်တော့ တွေ့ဆုံဆွေးနွေးရေးစားပွဲပေါ်ကို အဲဒီကိစ္စတွေတင်ဘို့ဘဲ ရှိတော့တယ်။ အခြေခံဥပဒေပြင်ဆင်ပြောင်းလဲရေးကိစ္စကို တွေ့ဆုံဆွေးနွေးရေးစားပွဲပေါ် တင်ဘို့ဘဲရှိတော့တယ်။” လို့ ဦးဝင်းတင်ကပြောပါတယ်။

ထိုသို့တွေ့ဆုံဆွေးနွေးရာတွင် ဥပဒေပြောင်းလဲရေးကိစ္စတခုတည်း၊ အန်အယ်လ်ဒီရဲ့ကိစ္စတခုတည်းမဟုတ်ဘဲ အမျိုးသားရေးကိစ္စများကို ဆွေးနွေးရမှာဖြစ်ပြီး အမျိုးသားပြန်လည်သင့်မြတ်ရေး တွေ့ဆုံဆွေးနွေးပွဲဖြစ်ရမယ်လို့ ဦးဝင်းတင်ကပြောပါတယ်။ တိုင်းရင်းသားကိစ္စများ၊ ငြိမ်းချမ်းရေးအဖွဲ့များရဲ့ကိစ္စများ၊ လူ့အခွင့်အရေးချိုးဖောက်မှုများနဲ့ နိုင်ငံရေးအကျဉ်းသားကိစ္စများ၊ ပြည်သူလူထုကြားကြုံတွေ့နေရတဲ့ မတရားမှု ဖိနှိပ်ချုပ်ချယ်မှု ဥပဒေနှင့်ပိတ်ပင်မှု သတင်းစာလွတ်လပ်မှု၊ စတဲ့ရွေးကောက်ပွဲအကြိုကာလတွင်လုပ်ရမယ့်ကိစ္စများ ပါဝင်ရမယ်လို့ဦးဝင်းတင်က ဆက်လက်ပြောပါတယ်။

“သို့သော် အဲဒီကိစ္စတွေကိုလုံးဝမစဉ်းစားဘဲ တွေ့ဆုံဆွေးနွေးရေးလည်းမရှိဘဲနဲ့ ရွေးကောက်ပွဲကိုအတင်းဖွတ်ခေါ်မယ်ဆိုရင် ဆိုပါတော့ဗျာ ကျနော်သုံးတဲ့စကားဆိုရင် ရွေးကောက်ပွဲတင်းကုပ်ကို ကျနော်တို့ကို နဖားကြိုးဆွဲလို့ဖြစ်ဖြစ်၊ မြက်ကျွေးလို့ဖြစ်ဖြစ် အတင်းခေါ်မယ်ဆိုရင်တော့ လူထုကလည်းလက်ခံမှာမဟုတ်ဘူး၊ ကျနော်တို့လည်းလက်မခံနိုင်ဘူး။ အဲလိုဆိုရင်တော့ ကျနော်တို့ဟာ ရွေးကောက်ပွဲကို သပိတ်မှောက်တဲ့ကိစ္စမျိုးတွေ သို့မဟုတ် လူထုအင်အားနဲ့ရွေးကောက်ပွဲကိုဆန့်ကျင်တဲ့ဟာတွေ ပေါ်လာနိုင်တယ်လို့ ကျနော်တို့တခုပြောပါတယ်။ ရွေးကောက်ပွဲ အကြိုကာလမှာပါ။” လို့ ဦးဝင်းတင်ကရှင်းပြပါတယ်။

အန်အယ်လ်ဒီက ရွေးကောက်ပွဲဝင်တဲ့အနေအထားတွင် မရှိခြင်း၊ တရားဝင်ပါတီအနေဖြင့် ရပ်တည်နိုင်ရေး မနိုင်ရေးကိစ္စများရှိနေခြင်းကြောင့် ရွေးကောက်ပွဲလွန်ကာလတွင်လည်း ပေါ်ပေါက်လာမယ့် လွှတ်တော်၊ အသက်ဝင်လာမယ့် အခြေခံဥပဒေ စသည်တို့ကို ပြည်သူများ၊ ဒီမိုကရေစီအင်အားစုများ၊ တိုင်းရင်းသားလူမျိုးစုများက လက်ခံနိုင်မယ့်အနေအထားမရှိကြောင်း ဦးဝင်းတင်ကသုံးသပ်ပြပါတယ်။

“အဲလိုအခါမျိုးမှာလည်း ရွေးကောက်ပွဲအကြိုကာလတုန်းက သပိတ်လက်နက်တို့၊ လူထုဆန္ဒဖော်ထုတ်မှုတို့လို လှုပ်ရှားမှုသဏ္ဍာန်မျိုးနဲ့ ဆန့်ကျင်မှုစတာတွေတော့ ပေါ်နိုင်တယ်လို့ ပြောလိုက်တဲ့အချက်ရှိပါတယ်။” လို့ ဦးဝင်းတင်ကပြောပါတယ်။ ဆက်လက်ပြီး အန်အယ်လ်ဒီအနေနဲ့ စုစုစည်းစည်းဖြင့် ၁၉၉၀ ရွေးကောက်ပွဲရလဒ်ကို မမေ့ဘဲ မစွန့်ပယ်ဘဲ ယင်းရလဒ်ကိုကိုင်စွဲပြီး ဆက်လက်တိုက်ပွဲဝင်သွားရန်လိုအပ်ကြောင်း ပြောကြားပါတယ်။

“၁၉၉၀ ရွေးကောက်ပွဲကိုမေ့လို့မရဘူး။ ဒါကိုလည်း ကျုပ်တို့ကမမေ့နိုင်ဘူး၊ မပစ်ပယ်နိုင်ဘူးဆိုတဲ့သဘောနဲ့ အဲဒါကိုမဏ္ဍိုင်ပြုပြီးတော့ လှုပ်ရှားမယ်လို့ ကျနော်ကတော့ထင်နေတယ်ဗျ။ ပုံသဏ္ဍာန်အားဖြင့် ကျနော်မှန်းလို့ရတာကတော့ ဆန္ဒပြမှုတွေ၊ သပိတ်တွေ၊ ကန့်ကွက်မှုတွေဟာ ရွေးကောက်ပွဲအကြိုကာလမှာလည်း ပေါ်လာလိမ့်မယ်၊ ရွေးကောက်ပွဲအလွန်ကာလမှာလည်း ပေါ်လာလိမ့်မယ်လို့တော့ ထင်မြင်မိတယ်။ ဒါကြောင့်လည်း အီးယူကိုပြောတဲ့အထဲမှာ ဒီအချက်ပါပါတယ်။” လို့ ဦးဝင်းတင်ကပြောဆိုသွားပါတယ်။

---

# ကုလသမဂ္ဂဆိုင်ရာချက်သံအမတ်ကြီးမြန်မာ့အရေးဆွေးနွေး

**RFA၊ အောက်တိုဘာ ၁၅။ ။** ကုလသမဂ္ဂဆိုင်ရာ ချက်သမတနိုင်ငံအမြဲတမ်းသံအမတ်ကြီး မစ္စတာမာတင်ပါလူးက မြန်မာနိုင်ငံအရေးနဲ့ပတ်သက်ပြီး ဆွေးနွေးပွဲတရပ်ကို အောက်တိုဘာ ၁၄ ရက် ဗုဒ္ဓဟူးနေ့ညနေပိုင်းက နယူးယောက်မြို့ UN Plaza မှာကျင်းပပြုလုပ်ခဲ့ပါတယ်။

ဆွေးနွေးပွဲမှာ FDB မြန်မာနိုင်ငံဒီမိုကရက်တစ်အင်အားစုရဲ့ နိုင်ငံခြားရေးရာကော်မတီ ဒုတိယအတွင်းရေးမှူးဦးဖိုးအောင်က ထိုင်း–မြန်မာနယ်စပ်ဒေသက နိုင်ငံရေးနဲ့လူ့အခွင့်အရေးအခြေအနေတွေကို တင်ပြခဲ့ပြီး WLB အမျိုးသမီးများအဖွဲ့ချုပ်–မြန်မာနိုင်ငံ ရဲ့ သဘာပတိအဖွဲ့ဝင် ဒေါ်သင်းသင်းအောင်က ပြည်တွင်းနိုင်ငံရေးနဲ့ လူ့အခွင့်အရေးအခြေအနေအတွေကို ဆွေးနွေးတင်ပြခဲ့ပါတယ်။

ဒ့ါအပြင် NCGUB အအဝေးရောက်ညွန့်ပေါင်းအစိုးရအဖွဲ့ရဲ့ ကုလသမဂ္ဂဆိုင်ရာကိုယ်စားလှယ် ဒေါက်တာသောင်းထွန်းက မြန်မာနိုင်ငံရဲ့ရှေ့ရေးအနာဂတ်မှာ နိုင်ငံတကာအသိုင်းအဝိုင်းကပါဝင်နိုင်မယ့်ကဏ္ဍတွေကို တင်ပြဆွေးနွေးခဲ့ပါတယ်။ ဒီဆွေးနွေးပွဲမှာတင်ပြခဲ့တဲ့အကြောင်းအရာတွေနဲ့ပတ်သက်ပြီး အမျိုးသမီးများအဖွဲ့ချုပ်–မြန်မာနိုင်ငံက ဒေါ်သင်းသင်းအောင်ကအခုလိုပြောပြပါတယ်။

“ကုလသမဂ္ဂအထွေထွေညီလာခံမစခင်မှာ မြန်မာနိုင်ငံနဲ့ပတ်သက်ပြီးတော့မှ လူ့အခွင့်အရေးဆိုင်ရာ resolution ဆုံးဖြတ်ချက်တခုကိုချတော့မယ်ပေ့ါနော်။ EU နိုင်ငံတွေကဦးဆောင်ပြီးတော့ အခု draft လုပ်နေတာပေ့ါ။ အဲဒီအထဲမှာလည်း မြန်မာနိုင်ငံမှာအခုလက်ရှိဖြစ်နေတဲ့ လူ့အခွင့်အရေးချိုးဖောက်မှုတွေကို ဆက်ပြီးတော့ရေးသားပေးဘို့ ဆက်ပြီးတော့ မြန်မာနိုင်ငံစစ်အစိုးရကို တွန်းအားပေးဘို့ကိစ္စကို ကျမတို့တောင်းဆိုတာဖြစ်ပါတယ်။”

ဆွေးနွေးပွဲကို နယူးယောက်အခြေစိုက် နိုင်ငံတကာသံတမန်များအပြင် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ရုံးက တာဝန်ရှိသူတွေလည်းတက်ရောက်ခဲ့ကြပါတယ်။

# အမျိုးသားရင်ကြားစေ့ရေးဆိုရာဝယ် အပိုင်း–၄

ခင်မမမျိုး

**ယခင်တပတ်မှအဆက်**

လွတ်လပ်ရေးရပြီးစဉ်ကာလကနေ ၁၉၈၈ ခုနှစ်အထိ ကာလတလျှောက်မှာ မြန်မာ့တပ်မတော်နဲ့ လူမျိုးစုစစ်တပ်တွေအကြား မြန်မာ့တပ်မတော်နဲ့ ပြည်သူလူထုအကျိုးကို ဦးစားပေးစဉ်းစားတဲ့မြေပေါ်မြေအောက်အဖွဲ့အစည်းတွေအကြားမှာ စစ်ရေးတိုက်ပွဲ၊ နိုင်ငံရေးတိုက်ပွဲတွေ အများအပြားပေါ်ထွက်ခဲ့ပါတယ်။

ပဋိပက္ခတွေတွေဟာ conflict emergence အဆင့်ကိုရောက်သွားလိုက်၊ conflict escalation အဆင့်ကိုဆက်မတက်သွားဘဲရပ်တန့်နေလိုက်၊ ရံဖန်ရံခါမှာလည်း latent conflict အဆင့်ကိုပြန်ကျသွားလိုက်နဲ့ ဖြစ်နေခဲ့ပါတယ်။ အခုကျမဆန်းစစ်ချက်က တမျိုးသားလုံးအဆင့် တနိုင်ငံလုံးအဆင့်ကိုပြောနေတာဖြစ်ပါတယ်။ လူမျိုးစုတစုချင်းအလိုက် သီးခြားဆန်းစစ်မယ်ဆိုရင်တော့ အသွင်သဏ္ဌာန်ကတမျိုးဖြစ်ပါလိမ့်မယ်။

ဒီလိုနဲ့ ၁၉၈၈ ခု ဖွန်းမော်အရေးအခင်းဟာ ပြည်သူလူထုနဲ့ အာဏာရှင်အစိုးရအကြားမှာရှိနေခဲ့တဲ့ latent coflicts တွေအားလုံးကို ဖောက်ခွဲပစ်လိုက်တဲ့ triggering event ဖြစ်သွားခဲ့ပါတယ်။ အဲဒီမှာတင် conflict emergence အဆင့်ဖြစ်သွားပြီး conflict escalation အဆင့်အထိကြီးထွားသွားခဲ့ပါတယ်။ ဒီပဋိပက္ခဟာ တစတစနဲ့ ဆက်ပြီးကြီးထွားလာလိုက်တာ နှစ်ဘက်စလုံးခြေကုန်လက်ပန်းကျတဲ့အဆင့် stalemate ကိုရောက်လုနီးနီးဖြစ်ခဲ့ပါတယ်။

စစ်အာဏာရှင်ဘက်ကနေ အမျိုးသားညီလာခံကိုရပ်တန့်ထားရပြီး အတိုက်အခံတွေဘက်ကလည်း မာနယ်ပလေကကျပြီးနောက်ပိုင်း စစ်ရေး နိုင်ငံရေးကျဆင်းလာတဲ့အခြေအနေကို ခေါ်ဆိုတာဖြစ်ပါတယ်။ ဒါပေမယ့် နှစ်ဘက်စလုံးကမရှုံးမနိုင်အခြေအနေမှာကနေ cnflict de-escalation အဆင့်ကိုဆက်သွားဖို့ အကောင်အထည်ဖော်မှုတွေမရှိခဲ့ပါဘူး။

ဒီအခြေအနေမှာ နှစ်ပေါင်းများစွာရှိနေပြီးမှ အတိုက်အခံဘက်ကလည်း နိုင်ငံတကာစစ်မျက်နှာနဲ့ ထိုးစစ်ပြန်ဆင်လာခဲ့သလို၊ အာဏာရှင်ဘက်ကလည်း လမ်းပြမြေပုံခုနှစ်ဆင့်နဲ့ အောင်ပွဲရယူဘို့ ပြန်ပြီးကြိုးစားလာကြပါတယ်။ conflict escalation အဆင့်ကိုပြန်ရောက်သွားတာဖြစ်ပါတယ်။ ဒါပေမယ့် အတိုက်အခံများရဲ့ နိုင်ငံတကာထိုးစစ်ဖြစ်တဲ့ကုလသမဂ္ဂလုံခြုံရေးကောင်စီ အရေးယူမှုအပေါက်မြောက်လာတဲ့အခါကျတော့ နှစ်ဘက်အကြားပဋိပက္ခဟာ latent conflict အဆင့်အထိ ပြန်လျှော့ကျသွားပါတယ်။

ဒီအခြေအနေမှာဘဲ လောင်စာဆီနှုန်းတက်မှုနဲ့ ပခုက္ကူသံဃာတော်များရိုက်နှက်ခံရမှုတွေဟာ conflict emergence အဆင့်ကိုဖြစ်စေခဲ့တဲ့ triggering events တွေဘဲဖြစ်ပါတယ်။ အဲဒီကနေ အရှိန်ယူပြီး conflict escalation အဆင့်ဖြစ်တဲ့ ရွှေဝါရောင်တော်လှန်ရေးကြီးပေါ်ထွက်လာခဲ့ပါတယ်။ အတိုက်အခံတွေဘက်ကသာ လူထုတိုက်ပွဲအတွက် ကြိုတင်ပြင်ဆင်ထားမှု နိုင်ငံတကာအပေါ်မှာ အလွန်အကျူးအားကိုးမှုနဲ့ အချိန်အခါမဟုတ်ဘဲခေါ်ဆိုထားတဲ့ ဒိုင်ယာလော့ခ်ဆိုတာမရှိထားခဲ့ရင် ဒီလိုအခြေအနေမျိုးဆိုတာ အတိုက်အခံဦးဆောင်တဲ့ကြားဖြတ်အစိုးရ သို့မဟုတ် ပါဝါရှယ်ယာကြားဖြတ်အစိုးရဖွဲ့စည်းခြင်း၊ ဒိုင်ယာလော့ခ်ပြုလုပ်ခြင်း၊ ရွေးကောက်ပွဲကျင်းပခြင်း၊ တိုင်းပြည်တည်ဆောက်မှုနဲ့ အမျိုးသားရင်ကြားစေ့ရေးဖြစ်စဉ်စတင်ခြင်း လုပ်ငန်းစဉ်အဆင့်ဆင့်ကို ဆက်တက်သွားလို့ရတဲ့အခြေအနေမျိုးဖြစ်ပါတယ်။

ဒါပေမယ့် ပထမဆုံးလုပ်ရမယ့်အလုပ်ကိုကျော်ပြီး နအဖ ကနေဒိုင်ယာလော့ခ်ခေါ်မယောင် အသံထွက်လာခဲ့ပါတယ်။ ဒါကို ဒိုင်ယာလော့ခ်ဖြစ်သွားနိုင်လားမဖြစ်သွားနိုင်ဘူးလားဆိုတဲ့အခြေအနေနဲ့ အချိန်အခါကို မသုံးသပ်ခဲ့တဲ့အတိုက်အခံနိုင်ငံရေးအဖွဲ့တွေကလည်း ထောက်ခံကြိုဆိုကြပါတော့တယ်။ အဲဒီမှာတင် ကိုယ့်လက်နက်ဟာ တဘက်ကရန်သူရဲ့ လက်နက်ဖြစ်သွားပါတယ်။ ဒါကိုဘဲအသုံးချပြီး နအဖ စစ်အာဏာရှင်ဘက်ကလည်း conflict eacalation အဆင့်မှာ သူတို့ဘက်ကအနိုင်ရရေးအတွက် လမ်းပြမြေပုံအဆင့်ဆင့်ကို အမြန်အဆန်အကောင်အထည်ဖော်ပါတော့တယ်။

ဒါကို counter-action လုပ်ဘို့ အတိုက်အခံတွေဘက်မှာ လုပ်ငန်းစဉ်အဆင့်ဆင့်မရှိခဲ့ပါဘူး။ အဲဒီမှာတင် ရွှေဝါရောင်တော်လှန်ရေးနဲ့ အတူ မြင့်တက်လာခဲ့တဲ့ ပြည်သူလူထုရဲ့ နိုင်ငံရေးရေချိန်ဟာ ပြန်လျော့ကျသွားပါတယ်။ latent conflict အဆင့်ကိုပြန်ရောက်သွားပါတယ်။ နအဖ ဘက်ကလည်း ဒီအခြေအနေကိုအခွင့်ကောင်းယူပြီး လမ်းပြမြေပုံကိုတဆင့်ချင်းဆက်တိုးပါတယ်။

ဒါပေမယ့်လည်း စစ်တပ်တွင်း ၇၅–၂၅%နဲ့ ပတ်သက်ပြီး မကျေလည်မှုအခြေအနေတွေ လမ်းပြမြေပုံနဲ့ ပတ်သက်ပြီး လူထုရဲ့ မကျေနပ်မှုတွေ ကမ္ဘာ့စီးပွားရေးပျက်ကပ်ရဲ့ ဂယက်ရိုက်မှုတွေ အထွေထွေပြဿနာတွေကြောင့် ပဋိပက္ခအဆင့်ဟာ latent conflict ကိုကျော်လွန်ပြီး ပေါက်ကွဲလုလုဖြစ်လာပြန်ပါတယ်။ ဒီလိုအခြေအနေမှာသာ triggering event ဖြစ်ပြီး conflict emergence ဖြစ်လာတဲ့အခါ conflict escalation အဆင့်ကို ချက်ချင်းကူးပြောင်းသွားနိုင်မယ့် အလားအလာတွေရှိနေပါတယ်။

အဲဒီအဆင့်မှာလည်း ပါဝါရှယ်ယာကြားဖြတ်အစိုးရပေါ်ထွက်လာနိုင်မယ့် နိုင်ငံရေးအခင်းအကျင်းသဏ္ဌာန်တွေကို ထွက်ပေါ်နေပါတယ်။ ဒီလိုသာဖြစ်လာခဲ့ရင် Initial damocratization စတင်သွားမှာဖြစ်ပါတယ်။ ဒီလိုစတင်ပြီးမှ ဒိုင်ယာလော့ခ်ခေါ်တာ၊ ရွေးကောက်ပွဲပြုလုပ်တာ အမျိုးသားရင်ကြားရေးဖြစ်စဉ်စတင်တာတွေ ဆက်တိုက်ပြုလုပ်လို့ရလာပါလိမ့်မယ်။ ဒါကြောင့် လက်ရှိနိုင်ငံရေးအခြေအနေဟာ မြန်မာနိုင်ငံအတွက်အလွန်ဘဲအရေးကြီးနေတဲ့အချိန်အခါတခုလို့ ဆိုရမှာဖြစ်ပါတယ်။

ဒီလိုအခြေအနေနဲ့ အချိန်အခါမှာ conflict emergence အဆင့်အတွက် conflict escalation အဆင့်အတွက် ပါဝါရှယ်ယာကြားဖြတ်အစိုးရဖွဲ့စည်းနိုင်ရေး တပ်မတော်သားများအားစည်းရုံးရေး စတဲ့လုပ်ငန်းစဉ်အများအပြားကို နိုင်ငံရေးအခင်းအကျင်းအသစ်တခုအနေနဲ့ အကောင်အထည်ဖော်ဆောင်ရွက်ပြီး ကြိုတင်ပြင်ဆင်ရတော့မှာဖြစ်ပါတယ်။ ဒီလိုပြင်ဆင်မှုတွေမရှိရင် ရွှေဝါရောင်တော်လှန်ရေးတုန်းကလိုမျိုး ရုတ်တရက်ပေးလာတဲ့အခွင့်အလမ်းကို လက်ဆုပ်လက်ကိုင်မယူလိုက်နိုင်သလိုမျိုးဖြစ်သွားမှာဖြစ်ပါတယ်။

ဒါပေမယ့် ကျမတို့ မြန်မာလူမျိုးတွေရဲ့ ထူးခြားဆန်းကျယ်မှုလို့ဘဲခေါ်ရလေမလား၊ စစ်အာဏာရှင်ဘက်ကကြည့်ရင်တော့ အလွန်ပင်ဟာသမြောက်စရာကောင်းတဲ့ နိုင်ငံရေးထိုးစစ်ပြက်လုံးတခုလို့ဘဲ ခေါ်ရလေမလားမဆိုနိုင်တဲ့ အမျိုးသားရင်ကြားစေ့ရေး အဆိုပြုချက်ကြီးထွက်ပေါ်လာပါတော့တယ်။ အမျိုးသားရင်ကြားစေ့ရေးဖြစ်ရအောင် conflict settlement အဆင့်ကိုရောက်သေးတာမဟုတ်ပါ။

အဲဒီအဆင့်ဝေးလို့ de-escalation အဆင့်တောင်မရောက်သေးပါ။ နောက်ဆုံး နှစ်ဘက်စလုံးကရှုံးနေတဲ့အခြေအနေ stalemate အဆင့်မှာပင်မရှိပါ။ အသေအချာသာတွေးကြည့်ရင် conflict emergence အဆင့်နဲ့ conflict escalation အဆင့်ကို နအဖ စစ်အုပ်စုရဲ့ လမ်းပြမြေပုံအဆုံးမသတ်ခင်မှာ မတက်လှမ်းနိုင်ပါက latent conflict အဆင့်မှာတင် နောက်ထပ်အနှစ်နှစ်ဆယ်လောက်ဆက်နေရပြီး အနိုင်ရအာဏာရှင်ခြယ်လှယ်သမျှ ခံကြရတော့မယ့်အခြေအနေမျိုးပါ။

အသီးဆိုတာ သီးခိုင်းချင်တိုင်းသီးလို့မရသလို အပွင့်ဆိုတာကလည်း ပွင့်ခိုင်းတိုင်း ပွင့်လို့မရပါ။ Initial democratization အဆင့်ရောက်ပြီးမှ သီးခိုင်းရတဲ့ ဒိုင်ယာလော့ခ်ဆိုတဲ့အသီးကို တိုက်ပွဲကာလမှာကတည်းက အတင်းသွားသီးခိုင်းနေခဲ့လို့ မြန်မာပြည်ကြီးစစ်ကျွန်ဘဝမှာ သက်ဆိုးရှည်နေတာလည်း နှစ်ပေါင်းများစွာရှိနေခဲ့ပါပြီ။

**ရှေ့တပတ်ဆက်လက်ဖော်ပြပါမည်**

# ၂၀၁၀ သပိတ်မှောက်ရန် ပြည်ပရောက်အဖွဲ့အစည်းများ ကြေညာချက်ထုတ်ပြန်

**RFA। အောက်တိုဘာ ၁၃ ॥ ॥** စစ်အစိုးရကျင်းပမယ့် ၂၀၁၀ ရွေးကောက် ပွဲကို သပိတ်မှောက်သွားမှာဖြစ်တဲ့အကြောင်း ပြည်ပရောက်မြန်မာ့ဒီမိုကရေစီအ ရေးဆောင်ရွက်နေတဲ့အဖွဲ့အစည်းများက ပူးတွဲကြေညာချက်တစောင်ကို အောက် တိုဘာလ ၁၀ ရက်နေ့ နေ့စွဲနဲ့ ထုတ်ပြန်ခဲ့ပါတယ်။

ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားကောင်စီအပါအဝင် ပြည်ပရောက်ဒီမို ကရေစီတပ်ပေါင်းစုများ လူငယ် ကျောင်းသား အမျိုးသမီးအဖွဲ့ချုပ်များကစုပေါင်း ပြီး ဒီကြေညာချက်ကိုထုတ်ပြန်လိုက်တာဖြစ်ပါတယ်။ ထုတ်ပြန်တဲ့ကြေညာချက်နဲ့ ပတ်သက်ပြီး ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားကောင်စီ NCUB ကတွဲဘက် အတွင်းရေးမှူး ၁ ဦးမြင့်သိန်းကအခုလိုပြောပါတယ်။

“ကျနော်တို့အင်အားစုတွေ လူငယ်အင်အားစုတွေ၊ အမျိုးသမီးအင်အား စုတွေ၊ တခြားဒီမိုကရေစီအင်အားစုတွေ ဒီတပ်ပေါင်းစုတွေအားလုံးရဲ့သဘောထား အမြင်အနေနဲ့ ကျနော်တို့က ၂၀၁၀ ပေါ်မှာဘယ်လိုသုံးသပ်ထားတယ်ဆိုတဲ့ လက် မခံချက်ကို statement ထဲမှာအတိအကျဖော်ပြထားပါတယ်။ အဓိကပြောချင်တာ ကတော့ ၂၀၁၀ ရွေးကောက်ပွဲဟာ ကျနော်တို့နိုင်ငံမှာရှိနေတဲ့ တိုင်းရင်းသားပြည် သူတရပ်လုံးရဲ့ အနာဂတ်အကျိုးစီးပွားကို ကျနော်တို့ဆန့်ကျင်တယ်လို့ ဒီလိုလက် ခံသုံးသပ်ထားတယ်။ နောက်တခုက ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေကို အသက် သွင်းတဲ့ပွဲဖြစ်တယ်၊ တချိန်တည်းမှာ ၁၉၉၀ ပြည့်ရွေးကောက်ပွဲရလာဒ်ကို ပျက်ပြယ် သွားအောင်လို့ စနစ်တကျနဲ့ စီမံဖန်တီးချက်ဖြစ်တယ်။”

ကြေညာချက်ထဲမှာ ၂၀၁၀ ရွေးကောက်ပွဲကို စစ်အစိုးရကဗွတ်အတင်း ကျင်းပဘို့ပြုလုပ်နေသလို ရွေးကောက်ပွဲကထွက်ပေါ်လာမယ့်ရလာဒ်ဟာလည်း မ ကောင်းဘူးလို့ဆိုပါတယ်။ ရွေးကောက်ပွဲကနေ ဒီမိုကရေစီပြောင်းလဲရေးပေါ်ထွန်း လာမှာမဟုတ်သလို မြန်မာပြည်သူတွေရဲ့အခွင့်အရေးတွေအပြင် ငြိမ်းချမ်းရေးကို ရေရှည်ရှုနေတာမဟုတ်ဘူးလို့လည်းဆိုပါတယ်။ မြန်မာပြည်တွင်းမှာ နှစ်ပေါင်း ၆၀ ကျော်ကြာအောင်မပြီးပြတ်သေးတဲ့ပြည်တွင်းစစ်မီးဟာလည်း ငြိမ်းချမ်းမှာမဟုတ် ဘူးလို့ယုံကြည်တာကြောင့် ဖြစ်တယ်လို့ ဆိုပါတယ်။

“နိုင်ငံတကာကို နအဖ အနေနဲ့က တကယ်စစ်မှန်တဲ့ဒီမိုကရေစီနိုင်ငံတည် ဆောက်ပါမယ်လို့ပြောနေပေမယ့် တကယ့်လက်တွေ့မှာသူတို့လုပ်နေတဲ့လုပ်ရပ် ဟာ တကယ်ပြောတာနဲ့ လုပ်တာနဲ့ တခြားစီဖြစ်နေတယ်။ ပြည်တွင်းမှာရှိတဲ့ ဒေါ် အောင်ဆန်းစုကြည်အပါအဝင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ကို အပြတ်အသတ် ချေမှုန်းဘို့ တစိုက်မတ်မတ်လုပ်နေတာတွေ့ရတယ်။

ဆက်ပြီးတော့လုပ်သွားဘို့အစီအစဉ်တွေရှိနေတယ်လို့ ကျနော်တို့ကဒီ လိုတဲခန့်မှန်းသုံးသပ်တယ်။ ဒါကြောင့် ၂၀၁၀ နဲ့ပတ်သက်ပြီးတော့ ဒီရွေးကောက်ပွဲ အသစ်ကိုကျနော်တို့လုံးဝလက်မခံနိုင်ဘူး ဆန့်ကျင်သွားမှာဖြစ်တယ်။ နည်းမျိုးစုံ နဲ့လည်းဒီအပေါ်မှာတိုက်ဖျက်သွားမယ်ဆိုတဲ့ ကျနော်တို့အင်အားစုအားလုံးရဲ့သ ဘောထားကို ကျနော်တို့ဒီမှာထုတ်ပြန်ဖော်ပြလိုက်တာဖြစ်ပါတယ်။”

ဦးမြင့်သိန်းပြောသွားတာပါ။ အခုထုတ်ပြန်လိုက်တဲ့ကြေညာချက်ကို ပြည် ထောင်စုမြန်မာနိုင်ငံအမျိုးသားကောင်စီ၊ မြန်မာနိုင်ငံဒီမိုကရက်တစ်အင်အားစု များ၊ အမျိုးသမီးများအဖွဲ့–မြန်မာနိုင်ငံ အပါအဝင် တပ်ပေါင်းစု ၅ ခုကစုပေါင်း ထုတ်ပြန်လိုက်တာဖြစ်ပါတယ်။

---

## ဒေါ်အောင်ဆန်းစုကြည်အပေါ် ကန့်သတ်ချက်ဆွေးနွေးဘို့ ဒေါ်စုရှေ့နေတွေစောင့်ဆိုင်းနေ

**RFA। အောက်တိုဘာ ၁၃ ॥ ॥** ပြီးခဲ့တဲ့ဩဂုတ်လ ၁၁ ရက်နေ့ အင်းစိန် ထောင်အထူးတရားရုံးမှာ ဒေါ်အောင်ဆန်းစုကြည်ကို ပြစ်ဒဏ်ချမှတ်စဉ် ဒေါ် အောင်ဆန်းစုကြည်အပေါ်ကန့်သတ်ခဲ့တဲ့ အချက် ၈ ချက်နဲ့ပတ်သက်ပြီးရှင်းပြပေး ဘို့ ဒေါ်အောင်ဆန်းစုကြည်ရဲ့ရှေ့နေတွေက လျှောက်ထားမေးမြန်းခဲ့ရာမှာ အာ ဏာပိုင်တွေဘက်က အောက်တိုဘာ ၅ ရက်နေ့မှာ အကြောင်းပြန်ကြားခဲ့ကြောင်း ဒေါ်အောင်ဆန်းစုကြည်ရဲ့ရှေ့နေ ဦးဉာဏ်ဝင်းက RFA ကိုပြောပါတယ်။

ဒါပေမယ့် အကြောင်းပြန်ကြားချက်တွေထဲမှာ ဘယ်လိုအချက်တွေပါဝင် တယ်ဆိုတာကို ဒေါ်အောင်ဆန်းစုကြည်ထံအကြောင်းကြားပြီးမှသာ ပြောနိုင်မှာဖြစ် ကြောင်း ရှေ့နေဦးဉာဏ်ဝင်းကဆိုပါတယ်။

“စည်းကမ်းချက် ၈ ချက်နဲ့ပတ်သက်ပြီးတော့ ကျနော်တို့တင်ပြတဲ့စာပေါ် မှာပြန်ကြားတဲ့ကိစ္စ။ အာဏာပိုင်တွေကပြန်ကြားတာ။ ဒေါ်အောင်ဆန်းစုကြည်ကို ပြန်ကြားတဲ့ဟာ၊ ကျနော့်ကိုရုတ်နဲ့ခေါ်ပြောတယ်။ ဒါကိုကျနော် သူ့ဆီကို report လုပ်ရဦးမယ်။ ကျနော်အဲဒါ ဒေါ်အောင်ဆန်းစုကြည်ကိုကျနော်တင်ပြပြီးမှ ကျနော် ပြောလို့ရမယ်လေ။ နောက်တခုက ကျနော်တို့တရားရုံးကိစ္စ။”

ဒေါ်အောင်ဆန်းစုကြည်အမှုကိစ္စနဲ့ပတ်သက်ပြီး လိုအပ်တဲ့ဆွေးနွေးတိုင်ပင် မှုတွေအတွက် ဒေါ်အောင်ဆန်းစုကြည်နဲ့တွေ့ခွင့်ပေးဘို့ အောက်တိုဘာ ၇ ရက်နေ့ မှာ သူမရဲ့ရှေ့နေတွေကတောင်းဆိုခဲ့ပေမယ့် အခုအချိန်အထိတွေ့ခွင့်မရသေးဘဲ ဖြစ်နေကြောင်း ဒေါ်အောင်ဆန်းစုကြည်ရဲ့ရှေ့နေဦးဉာဏ်ဝင်းကပြောပါတယ်။

“ကျနော်တို့သတင်းတပ်ဖွဲ့ကို ၇ ရက်နေ့ကတည်းကတောင်းတာ။ ပုံမှန် အားဖြင့်တော့ အဲဒီတောင်းတဲ့နေ့ဘဲပေးတာများပါတယ်။ ဒီတခေါက်ကတော့ ကျ နော်တို့တောင်းတဲ့ရက်တွေမှာ အဲဒီဘက်မှာအလုပ်တွေများနေတာ ကျနော်တို့ လည်းတွေ့ရတယ်လေ။ အဲဒါကြောင့် နည်းနည်းနောက်ကျတယ်။ ကျနော်တို့မျှော် လင့်ပါတယ်။ ဒီအပတ်ထဲမှာဘဲကျနော်တို့တွေ့နိုင်လိမ့်မယ်လို့ ထင်ပါတယ်။”

နေအိမ်အကျယ်ချုပ်ကျနေစဉ်အတွင်း ဒေါ်အောင်ဆန်းစုကြည်ဟာ စစ်အ စိုးရရဲ့ကန့်သတ်မိန့်တွေကို ၁၉၇၅ ခုနှစ် ဖွဲ့စည်းပုံအခြေခံပါအချက်တွေအရ ချိုး ဖောက်တယ်ဆိုတဲ့စွပ်စွဲချက်နဲ့ ဒေါ်အောင်ဆန်းစုကြည်ကို နေအိမ်အကျယ်ချုပ် ၁ နှစ်ခွဲဆက်ချထားတာဘဲဖြစ်ပါတယ်။

---

# ကိုဇော်ဝေ Hellman/Hammett ဆုရ

**DVB। အောက်တိုဘာ ၁၃ ॥ ॥** အာ–ဏာ–ရူး–ကြီး–မှူး–ကြီး–သန်း–ရွှေ–ဆိုတဲ့ ကဗျာရေးမိလို့ ထောင်ဒဏ် ၂ နှစ်ကျခံနေရသူ ကဗျာဆရာစောဝေကို ဒီနှစ် အတွက် Hellman/Hammett ဆုချီးမြှင့်ဖို့ ရွေးချယ်လိုက်ကြောင်း လူ့အခွင့်အ ရေးစောင့်ကြည့်မှုအဖွဲ့က ကြေညာလိုက်ပါတယ်။

နိုင်ငံရေးအရ ဖိနှိပ်မှုကို ရင်ဆိုင်အံတုတဲ့ စာရေးဆရာတွေကို ဒီဆု နှစ် စဉ်ချီးမြှင့်လေ့ရှိပြီး အခုနှစ်အတွက် စာရေးဆရာ ၃၇ ဦးမှာ ကဗျာဆရာစောဝေ ရဲ့အမည်ကို ထည့်သွင်းဖော်ပြထားတာ ဖြစ်ပါတယ်။ လောလောဆယ် ရမည်း သင်းထောင်မှာရှိနေတဲ့ လူငယ်ကဗျာဆရာ ကိုစောဝေက အချစ်ဂျာနယ်ပါ ကဗျာ တပုဒ်အတွက် ၂၀၀၈ ဇန်နဝါရီလမှာ ဖမ်းဆီးခဲ့ရပြီး ထောင်ဒဏ် ၂ နှစ်ချမှတ်ခံ ခဲ့ရပါတယ်။ သူ အဖမ်းခံရတဲ့ ကဗျာရဲ့ အမည်က ဖေဖော်ဝါရီ ၁၄ ချစ်သူများနေ့ ဖြစ်ပေမယ့် အဲဒီ ကဗျာရဲ့ ထိပ်ဆုံးစာလုံးတွေကို ရွေးပြီးဖတ်ရင် အာ–ဏာ–ရူး– ကြီး–မှူး–ကြီး–သန်း–ရွှေ လို့ တွေ့ရတဲ့အတွက် အဖမ်းခံရတာ ဖြစ်ပါတယ်။

သူဟာ အဖြူရောင် သက်တန့်ရောင်စဉ်အဖွဲ့ကို ဦးဆောင်ပြီး အော့စ် ဝေဒနာသည်တွေအတွက် ကူညီပေးနေသူတဦးလည်း ဖြစ်ပါတယ်။ သူ့ရဲ့ဇနီး နန်း စန်းစန်းအေးက ဒီနေ့မနက်ပဲ ကိုစောဝေကို ထောင်ဝင်စာတွေ့ဖို့ ရမည်းသင်းကို ထွက်ခွာသွားကြောင်း၊ ဆုရတဲ့အပေါ် ဝမ်းသာမိကြောင်း မိသားစုဝင်တဦးက ပြောကြားခဲ့ပါတယ်။ ဒါပေမယ့် ဒီသတင်းကို အခုမှသိရတဲ့အတွက် အကျဉ်း ထောင်တွင်းက ကိုစောဝေက ဒီသတင်း သိခွင့်ရမှာ မဟုတ်သေးဘူးလို့ သူက ဆိုပါတယ်။ အမေရိကန် ပြဇာတ်ရေးဆရာမ Lillian Hellman ကို ဂုဏ်ပြု တဲ့အနေနဲ့ Hellman/ Hammett ဆုကို ၁၉၈၉ က စတင်ချီးမြှင့်လာတာဖြစ် ပြီး ၁၉၉၉ မှာ ကျောင်းသားလှုပ်ရှားမှု သမိုင်းစာအုပ်ရေးသားမှုနဲ့ ထောင်ချခံရ သူကိုအောင်ထွန်း ဒီဆုကို လက်ခံရရှိဖူးပါတယ်။


THE SAD PLIGHT OF MYANMAR
www.faxtoon.com
NO. 457 Oct 10, 2009
CHANGE
CHANGE !
CHANGE !
CHANGE!
CHANGE!
mrBurma 09....

# ရခိုင်အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ် ၂၁ နှစ်ပြည့် အခမ်းအနား ကျင်းပ

**DVB । အောက်တိုဘာ ၁၃ ॥ ॥** ၁၉၉၀ ရွေးကောက်ပွဲမှာ အမတ် ၁၁ နေရာ ရခဲ့တဲ့ ရခိုင်အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က ပါတီ တည်ထောင်ခြင်း ၂၁ နှစ်ပြည့်အခမ်းအနားတခု မနေ့က ရန်ကုန်မှာ ကျင်းပပါတယ်။

ပါတီမွေးနေ့ အခမ်းအနားဆိုပေမယ့် ဒီပါတီကို တရားမဝင်တော့ဘူးလို့ စစ်အုပ်စုရဲ့ ရွေးကောက်ပွဲကော်မရှင်က သတ်မှတ်ထားတာကြောင့် ပါတီရုံးခန်းနဲ့ ပါတီဆိုင်းဘုတ်မရှိတော့ပေမယ့် ပါတီဝင်တွေရဲ့ စိတ်ဓာတ်က ခိုင်မာနေဆဲဖြစ်တဲ့အတွက် ရတဲ့နည်းနဲ့ နှစ်စဉ်ကျင်းပနေပြီး မနေ့က သူ့မွေးနေ့နဲ့တဲ့ပြီး သူ့အိမ်မှာ အကျဉ်းရုံးကျင်းပလိုက်ရတယ်လို့ ရခိုင်ပါတီအတွင်းရေးမှူးလည်းဖြစ် ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီရဲ့ အတွင်းရေးမှူးလည်းဖြစ်တဲ့ ဦးအေးသာအောင်က ပြောပါတယ်။

"အရင်တုန်းကတော့ ပါတီမွေးနေ့ကို သာသနာ့ဗိမ္မာန်ကျောင်းမှာ လူ ၃၊ ၄ ရာလောက် ဖိတ်ပြီးတော့လုပ်ခဲ့တယ်။ ဒါပေမယ့် သာသနာ့ဗိမ္မာန်ကျောင်းကို ချိတ်ပိတ်လိုက်တော့၊ ပါတီက တရားဝင်မဟုတ်တော့ ပါတီရုံးမရှိဘူး။ ပါတီဝင်တွေက စိတ်ဓာတ်အရတော့ရပ်တည်နေတယ်။ ကျနော့်အိမ်မှာပဲ အဓိက နိုင်ငံရေးပါတီက ပုဂ္ဂိုလ်တွေနဲ့ ပါတီကလူတွေကို ဖိတ်တယ်။ ဒီနေ့ဖြစ်ပေါ်နေတဲ့ နိုင်ငံရေးအခြေအနေတွေကို ပါတီတွင်းက လူတွေရော၊ အန်အယ်လ်ဒီက ပုဂ္ဂိုလ်တွေ၊ တိုင်းရင်းသားတွေနဲ့ ဆွေးနွေးဖြစ်ပါတယ်။"

ရခိုင်ပါတီရဲ့ဥက္ကဋ္ဌဖြစ်တဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌအဖြစ် ရွေးချယ်ခံထားရသူ ဦးစောမရအောင်က ဒီနှစ် ဇန်နဝါရီလပိုင်းက ကွယ်လွန်သွားခဲ့ပြီဖြစ်ပါတယ်။ ဖျက်သိမ်းခံပါတီတခုအနေနဲ့ ဥက္ကဋ္ဌပြန်လည်ရွေးချယ်တာ၊ ပါတီညီလာခံလုပ်တာတွေကို လောလောဆယ် မလုပ်နိုင်သေးပေမယ့် ပါတီလုပ်ငန်းတွေ အရှိန်မပျက်အောင် ဖြစ်တဲ့နည်းနဲ့ကြိုးစားနေတယ်လို့ ဦးအေးသာအောင်က ပြောပါတယ်။ မနေ့က အဲဒီ အခမ်းအနားကို သူတို့လို ဖျက်သိမ်းခံပါတီတွေဖြစ်ပေမယ့် စီအာပီပီမှာ ပါဝင်လှုပ်ရှားနေတဲ့ မွန်အဖွဲ့ချုပ်မှ နိုင်ငွေသိန်း၊ ဇိုမီးအမျိုးသားကွန်ဂရက်မှ ပူးကျင့်ရှင်းထန်၊ တသီးပုဂ္ဂလမှ ထောင်ကိုထန်းအပါအဝင် တိုင်းရင်းသားကိုယ်စားလှယ်တွေ၊ ပြီးခဲ့တဲ့ ရက်ပိုင်းအတွင်းကမှ ထောင်က လွတ်လာတဲ့ ခိုင်ကောင်းစံ အပါဝင် ရခိုင်နိုင်ငံရေးသမားတွေ၊ ဦးဝင်းတင်အပါဝင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က ခေါင်းဆောင်တွေအတော်များများ တက်ရောက်ခဲ့တယ်လို့ သိရပါတယ်။ အဲဒီအခမ်းအနားကို တက်ရောက်ခဲ့တဲ့ ဦးဝင်းတင်က ဖျက်သိမ်းခံတိုင်းရင်းသားပါတီတွေရဲ့ ရပ်တည်မှုနဲ့ မနားမနေကြိုးပမ်းနေမှုအပေါ်မှာ ဦးဝင်းတင်က သူ့အမြင်ကို ပြောပါတယ်။

"ဦးအေးသာအောင်တို့ပါတီနဲ့ ပတ်သက်ပြီးတော့ ပြောစရာရှိတာကတော့ ဘာပဲပြောပြော ဦးအေးသာအောင်တို့ဟာ အနိုင်ရပါတီတွေဖြစ်တယ်။ အဲဒီကနေ လွှတ်တော်ကိုယ်စားပြုထဲမှာ ပါလာတဲ့အတွက် ရခိုင်ပါတီရဲ့အရေးပါမှု၊ ဦးဆောင်ပေးနိုင်မှုကို ဒီအချိန်မှာ အသိအမှတ်ပြုရမယ်။ ဒီလို ဦးဆောင်မှုရှိခြင်းကြောင့် ဒီနေ့အထိ ၁၉၉၀ ရွေးကောက်ပွဲကနေ ထွက်လာတဲ့ လွှတ်တော်တို့၊ ပြည်သူ့ကိုယ်စားလှယ်တို့၊ မဲန်းဒိတ်တို့ဆိုတာတွေက ဒီနေ့အထိအသက်ရှင်နေတာ။ ပါတီတရပ်ဟာ မှတ်ပုံတင်ထားမှ၊ မတင်ထားမှရယ် မဟုတ်ဘူး၊ နိုင်ငံရေးစိတ်၊ ဓာဆန္ဒရှိရင် ကိုယ့်ဘာသာကိုယ် ရပ်တည်နိုင်တယ်ဆိုတာကို ဒီအခမ်းအနားတက်ရောက်တဲ့အခါ ခံစားရတယ်"။

To


Voice of Burma

1-507, Horifune Jutaku
Horifune 2-27-1
Kita Ku, Tokyo
Japan. 114 - 0004

Tel/Fax: 81 3-6323-5114
E-mail: sayarkway@yahoo.com
koko@gol.com

၁၉၉၅ ခု အောက်တိုဘာလ မှစတင်၍ အပတ်စဉ်ထုတ်ဝေသည်


AIR MAIL

PRINTED MATTER